စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန

ဈေးကွက်သတင်းဌာနစိတ်

# စိုက်ပျိုးစီးပွားသတင်းလွှာ

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ)

အပတ်စဉ်သတင်းလွှာ အမှတ်စဉ် – ၃၉ မှ ၄၁/၂၀၂၁ ထိအား စုစည်းတင်ပြပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၃၉ / ၂၀၂၁)　　　　　　　　၂၀၂၁ ခုနှစ်၊အောက်တိုဘာလ(၇)ရက်

| ၈-၁၀-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၉၇၃.၈ |
| ယူရို | ၂၂၈၀.၃ |
| စင်္ကာပူဒေါ်လာ | ၁၄၅၃.၅ |
| စတာလင်ပေါင် | ၂၆၈၅.၃ |
| ဂျပန်ယန်း (၁၀၀) | ၁၇၆၂.၉ |
| တရုတ်ယွမ် | ၃၀၆.၁၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၅၃.၅၃ |
| အိန္ဒိယရူပီး | ၂၆.၃၀၇ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၅.၀၇ |
| မလေးရှား ရင်းဂစ် | ၄၇၂.၀၉ |
| ဖိလစ်ပိုင်ပီဆို | ၃၉.၀၆၂ |
| ထိုင်းဘတ် | ၅၈.၂၈၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၇၃ |

ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com

## သတင်းခေါင်းစဉ်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ

- ➢ ပဲမျိုးစုံ ဈေးကွက်တည်ငြိမ်ရေး အင်တာနက်စကြာနိစနစ်ဖြင့် အိန္ဒိယအစိုးရက ကြပ်မတ်ဆောင်ရွက်ခြင်း
- ➢ ဧည့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအတွက် တန်ဖိုးမြှင့်အခွန် (VAT) နှုန်းထားလျှော့ချပေးထားမှုကို ရုပ်သိမ်းသွားမည့် ဘယ်လ်ဂျီယံနိုင်ငံ
- ➢ အီးယူ၏ Farm-to-Fork အစီအစဉ်ကို အကောင်အထည်ဖော်မှု မမှန်ကန်ပါက စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်သည်ဟု စိုက်ပျိုးရေးဆိုင်ရာ ကော်မရှင်နာပြောကြား
- ➢ စပိန်နိုင်ငံ၊ မက်ဒရစ်မြို့၌ ကျင်းပမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာပြပွဲ Fruit Attraction 2021 သို့ ကုမ္ပဏီပေါင်း (၁၂၀၀) ခန့် ပါဝင်ပြသရန် မှတ်ပုံတင်ထား
- ➢ ဘရာဇီးလ်နိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့၏ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှု အခြေ အနေ ။
- ➢ ဘရာဇီးလ်နိုင်ငံတွင် ပြောင်းအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် Mato Grosso ပြည်နယ်အတွင်းသို့ ၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ပြောင်းတင်သွင်းခြင်း

- အထွေထွေသတင်းများ

- ➢ ၂၀၂၂ ခုနှစ်မတိုင်မီ အပြည့်အဝ ပြန်လည်နိုးထနိုင်ဖွယ်မရှိသည့် ဘရပ်ဆဲလ် မြို့၏ ခရီးသွားလုပ်ငန်းကဏ္ဍ
- ➢ ဟောင်ကောင် ကျောက်မျက်ရတနာလုပ်ငန်းအုပ်စု အနေဖြင့် ပြပွဲကျင်းပပြု လုပ်ရာတွင် ယှဉ်ပြိုင်ဘက်ပြပွဲရှိမည်ဖြစ်ကြောင်း

- ဟောင်ကောင် သိပ္ပံနှင့်နည်းပညာ ကျွမ်းကျင်ပညာရှင်များ ဆွဲဆောင်ရန်နှင့် အလုပ်အကိုင် လျှောက်ထားသူများနှင့် ပတ်သက်သည့်အချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ခြင်း
- Huawei ၏ Executive ဖြစ်သူ Ms Meng Wanzhou အား လူစွမ်းကောင်းအဖြစ် ကြိုဆိုခဲ့ကြခြင်း
- ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ကြွေးမြီတင်ရှိနိုင်မှုနှင့် စွန့်စားရမှုနယ်ပယ် အဆင့်တို့နှင့် ပတ်သက်၍ အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း
- ဟိုင်နန်နှင့်အသေးစားFTA က တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုကိုပိုမိုနက်ရှိုင်းစေခြင်း
- ဩဂုတ်လတွင်ပြည်ပပို့ကုန်တင်ပို့မှု ဆက်လက်တိုးတက်သော်လည်းအရှိန်လျော့ကျခဲ့ခြင်း

## ပဲမျိုးစုံ ဈေးကွက်တည်ငြိမ်ရေး အင်တာနက်စကြ်ာနံစနစ်ဖြင့် အိန္ဒိယအစိုးရက ကြပ်မတ်ဆောင်ရွက်ခြင်း

အိန္ဒိယပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသူများ အနေဖြင့် ၎င်းတို့လက်ဝယ်ရှိ ကုန်လက်ကျန်ပမာဏကို အိန္ဒိယစားသုံးသူရေးရာဌာန၏ အင်တာနက်စကြ်ာနံသို့ တင်ပြရလျက်ရှိရာ လုပ်ငန်းရှင်ပေါင်း ၁၁၆၃၅ ဦးထံ၌ ၂၀-၉-၂၀၂၁ နေ့အထိ ပဲမျိုးစုံကုန်ချိန် ၃၀၉၇၆၉၄.၄၂ တန် ကျန်ရှိကြောင်း အိန္ဒိယ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာန ၃၀-၉-၂၀၂၁ နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

အိန္ဒိယစားသုံးသူရေးရာဌာနသည် အရေးကြီး စားသောက်ကုန် ၂၂ မျိုး၏ လက်လီနှင့် လက်ကားဈေးနှုန်းများကို စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်း၊ မူဝါဒပိုင်း စီမံခန့်ခွဲမှုအဖြစ် ကုန်စည်ဈေးနှုန်းတည်ငြိမ်မှုရှိစေရေးအတွက် တရားမဝင်ရောင်းချမှုအား ထိန်းချုပ်ခြင်း၊ ပြည်တွင်း ဈေးကွက်၌ ကုန်စည်များလွယ်ကူစွာရရှိစေရန် ပို့ကုန်၌ ကန့်သတ်လျက် သွင်းကုန်ကိုတိုးမြှင့်ရန် အားပေးလုပ်ဆောင်ခြင်း၊ အရန်စားနပ်ရိက္ခာများ ဖြည့်ဆည်းလျက် ပုံမှန်မဟုတ်သော ဈေးနှုန်း မြင့်တက်မှုများ ဖြစ်ပေါ်ချိန်၌ အချိန်မီဖြန့်ဖြူးပေးခြင်း စသည်တို့ကို လုပ်ဆောင်လျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ပဲမျိုးစုံ၏ ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်ရေးမှာ အဓိကအရေးပါသည့် အလျောက် ပဲမျိုးစုံထုတ်လုပ်ရောင်းဝယ်မှု ကွင်းဆက်၌ ပါဝင်နေသူများအနေဖြင့် ကုန်စည် အချက်အလက်စကြ်ာနံသို့ ဝင်ရောက်၍ ကုန်လက်ကျန်စာရင်းကို ဖော်ပြစေခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းက ကုန်စည်သိုလှောင် ဈေးကစားမှုများအား စောင့်ကြည့်ကြပ်မတ်မှုကို အထောက်အကူပြုကြောင်းဖြင့် အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြပါသည်။

အိန္ဒိယစားသုံးသူရေးရာဌာန၏ အချက်အလက်စကြ်ာနံ https://fcainfoweb.nic.in/psp သို့ မှတ်ပုံတင်စာရင်းသွင်းလျက် ကုန်လက်ကျန်ပမာဏ ဖော်ပြသော လုပ်ငန်းရှင်တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေး အချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိပြီး ထုတ်ဖော်ကြေညာသည့် ပဲမျိုးစုံ ပမာဏ အချက်အလက်များကို ဗဟိုနှင့် ပြည်နယ် အစိုးရအဖွဲ့များအပြင် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင်များက တွေ့မြင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်နယ်အစိုးရများအနေဖြင့် ၎င်းတို့၏ နယ်မြေဒေသအတွင်း မည်သည့် ပဲ အမျိုးအစားက ပြတ်လပ်မှုဖြစ်ပေါ်နိုင်သည်ကို ခန့်မှန်းတွက်ဆမှုပြုလျက် ပြင်ပမှဝယ်ယူတင် သွင်းခွင့်ပြုမည် သို့မဟုတ် အရန်သိုလှောင်ထားရှိမှုမှ ဖြန့်ဖြူးပေးရမည်ကို သုံးသပ်လျက် ကြိုတင် စီမံဆောင်ရွက်နိုင်မည်ဖြစ်သည်။ အလားတူ ဗဟိုအဆင့်၌ အိန္ဒိယစားသုံးသူရေးရာဌာနသည် လည်း နိုင်ငံတစ်ဝန်းရှိ ပဲမျိုးစုံ ကုန်လက်ကျန်အခြေအနေကို ကြည့်ရှုသုံးသပ်လျက် ချက်ချင်း

လက်ငင်း တင်သွင်းစေခြင်း သို့မဟုတ် ပြည်ပတင်ပို့မှုကန့်သတ်ခြင်း သို့မဟုတ် အရန်သိုလှောင်ထားရှိမှ ထုတ်နှုတ်ဖြန့်ဖြူးစေခြင်းကို လိုအပ်ကဲ့သို့ ကြိုတင်စီမံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

Source: Over 11000 stockholders have declared pulses stock on Centre's portal, 30–9–2021, Press Information Bureau of India

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

…………………………………………………………………………………………

## ဧည့်ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအတွက် တန်ဖိုးမြင့်အခွန် (VAT) နှုန်းထား လျှော့ချပေးထားမှုကို ရုပ်သိမ်းသွားမည့် ဘယ်လ်ဂျီယံနိုင်ငံ

ကိုဗစ်–၁၉ ကပ်ရောဂါဆိုင်ရာ lockdowns များကြောင့် စီးပွားရေးအခက်အခဲများ ရင်ဆိုင်ကြုံတွေ့ရသည့် ဘားဆိုင်များ၊ စားသောက်ဆိုင်များကဲ့သို့သော ဧည့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် ခုသာခံသာရှိစေရန် Value–Added Tax (VAT) အထူးနှုန်းထားအဖြစ် (၆) ရာခိုင်နှုန်းသတ်မှတ်ပေးထားမှုကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ အဆုံးသတ်သွားမည်ဖြစ်ကြောင်း ဘယ်လ်ဂျီယံ ဖက်ဒရယ်ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Vincent Van Peteghem က ပြောကြားခဲ့သည်ဟု သိရသည်။

ထိုသို့ VAT နှုန်းထားကို (၆) ရာခိုင်နှုန်း လျှော့ချသတ်မှတ်ပေးထားသဖြင့် ဧည့်ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ယခင်ဈေးနှုန်းအတိုင်းရောင်းချသော်လည်း အစိုးရထံသို့ အခွန်လျှော့၍ပေးဆောင်နိုင်ခြင်းဖြစ်ပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၌ ပုံမှန် VAT နှုန်းထားမှာ လုပ်ငန်းကဏ္ဍအပေါ်မူတည်၍ (၁၂) ရာခိုင်နှုန်းမှ (၂၁) ရာခိုင်နှုန်းအတွင်း ကောက်ခံခြင်းဖြစ်ပါသည်။

အဆိုပါ အခွန်လျှော့ချပေးသည့် အစီအမံသည် အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများ၏ အခက်အခဲများ လျော့ပါးသက်သာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ယင်းအစီအမံကို စက်တင်ဘာလကုန်တွင် အဆုံးသတ်မည်ဟု ရှင်းလင်းစွာဖော်ပြထားပြီးဖြစ်ကြောင်း၊ ကပ်ရောဂါ၏ သက်ရောက်မှုများကို ဖြေရှင်းနိုင်ရေး ဆောင်ရွက်ခဲ့သည့် အခြားသော အထောက်အပံ့အစီအမံများစွာကိုလည်း အဆုံးသတ်ရန် အချိန်ရောက်ရှိလာပြီဖြစ်ကြောင်း၊ ယင်းအစီအမံများကို တစ်ဆင့်ချင်း ရုတ်သိမ်းသွားသင့်ပြီး၊ ယခုနှစ်အကုန်တွင် အပြီးသတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ ဖက်ဒရယ်အစိုးရအနေဖြင့် ယူရို(၃၀)ဘီလျံတန်ဖိုးရှိသည့် ကပ်ရောဂါဆိုင်ရာ အထောက်အကူပြု အစီအမံများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း Vincent Van Peteghem က ပြောကြားခဲ့သည်ဟု သိရပါသည်။

ရင်းမြစ် – (The Brussels Times)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

…………………………………………………………………………………………

## အီးယူ၏ Farm–to–Fork အစီအစဉ်ကို အကောင်အထည်ဖော်မှု မမှန်ကန်ပါက စိုက်ပျိုးရေး ကဏ္ဍထုတ်လုပ်မှုအပေါ် ထိခိုက်နိုင်သည်ဟု စိုက်ပျိုးရေးဆိုင်ရာ ကော်မရှင်နာပြောကြား

အီးယူ၏ ရေရှည်တည်တံ့သော စားသောက်ကုန်နှင့် စိုက်ပျိုးမှုဆိုင်ရာ မဟာဗျူဟာ (Farm –to–Fork Strategy) ကို အကောင်အထည်ဖော်မှု မမှန်ကန်ခဲ့ပါက အီးယူ၏ စားသောက်ကုန် ထုတ်လုပ်နိုင်မှုအဆင့်ကို လျော့ကျသွားစေနိုင်သည်ဟု ဥရောပကော်မရှင်၏ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာ ကော်မရှင်နာဖြစ်သူ Janusz Wojciechowski က ပြောကြားခဲ့ကြောင်း သိရပါသည်။

Farm–to–Fork Strategy ကို နည်းလမ်းမှန်ကန်စွာ အကောင်အထည်ဖော်နိုင်ခြင်း မရှိခဲ့လျှင် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုအပိုင်း၌ ဆုံးရှုံးနိုင်ခြေရှိသော်လည်း ယင်းအန္တရာယ်ကို ရှောင်ရှား နိုင်ရေး ဆောင်ရွက်နေကြောင်း POLITICO's Future of Food and Farming Summit 2021 ၏ အင်တာဗျူး၌ ၎င်းက ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ သို့သော် အီးယူ၏ စိုက်ပျိုးရေး ဆိုင်ရာမဟာဗျူဟာအစီအမံသည် စားနပ်ရိက္ခာဖူလုံမှုအပေါ် ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှု ရှိနိုင်သည် ဟူသည့်အချက်သည် မှန်ကန်ခြင်းမရှိကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

အီးယူရှိ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လယ်ယာကဏ္ဍဆိုင်ရာ လှုံ့ဆော်သူများက လယ်ယာ စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်နိုင်မှုနှင့် လယ်သမားများ၏ဝင်ငွေအပေါ် Farm–to–Fork Strategy အနေဖြင့် မည်သို့သက်ရောက်နိုင်သည်ကို တိတိပပသိရှိရန်အတွက် သိပ္ပံနည်းကျ သက်ရောက်နိုင် ခြေဆန်းစစ်မှု (full impact assessment) လုပ်ဆောင်ရန် တွန်းအားပေးလျက်ရှိကြောင်းလည်း သိရပါသည်။

အဆိုပါ မဟာဗျူဟာတစ်ရပ်လုံးအား ခြုံငုံသုံးသပ်ဆန်းစစ်ခြင်းထက် ယင်းတွင် ပါဝင်သည့် ဥပဒေပိုင်းဆိုင်ရာ အစီအစဉ်တစ်ခုချင်းစီအတွက် သီးခြားသက်ရောက်နိုင်ခြေဆန်းစစ်မှုကို ဥရောပ ကော်မရှင်က ဆောင်ရွက်သွားမည့်အခြေအနေကို Janusz Wojciechowski က ပြောကြားခဲ့ကြောင်း သိရပါသည်။

European Green Deal ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် Farm–to–Fork Strategy အရ အီးယူ၌ စိုက်ပျိုးရေးဓါတုပစ္စည်းသွင်းအားစုများကို လျှော့ချ၍ အော်ဂဲနစ်စိုက်ပျိုးရေးစနစ် ကြီးထွား လာရေးကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်မှုကို ထိခိုက် စေနိုင်ကြောင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကိုပင် ခြိမ်းခြောက်လာနိုင်သည်ဟု အီးယူအတွင်းနှင့် ပြင်ပနိုင်ငံများ၌ ဝေဖန်မှုများရှိနေကြောင်းလည်း သိရပါသည်။

ရင်းမြစ် – (Politico)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

## စပိန်နိုင်ငံ၊ မက်ဒရစ်မြို့၌ ကျင်းပမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာပြပွဲ Fruit Attraction 2021 သို့ ကုမ္ပဏီပေါင်း (၁၂၀၀) ခန့် ပါဝင်ပြသရန် မှတ်ပုံတင်ထား

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့၌ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၇ ရက်အထိ In-person ပုံစံကျင်းပမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဆိုင်ရာပြပွဲ Fruit Attraction 2021 သို့ ပါဝင် ပြသရန်အတွက် စပိန်နိုင်ငံရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သည့် ဒေသများနှင့် နိုင်ငံပေါင်း (၄၀) ခန့်မှ ကုမ္ပဏီပေါင်း (၁၂၀၀) နီးပါးက မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ပါဝင်ပြသမည့် ကုမ္ပဏီအရေအတွက် ထပ်တိုးလာနိုင်ကြောင်းလည်း သိရသည်။

အဆိုပါပြပွဲသည် စပိန်နိုင်ငံ၊ မက်ဒရစ်မြို့ရှိ ပြပွဲများ၊ ခန်းမများ စီစဉ်သည့် လုပ်ငန်း IFEMA MADRID (Fair Institution of Madrid) နှင့် စပိန်နိုင်ငံ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ အပင်နှင့် ပန်းများ ထုတ်လုပ်တင်ပို့သူများအသင်းချုပ် (FEPEX) တို့မှ စီစဉ်ကျင်းပသည့် နိုင်ငံတကာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍဆိုင်ရာ ပြပွဲကြီးတစ်ခုဖြစ်ပါသည်။ ပြပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်သည့် ဝက်ဘ်ဆိုဒ်မှာ https://www.ifema.es/en/ fruit-attraction ဖြစ်ပါသည်။

Fruit Attraction 2021 သည် စပိန်နိုင်ငံ၊ မက်ဒရစ်မြို့အား အရည်အသွေး၊ တီထွင်ဆန်းသစ်မှု၊ မတူကွဲပြားမှုတို့ဖြင့် လတ်ဆတ်ထုတ်ကုန်များ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ကမ္ဘာ့ဗဟိုချက်သဖွယ် ဖြစ်လာစေရန် IFEMA MADRID ၏ ပြခန်းဆောင် (၈) ခု၌ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရပါသည်။

၃၀-၈-၂၀၂၁ ရက်နေ့အထိ Fruit Attraction 2021 သို့ ပါဝင်ပြသရန် အတည်ပြုထားသည့် နိုင်ငံများမှာ အယ်လ်ဘေးနီးယား၊ ဂျာမနီ၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ဘရာဇီးလ်၊ ဘူလ်ဂေးရီးယား၊ ချီလီ၊ ကိုလံဘီယာ၊ အိုင်ဗရီကို့စ်၊ ကော်စတာရီကာ၊ ဒိန်းမတ်၊ အီကွေဒေါ၊ အီဂျစ်၊ ဆလိုဗေးနီးယား၊ စပိန်၊ အမေရိကန်ပြည်ထောင်စု၊ အီသီယိုးပီးယား၊ ပြင်သစ်၊ ဂါနာ၊ ဂရိ၊ အီတလီ၊ ကင်ညာ၊ မာလီ၊ မော်ရိုကို၊ မက္ကဆီကို၊ မော်လ်ဒိုဗာ၊ ပနားမား၊ ပီရူး၊ ပိုလန်၊ ပေါ်တူဂီ၊ ဗြိတိန်၊ ချက်သမ္မတနိုင်ငံ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ ဆီနီဂေါ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူနီးရှား၊ တူရကီနှင့် ယူကရိန်းနိုင်ငံတို့ ဖြစ်ကြကြောင်း သိရပါသည်။

ရင်းမြစ်-(https://www.ifema.es/en/fruit-attraction, https://www.freshfruitportal.com/)
ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး
ဘရပ်ဆဲလ်

## ဘရာဇီးနိုင်ငံနှင့် ပါရာဂွေးနိုင်ငံတို့၏ ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ
## စက်တင်ဘာလကုန်တွင် ပဲပုတ်စေ့တန်ချိန် ၅.၀၄ သန်း တင်ပို့ရန် ဘရာဇီးလ်မျှော်မှန်း

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၅.၀၄ သန်းတင်ပို့နိုင်ရန် မျှော်မှန်းထားပြီး ယခင်နှစ် စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက ၂၈ ရာခိုင်နှုန်း ပိုမိုတိုးတက်နိုင်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ပဲပုတ်စေ့တန်ချိန် ၃.၉၂ သန်းအားတင်ပို့ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ပဲပုတ်စေ့တန်ချိန် ၅.၇၉ သန်းအား တင်ပို့ခဲ့ကြောင်း National Association of Cereal Exporters (Anec)၏ သုတေသနတွေ့ရှိချက်တွင် ဖော်ပြထားပါသည်။

စက်တင်ဘာလ ၁၂ ရက်မှ ၁၈ ရက်နေ့အတွင်း ပဲပုတ်စေ့တန်ချိန် ၉၅၀,၈၀၀ တန်နှင့် စက်တင်ဘာလ ၁၉ ရက်နေ့နှင့် ၂၅ ရက်အတွင်း ပဲပုတ်စေ့တန်ချိန် ၁.၃၁ သန်းတို့အား အသီးသီး တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာလကုန်တွင် စုစုပေါင်းပဲပုတ်စေ့တန်ချိန် ၇၉.၃ သန်းအား တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း National Association of Cereal Exporters (Anec)၏ သတင်းတွင်ဖော်ပြထားပါသည်။

ပဲပုတ်စေ့စားသောက်ကုန်တင်ပို့မှုသည် ယခုနှစ် စက်တင်ဘာလအတွင်း တန်ချိန် ၁.၇၂ သန်း တင်ပို့နိုင်ရန်မျှော်မှန်းထားပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တန်ချိန် ၁.၃၂သန်းအား တင်ပို့ခဲ့ကြောင်း၊ ယခုနှစ် ဩဂုတ်လတွင် ပဲပုတ်စေ့စားသောက်ကုန် တန်ချိန် ၁.၈၂ သန်း တင်ပို့ခဲ့ကြောင်း၊ စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း စားကောက်ကုန်တန်ချိန် ၂၁၃,၇၀၀ တန်အား တင်ပို့ခဲ့ပြီး ယခုအပတ်အတွင်း ၄၃၅,၆၀၀ တန်အား တင်ပို့သွားရန် မျှော်မှန်းထားကြောင်း၊ ယခုနှစ် စက်တင်ဘာလကုန်တွင် စားသောက်ကုန်တန်ချိန် ၁၃.၀၁ သန်းအား တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း အသင်း၏သတင်းတွင် ဖော်ပြထားပါသည်။

### ပါရာဂွေးနိုင်ငံတွင် ပဲပုတ်စေ့စိုက်ပျိုးမှုစတင်

ပါရာဂွေးနိုင်ငံတွင် ၂၀၂၁-၂၀၂၂ ခုနှစ်ရာသီအတွက် ပဲပုတ်စေ့စိုက်ပျိုးမှုစတင်ခဲ့ပြီး စုစုပေါင်းစိုက်ပျိုးမြေ ဟက်တာ ၃.၇ သန်းအထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။ ပဲပုတ်စေ့စိုက်ပျိုးမှုမှ ပဲပုတ်စေ့သီးနှံတန်ချိန် ၁၀ သန်းကျော်ထွက်ရှိရန် မျှော်မှန်းထားပြီး မျှော်မှန်သည့်အတိုင်း ထွက်ရှိပါက ယခုနှစ်အပါအဝင် ၃ နှစ်ဆက်တိုက် ဖြစ်လာမည်ဖြစ်သည်။

ပါရာဂွေးနိုင်ငံတွင် အငယ်စား ပဲပုတ်စေ့စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃,၀၀၀ ရှိပြီး စိုက်ပျိုးမြေဟက်တာ ၈၆၀,၀၀၀ တွင် ပဲပုတ်စေ့သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမှ နိုင်ငံခြားဝင်ငွေ

အမေရိကန်ဒေါ်လာသန်း ၅၀၀ ခန့်ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး Santiago Bertoni ကပြောကြားခဲ့သည်။

ပါရာဂွေးနိုင်ငံတွင် စိုက်ပျိုးသည့် ပဲပုတ်စေ့မျိုးများအား ဘိုလီးဗီးယားနှင့် ဘရာဇီးလ်နိုင်ငံတို့တွင် စိုက်ပျိုးလျက်ရှိပြီး ဥရုဂွေးတိုင်းငံတွင်လည်း မျိုးအဖြစ်စတင်အသုံးပြုရန် စီစဉ်လျက်ရှိကြောင်း၊ ဘရာဇီးလ်နိုင်ငံ အစိုးရလက်အောက်ရှိ National Supply Company (Conab) ၏ စာရင်းများအရ ဘရာဇီးလ်နိုင်ငံမှ နှစ်စဉ် ပဲပုတ်စေ့တန်ချိန် ၁၄၁ သန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပါရာဂွေးနိုင်ငံမှ /ထွက်ရှိသည့် ပဲပုတ်စေ့ပမာဏထက် ၁၄ ဆခန့် ပိုမိုများပြားကြောင်း ဝန်ကြီး Bertoni ပြောကြားခဲ့သည်။

ထို့အပြင် ကမ္ဘာပေါ်တွင် ပဲပုတ်စေ့အများဆုံးထုတ်လုပ်သည့် ဘရာဇီးလ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အာဂျင်တီးနားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ပြီးလျှင် ပါရာဂွေးနိုင်ငံသည် ပဉ္စမမြောက် ပဲပုတ်စေ့အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း ဝန်ကြီး Bertoni ပြောကြားခဲ့သည်။

သတင်းအရင်းအမြစ်–canalural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

………………………………………………………………………………………………

## ဘရာဇီးလ်နိုင်ငံတွင် ပြောင်းအများဆုံးစိုက်ပျိုးထုတ်လုပ်သည့် Mato Grosso ပြည်နယ်အတွင်း သို့ ၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ပြောင်းတင်သွင်း

ဘရာဇီးလ်နိုင်ငံ၏ ပြောင်းအထွက်ကျဆင်းမှုကြောင့် ပြည်ပမှ နှံစားသီးနှံ ဝယ်ယူတင်သွင်းမှုများ မြင့်တက်လျက်ရှိသည်။ ဘရာဇီးလ်နိုင်ငံတွင် ပြောင်းအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် Mato Grosso ပြည်နယ်သည် ၄ နှစ်တာကာလအတွင်း ပထမဆုံး အကြိမ်အဖြစ် ပြည်ပမှ ပြောင်းစေ့များ ဝယ်ယူတင်သွင်းခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ပြောင်းတန်ချိန် ၁.၂ သန်းအား ဝယ်ယူတင်သွင်းခဲ့ပြီး လတ်တလောကာလတွင် ဒုတိယအများဆုံး ဝယ်ယူတင်သွင်းသည့် ပမာဏဖြစ်ကြောင်း၊ ပါရာဂွေးနိုင်ငံမှ အများဆုံးဝယ်ယူ တင်သွင်းခဲ့ပြီး ပြောင်းတန်ချိန် ၈၈၂,၀၀၀ တန်ဝယ်ယူခဲ့ကြောင်း၊ စုစုပေါင်း ပြောင်းတင်သွင်းသည့်ပမာဏ၏ ၇၁.၉ ရာခိုင်နှုန်း

ရှိကြောင်း ဘရားဇီးလ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဌာန(Secretariat of Foreign Trade–Secex) ၏ စာရင်းများတွင် ဖော်ပြထားသည်။

Matro Grosso ပြည်နယ်အတွင်းသို့ တင်သွင်းခဲ့သည့် ပြောင်းတန်ချိန် ၈ တန်သည် ပြည်နယ်မှ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်သည့် ပြောင်းတန်ချိန် ၃၂ သန်းနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးသည့် ပမာဏဖြစ်သော်လည်း လတ်တလော ၄ နှစ်တာကာလအတွင်း ပြည်နယ်အတွင်းသို့ ပထမဆုံးအကြိမ် ပြောင်းတင်သွင်းမှုအဖြစ် မှတ်တမ်းတင်ခဲ့သည်။

ပြောင်းတင်သွင်းသည့်ပမာဏသည် အလွန်နည်းပါးသော်လည်း ဘရာဇီးနိုင်ငံ၏ ပြောင်းအများဆုံးစိုက်ပျိုးထုတ်လုပ် တင်ပို့နေသည့်ပြည်နယ်တွင် မွေးမြူရေးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းမလုံလောက်သည့်လက္ခဏာများအဖြစ် တွေ့မြင်ရကြောင်း၊ Mato–grossensse Institute of Agricultural Economic (Imea) မှ ကြီးကြပ်ရေးမှူး Daniel Latorraca ကပြောကြားခဲ့သည်။

Mato Grosso ပြည်နယ်၏ ပြောင်းစားသုံးမှုသည် ပြည်နယ်တစ်ခုလုံး စိုက်ပျိုး ထွက်ရှိမှု၏ ၃ ပုံ ၁ ပုံခန့်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် သီးနှံကာလတွင် ပြောင်းထွက်ရှိမှုများ ကျဆင်းခဲ့သဖြင့် ပြည်ပမှတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ လာမည့်သီးနှံရာသီချိန်တွင် ပြောင်းတိုးချဲ့စိုက်ပျိုးမည့်အခြေအနေများ ရှိကြောင်း Imea က ခန့်မှန်းပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ပြည်နယ်၏ပြောင်းစားသုံးမှုသည် တန်ချိန် ၁၁ သန်း အထိရောက်ရှိ ရန် ခန့်မှန်းထားပြီး ယခင်နှစ်စားသုံးမှုနှင့်နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း National Union of Corn Ethanol (UNEM)၏ သတင်းတွင်ဖော်ပြထားသည်။

ယခုနှစ်တွင် အာဂျင်တီးနားနိုင်ငံမှ ပြောင်းကုန်ကြမ်းတင်သွင်းမှုကြောင့် အသားထုတ်လုပ်သည့် ဘရာဇီးနိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်း ပြည်နယ်များတွင် အကျိုးကျေးဇူးများရရှိကြောင်း၊ ဈေးကွက်အတွင်းရှိ ပြောင်းကုန်ကြမ်းလိုအပ်ချက် မြင့်မားနေမှုကို ဖြည့်ဆည်းနိုင်သည့်အတွက်ပြောင်း ဈေးနှုန်းများပိုမိုတည်ငြိမ်စေကြောင်း National Union of Corn Ethanol (UNEM)၏ ဥက္ကဋ္ဌ Guilherme Nolasco ကပြောကြားခဲ့သည်။

ကမ္ဘာ့ဈေးကွက်တွင် တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်တက်လျက်ရှိသော်လည်း အဓိက တင်ပို့လျက်ရှိသည့် အမေရိကန်နှင့် ဘရာဇီးလ်နိုင်ငံတို့၏ ပြောင်းတင်ပို့နိုင်မှုမှာ ကျဆင်းလျက်ရှိသည်။ ထို့အပြင် အမေရိကန်ဒေါ်လာငွေတန်ဖိုး မြင့်တက်နေမှုနှင့် ဈေးကွက်အတွင်း ပြောင်း ဝယ်လိုအား မြင့်တက်နေမှုတို့ကြောင့် လာမည့်ပြောင်းစိုက်ပျိုးရာသီတွင် ဘရာဇီးနိုင်ငံ၏ ပြောင်း စိုက်ပျိုး ထုတ်လုပ်မှု ပိုမိုတိုးတက်လာကြောင်း Rural Union of Canarana (MT)မှ ဥက္ကဋ္ဌ Alex Wish က ခန့်မှန်းထားသည်။

မြောက်အမေရိက၊ တောင်အမေရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများ၏ ပြောင်းတင်ပို့ မှုများ ကျင်းခဲ့သဖြင့် ကမ္ဘာ့ပြောင်းဈေးကွက်တွင် ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ အကျိုးဆက် အနေဖြင့် မွေးမြူရေးကဏ္ဍတွင် ပြောင်းကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လျက်ရှိရာ အသားထုတ် လုပ်မှုတွင်လည်း ဈေးနှုန်းများမြင့်တင်လျက်ရှိကြောင်း၊ ထို့ကြောင့် သီးနှံစိုက်ပျိုးရာသီတွင် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများအတွက် နှံစားသီးနှံများပိုမို တိုးချဲ့စိုက်ပျိုးရန် လိုကြောင်း လယ်ယာထွက်ကုန် စီးပွားအကျိုးဆောင်ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ Lucas Costa Beber ကပြောကြားခဲ့သည်။

သတင်းအရင်းအမြစ်– canalural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

..............................................................................................................................................................

## ၂၀၂၂ ခုနှစ်မတိုင်မီ အပြည့်အဝ ပြန်လည်နိုးထနိုင်ဖွယ်မရှိသည့် ဘရပ်ဆဲလ်မြို့၏ ခရီးသွား လုပ်ငန်းကဏ္ဍ

ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့၏ ခရီးသွားကဏ္ဍသည် လာမည့် ၂၀၂၂ ခုနှစ် မတိုင်မီ အကျပ်အတည်းမှ အပြည့်အဝ ပြန်လည်နာလန်ထူလာနိုင်ဖွယ် မရှိကြောင်း ဘရပ်ဆဲလ်ဒေသ အစိုးရ၏ ခရီးသွားနှင့် ယဉ်ကျေးမှုမြှင့်တင်ရေးဆိုင်ရာ (visit.brussels) ၏ စီအီးအိုဖြစ်သူ Patrick Bontinck က ပြောကြားကြောင်းသိရပါသည်။ ဥရောပ၏ နွေရာသီကာလ၌ ခရီးသွားလုပ်ငန်းပိုင်း တိုးတက်မှု လက္ခဏာအချို့ရှိလာခဲ့သော်လည်း ခရီးသွားကဏ္ဍ၏အနာဂတ် မှာ ကပ်ရောဂါမတိုင်မီ ကာလက ရှိခဲ့သည့်ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိမှုအပေါ်တွင် မူတည်နေသည်ဟု ၎င်းက ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းကဏ္ဍာ ပြန်လည်နိုးထရေးအတွက် လေကြောင်းနှင့် ရထားသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးသည် အဓိကအချက်ဖြစ်ကြောင်း၊ လေကြောင်းပို့ဆောင်ရေး ကဏ္ဍာသည် ၂၀၂၃ ခုနှစ် (သို့မဟုတ်) ၂၀၂၄ ခုနှစ်မတိုင်မီတွင် ကပ်ရောဂါမဖြစ်ပွားခင်က အခြေ အနေသို့ ပြန်လည်ရောက်နိုင်ဖွယ်မရှိကြောင်း သိရသည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ မြို့တော်ဘရပ်ဆဲလ်၌ ခရီးသွားလုပ်ငန်း များ ပြန်လည်စတင်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဟိုတယ်အခန်းများငှားရမ်းရမှု (Hotel occupancy) သည် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ၌ (၂၂) ရာခိုင်နှုန်းသာရှိခဲ့ရာမှ ယခုနှစ် ဩဂုတ်လတွင် (၃၃) ရာခိုင် နှုန်းသို့ တက်လာခဲ့ကြောင်း၊ သို့ရာတွင် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက (၄၀) ရာခိုင်နှုန်း လျော့နည်း ခဲ့ကြောင်း သိရပါသည်။

မိုဘိုင်းဖုန်းဒေတာများအရ ဘရပ်ဆဲလ်မြို့၏ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရာတွင် နိုင်ငံခြားသား ခရီးသွားအရေအတွက်မှာ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လနှင့် နှိုင်းယှဉ်လျှင်(၄၀) ရာခိုင်နှုန်း ပိုများခဲ့ကြောင်း၊ နိုင်ငံခြားသား ခရီးသွားအများစုမှာ ပြင်သစ်နိုင်ငံသားများဖြစ်ပြီး၊ ခရီးသွား အများစုမှာ ဘယ်လ်ဂျီယံနိုင်ငံသားများဖြစ်ကြောင်း သိရပါသည်။

ဘရပ်ဆဲလ်မြို့တော်အား စိတ်ဝင်စားမှုဖြင့် ဂူဂဲလ်မှတစ်ဆင့် ရှာဖွေမှုများ ဆက်လက် တိုးတက်နေပြီး၊ ယင်းမှာ ကောင်းမွန်သည့်လက္ခဏာတစ်ရပ်ဖြစ်ကြောင်း၊ အလားတူ ဘရပ်ဆဲလ် မြို့သို့ သွားရောက်မည့် လေယာဉ်ခရီးစဉ်များအား ရှာဖွေမှုသည်လည်း တိုးတက်လျက်ရှိကြောင်း သိရ သည်။ ဥရောပဒေသတစ်ခုလုံးအတွက် ခရီးသွားလုပ်ငန်းကဏ္ဍာဆိုင်ရာ လေ့လာမှုများအရ နိုင်ငံငယ်များရှိ မြို့များသည် ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်း၏ သက်ရောက်မှုကို အများဆုံးခံရကြောင်း၊ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၊ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့နှင့် ဘယ်လ် ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တို့သည် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ခရီးသွား (၄၀) ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့သည် (၅၀) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ပြင်သစ် နိုင်ငံ လိုင်ယွန်မြို့၊ အီတလီနိုင်ငံ မီလန်မြို့နှင့် စပိန်နိုင်ငံ မက်ဒရစ်မြို့ စသည့် မြို့ပြလူနေမှု ကြီးမားသောမြို့ကြီးများသည် (၂၀) ရာခိုင်နှုန်းသာကျဆင်းခဲ့ကြောင်း၊ ယင်း၏ အဓိကအချက်မှာ ပြည်တွင်း ခရီးသွား များပြားခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။

ရင်းမြစ် – (The Brussels Times)

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

…………………………………………………………………………………………….

## ဟောင်ကောင် ကျောက်မျက်ရတနာလုပ်ငန်းအုပ်စု အနေဖြင့် ပြပွဲကျင်းပပြုလုပ်ရာတွင် ယှဉ်ပြိုင်ဘက်ပြပွဲ ရှိမည်ဖြစ်ကြောင်း

ဟောင်ကောင် ကျောက်မျက်ရတနာကုန်သည်များအသင်းက နိုဝင်ဘာလတွင် နှစ်စဉ် ကျင်းပပြုလုပ်မည့် ကျောက်မျက်ပြပွဲနှင့်အပြိုင် ဗြိတိန်ကျောက်မျက်ရတနာကုန်သည်များ မှလည်း နိုဝင်ဘာလတွင် ဟောင်ကောင်၌ အလားတူကျောက်မျက်ပြပွဲကျင်းပပြုလုပ်မည်ဖြစ်ရာ ဟောင်ကောင် ကျောက်မျက်ရတနာကုန်သည်များအသင်း၏ ဝင်ငွေများလျော့ကျနိုင်ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Cheryl Arcibal "Jewellery group sounds warning of rival exhibition" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါ သည်။

အဆိုပါ သတင်းတွင် ပြပွဲနှစ်ခု ကျင်းပပြုလုပ်ခြင်းကြောင့် ပြပွဲသို့ လာရောက်သူအရေ အတွက်ခွဲထွက်သွားနိုင်ကြောင်း ကျောက်မျက်လုပ်ငန်းရှင် အဖွဲ့ဝင် (၄၀၀) ဦးဖြင့် ပါဝင်ဖွဲ့စည်း ထားသော ဟောင်ကောင်ကျောက်မျက်ရတနာ ထုတ်လုပ်သူများအသင်း ( Hong Kong Jewellery Manafacturers'Association –HKJMA) မှ အထွေထွေမန်နေဂျာက ပြောကြားခဲ့ကြောင်း၊ လွန်ခဲ့ သောနှစ်ပေါင်း (၃၀)နှစ်ကတည်းက ဟောင်ကောင် နိုင်ငံတကာကျောက်မျက်ပြပွဲ၏ အဓိက ပြပွဲများကို HKJMA က ကြီးမှူး၍ နှစ်စဉ်နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ယခုနှစ်တွင် HKJMA က ကြီးမှူး၍ နိုဝင်ဘာလ (၂၅) မှ (၂၈) ရက်နေ့အတွင်းလည်းကောင်း၊ ကြီးမားသည့် Informal Market ဖြစ်သည့် ဗြိတိန်နိုင်ငံမှ ကျောက်မျက်ပြသသူများမှ ကြီးမှူး၍ Jewellery and Gem World ကိုနိုဝင်ဘာလ (၁၆) မှ (၁၉) ရက်နေ့အတွင်းလည်းကောင်း အသီးသီး ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် HKJMA က ကြီးမှူး၍ ကျင်းပ ပြုလုပ်မည့် ပြပွဲသို့ ပါဝင်ပြသရန် လျှောက်ထားသူနည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ယခုပြပွဲမှ ရရှိမည့်ဝင်ငွေမှာ ယခင်နှစ်များက ရရှိခဲ့သည့် ဝင်ငွေနှင့် နှိုင်းယှဉ်လျှင် ပြပွဲမှ ဝင်ငွေဟောင်ကောင် ဒေါ်လာ (၂.၅) မီလီယံ၊ ရာခိုင်နှုန်း အားဖြင့် (၂၀) ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း ရေးသား ဖော်ပြထားပါသည်။

၂၀၁၈ ခုနှစ်၊ ဟောင်ကောင်ဒေသ၏ စီးပွားရေးတွင် ကုန်စည်ပြပွဲ ကဏ္ဍမှ ဟောင်ကောင် ဒေါ်လာ (၅၈) ဘီလီယံ ပါဝင်ကြောင်း၊ သို့သော် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုအား ကန့်သတ်ထိန်းချုပ်မှုများကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှ စတင်၍ ကုန်စည်ပြပွဲ ကဏ္ဍမှာ ကြိုးစားရုန်းကန် လုပ်ကိုင်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ပြပွဲနှင့် ကွန်ဖရင့် အစည်းအဝေးများ

(၁၄၀) ကျော်အား ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊၂၀၁၈ ခုနှစ်မှ စတင်၍ Informal မှ ဝယ်ယူခဲ့သည့် ပြပွဲများကြီးမှူးကျင်းပသည့် UBM သည် ယခုနှစ်အတွင်း Jewellery and Gem Asia နှင့် Jewellery Gem World ကျောက်မျက်ပြပွဲတို့အား ဖွန်လနှင့် စက်တင်ဘာလတို့တွင် အသီးသီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အဆိုပါပြပွဲ (၂) ခုမှာ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ခရီးသွားလာမှုများနှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန် ကန့်သတ်ထိန်းချုပ်မှုများကြောင့် ၂၀၂၀ ပြည့်နှစ်က ပယ်ဖျက်ခဲ့ရပြီး ယခုနှစ်တွင် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြပွဲများ ယာယီရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့နှင့် ပတ်သက်၍ ပြောင်းလဲမှုများကို ပြပွဲပြသသူ များအား အကြောင်းကြားရမည်ဖြစ်ကြောင်း၊ ပယ်ဖျက်သည့် ပြပွဲများအတွက် (၆) လအတွင်း အစားထိုး ကျင်းပပြုလုပ်ရမည်ဖြစ်ကြောင်း၊ သို့သော် UBM သည် ပြပွဲများအား ရွှေ့ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းတို့အတွက် ငွေပြန်အမ်းခြင်းမပြုလုပ်ဘဲ HKJMA ကကြီးမှူး၍ ကျောက်မျက်ပြပွဲ ကျင်းပပြုလုပ်မည့် ယခုနှစ် နိုဝင်ဘာလတွင် ကျောက်မျက်ပြပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အကယ်၍ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားမှု ပြီးဆုံးပါက စီးပွားရေးလုပ်ငန်း များအနေဖြင့် ကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန်မလိုအပ်ဘဲ လုပ်ငန်းများချိတ်ဆက်ဆောင်ရွက် နိုင်ပါက ကုန်စည်ပြပွဲများကျင်းပမည့် informal ၏ စီးပွားရေးလုပ်ငန်းစံပြပုံစံငယ်ကို ဂယက်ရိုက်စေနိုင်ကြောင်း၊ သို့သော် informal က ပြောကြားမှု၌ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်မည့်ပြပွဲမှာ ကျောက်မျက်ရတနာလုပ်ငန်းကို ပံ့ပိုးကူညီရန်အတွက်သာ ရည်ရွယ်ထားကြောင်း၊ ဝယ်ယူလိုသူများမှ ၎င်းတို့ထံ ဆက်သွယ်လျက်ရှိသောကြောင့် ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ၎င်းတို့၏ စီးပွားရေးလုပ်ငန်းအတွက် အရေးကြီးသော ကျောက်မျက်ရတနာများရောင်းချနိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိနိုင်ကြောင်း၊ အကယ်၍ Jewellery and Gem World Hong Kong အား နိုင်ငံတကာပြပွဲအနေဖြင့် ပြသနိုင်ခြင်းမရှိပါက အကောင်းဆုံးဖြေရှင်းရန် နည်းလမ်းများ ရှာဖွေရရှိရန် ဝယ်ယူသူများနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

................................................................................................................................................

## သိပ္ပံနှင့်နည်းပညာ ကျွမ်းကျင်ပညာရှင်များ ဆွဲဆောင်ရန်နှင့် အလုပ်အကိုင်လျှောက်ထားသူများနှင့် ပတ်သက်သည့်အချက်အလက်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ခြင်း

တရုတ်နိုင်ငံအနေဖြင့် ကျွမ်းကျင်ပညာရှင်များအားဆွဲဆောင်ရန်ဆောင်ရွက်ခြင်းမှာ နိုင်ငံ၏ သမိုင်းကြောင်း တစ်လျှောက်တွင် စိတ်အားအထက်သန်ဆုံးဖြစ်ကြောင်း တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Eduarodo Baptista က "Xi stresses need to grow talent pool and attract science, tech professionals "ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပတ်သက်၍ (၂) ရက်ကြာ ကျင်းပပြုလုပ်သည့် ကွန်ဖရင့်၌ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က ပြောကြားရာတွင် နည်းပညာပိုင်းတွင် မိမိဘာသာ အားထားနိုင်ရန်နှင့် နိုင်ငံတော်အတွက် အားသစ်လောင်းရန် အရာထမ်းအဆင့် အားလုံးအနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများအသုံးချပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် တိုးချဲ့ဆောင်ရွက်နိုင်စွမ်း ရှိရမည်ဖြစ်ပြီး နိုင်ငံခြားမှကျွမ်းကျင်ပညာရှင်များ တရုတ်နိုင်ငံ၌ လာရောက်လုပ်ကိုင်ရန် ဆွဲဆောင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့သိပ္ပံနှင့် နည်းပညာပိုင်းဆိုင်ရာနှင့် စီးပွားရေးစစ်တလင်း၏ အဓိကနေရာအနေဖြင့် ရှေ့တန်း၌ ရင်ဆိုင်ရပ်တည်နိုင်ရန် ကျွမ်းကျင်ပညာရှင်များဖြင့် စီမံခန့်ခွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိခြင်းမှာ ကျွမ်းကျင် ပညာရှင်များ၏ ယှဉ်ပြိုင်နိုင်စွမ်း ရှိခြင်းကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်နှင့် အားသစ်လောင်းရန်မှာ ကျွမ်းကျင်ပညာရှင်များအပေါ်တွင် မူတည်လျက်ရှိသည်ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ထို့ပြင်ကျွမ်းကျင်ပညာရှင်များဖြစ်သည့် သိပ္ပံပညာရှင်များနှင့် အသိပညာရှင်များအနေဖြင့် နိုင်ငံရေးနှင့် ပတ်သက်၍ မှန်ကန်သော ခံယူချက်အလေ့အထများ ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ မျိုးချစ်စိတ်ရှိပြီး နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နောင်လာမည့် ဆယ်စုနှစ် (၂) ခုအတွင်း တရုတ်နိုင်ငံအား သိပ္ပံနှင့်နည်းပညာပိုင်းတွင် ကမ္ဘာ့အဆင့်မီ ကျွမ်းကျင်ပညာရှင်များဖြင့် ကမ္ဘာတွင် စွမ်းအားကြီးမားသည့် ရှေ့ဆောင်နိုင်ငံဖြစ်လာရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ ၂၀၂၅ ခုနှစ်တွင် သုတေသနဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုအား တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးမြင့်မားသည့် ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းပြီး ဆန်းသစ်တီထွင်မည့် ပညာရှင်များအား ပြည်ပသို့အားမကိုးဘဲ သင်တန်းပေးနိုင်စွမ်း ရှိရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အဆင့်မီ အရည်အချင်းရှိသည့် ကျွမ်းကျင်ပညာရှင်များ

လုပ်ကိုင်ရန် ဆွဲဆောင်နိုင်မှုများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ၂၀၃၅ ခုနှစ်တွင် ကဏ္ဍာ နယ်ပယ် မျိုးစုံ၌ အရည်အချင်းရှိသော ကျွမ်းကျင်ပညာရှင်များ၏ ယှဉ်ပြိုင်မှုများ၏ အကျိုး အမြတ်များ ရရှိမည်ဖြစ်ကြောင်း၊ ပေကျင်း၊ ရှန်ဟိုင်း၊ ဟောင်ကောင်နှင့် မကာအိုအထူး အုပ်ချုပ် ရေးဒေသတို့ ပါဝင်သည့် မဟာပင်လယ်ကွေ့ဒေသအစရှိသည့် အဓိကဒေသ (၃) ခု၌ အရည် အသွေးမြင့်မားသော ကျွမ်းကျင်ပညာရှင်များအား ဆွဲဆောင်ရန် အလေးထား ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် တရုတ်နိုင်ငံတစ်ဝန်းတွင် ကမ္ဘာ့အဆင့်မီ သုတေသန၊ ဓါတ်ခွဲခန်းများနှင့် တီထွင်ဆန်းသစ်မှု ပလက်ဖောင်းများ ဖွံ့ဖြိုးတက်ရန် ဆောင်ရွက်ရမည်ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

.....................................................................................................................................................

## Huawei ၏ Executive ဖြစ်သူ Ms Meng Wanzhou အား လူစွမ်းကောင်းအဖြစ် ကြိုဆိုခဲ့ ကြခြင်း

ကနေဒါနိုင်ငံ၌ (၃) နှစ်ခန့် ထိန်းသိမ်းခံထားရသော Huawei နည်းပညာ ကုမ္ပဏီ၏ Executive ဖြစ်သူ Ms Meng Wanzhou သည် ၂၅-၉-၂၀၂၁ ရက်နေ့တွင် တရုတ်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် Sunaday Morning Post သတင်းစာ၌ “Heor’s Welcome For Meng Wanzhou” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါ သည်။

အဆိုပါ သတင်းဆောင်းပါး၌ Ms Meng Wanzhou က သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံသားများ၏ ဘေးကင်း လုံခြုံမှုနှင့် ပတ်သက်၍ ၎င်း၏အခြေအနေအား သမ္မတရှီကျင့်ဖျင်မှ ထည့်သွင်းစဉ်းစားမှုအပေါ် လည်း နက်ရှိုင်းစွာခံစားရကြောင်း၊ Ms Meng Wanzhou တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိ လာမှုသည် တရုတ်နိုင်ငံအစိုးရ၏ မနားမနေ ကြိုးစားအားထုတ်မှု၏ အကျိုးရလဒ်ဖြစ်ကြောင်း၊ Ms. Meng Wanzhou သည် အမေရိကန်နိုင်ငံ လိမ်လည်မှုဖြစ်စဉ်နှင့် ပတ်သက်၍ ကနေဒါနိုင်ငံ Vancouver ၌ တရားဥပဒေအရ (၃) နှစ်ခန့် ထိန်းသိမ်းခံခဲ့ရပြီး ၂၄-၉-၂၀၂၁ ရက်နေ့တွင် နယူးယောက်မြို့ရှိ အစိုးရရှေ့နေနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

လာခြင်းဖြစ်ကြောင်း၊ Ms.Meng Wanzhou အား တရုတ်နိုင်ငံ၏လူစွမ်းကောင်းအမျိုးသမီးအနေဖြင့် ရေးသားဖော်ပြလျက်ရှိ ကြောင်း ရေးသားဖော်ပြထားပါသည်။

Ms. Meng Wanzhou လွတ်မြောက်လာမှုမှာ တရုတ်နိုင်ငံ၏အင်အားကြီးမှုကို ပြသလျက်ရှိကြောင်း၊ ကနေဒါနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr. Cong Peiwu သည် Vancouver မှ ထွက်ခွာလာသည့် လေယာဉ်၌ Ms. Meng Wanzhou နှင့်အတူ လိုက်ပါခဲ့ကြောင်း၊ ယခုကဲ့သို့ တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာလုပ်ငန်းအပေါ် ဖိအားများပေးခြင်းမှာ တရုတ်နိုင်ငံသားများအား နိုင်ငံရေးအရနှိပ်ကွပ်မှုဖြစ်ကြောင်း သိသာပေါ်လွင်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ထိန်းသိမ်းထားသော ကနေဒါနိုင်ငံသား (၂) ဦးအား တရုတ်နိုင်ငံမှ ပြန်လည်လွှတ်ပေးခဲ့သော်လည်း တရုတ်နိုင်ငံသတင်း မီဒီယာများတွင် ရေးသားဖော်ပြထားခြင်း မရှိကြောင်း၊ သို့သော် ၎င်းတို့ (၂) ဦးမှာ ရာဇဝတ်မှုဖြစ်စဉ်ကြောင့် အရေးယူခံကြရခြင်းဖြစ်ပြီး Ms. Meng Wanzhou ထိန်းသိမ်းခံရခြင်းနှင့် အခြေအနေတူညီမှုမရှိကြောင်း၊ ၎င်းထိန်းသိမ်းခံရခြင်းမှာ နိုင်ငံရေးနှင့် ပတ်သက်ဆက်စပ်လျက်ရှိပြီး ပြန်လည်လွတ်မြောက်လာခြင်းမှာ ပေကျင်း၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

..........................................................................................................................................................

## ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ကြွေးမြီတင်ရှိနိုင်မှုနှင့် စွန့်စားရမှုနယ်ပယ်အဆင့်တို့နှင့် ပတ်သက်၍ အသိပေးအကြောင်းကြားရမည်ဖြစ်ကြောင်း

တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အသုံးပြုသည့် ငွေကြေးမှာ အမေရိကန်ပြည်ထောင်စု (သို့မဟုတ်) အခြားသော အင်အားကြီးနိုင်ငံများထက် ပိုမိုများပြားလျက်ရှိကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် ပတ်သက်၍ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းရန် ကြွေးမြီတင်ရှိနိုင်မှုနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် စွန့်စားရမှု နယ်ပယ်အဆင့်တို့နှင့် ပတ်သက်၍ စိုးရိမ်နိုင်ဖွယ်ရှိသည့် အချက်များကို အသိပေးထားရမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sarah Zheng က “Belt and Road Scheme ‘Must Address Debt and Risk Level ”ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်း၌ ၂၀၁၃ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းသည် (၅) နှစ်တာ ကာလအတွင်းတွင်တစ်နှစ်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ (၈၅.၄)

ဘီလီယံ သုံးစွဲခဲ့ပြီး အမေရိကန်၏ အသုံးစရိတ်မှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၃၇) ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ အဆိုပါ အသုံးစရိတ်မြင့်တက်မှုမှာ နှစ်နိုင်ငံအကြား ငွေကြေးဆိုင်ရာ ကတိကဝတ်နှင့် ပတ်သက်၍ တိုးတက်မှုနှုန်းကွာခြားမှု မြင့်မားခဲ့ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း စတင်မဆောင်ရွက်မီ ဆယ်စုနှစ်က နှစ်နိုင်ငံ၏ အသုံးစရိတ်မှာ အမေရိကန် ဒေါ်လာ (၃၂) ဘီလီယံနှင့် အမေရိကန်ဒေါ်လာ (၃၄) ဘီလီယံ အသီးသီးဖြစ်ကြောင်း၊ နိုင်ငံခြား ငွေကြေး အများအပြားတင်သွင်းခြင်း၊ စက်ရုံများမှ ထုတ်လုပ်မှုများမြင့်မားခြင်းနှင့် တရုတ်နိုင်ငံ၌ အရင်းအမြစ်များ လုံလောက်သောအရေအတွက် မရှိခြင်းကြောင့် နိုင်ငံ၏ အရင်းအမြစ်များ အာမခံချက် သေချာမှုရှိရန်လိုအပ်ခြင်း အစရှိသည့် တရုတ်နိုင်ငံ၏ ပြည်တွင်းစိန်ခေါ်မှုများကြောင့် ပေကျင်း၏ နိုင်ငံတကာငွေချေးငှားမှု အစီအစဉ်မှာ ပမာဏမြင့်တက်ခဲ့ကြောင်း ရေးသားဖော်ပြ ထားပါသည်။

အခြေခံအဆောက်အအုံများနှင့် ကုန်သွယ်မှုဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကြွေးမြီဝန်ထုပ်ဝန်ပိုးများ ဖြစ်နိုင်သည်ကို တရုတ်နိုင်ငံအနေ ဖြင့် ၎င်း၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သည့်နိုင်ငံများအား အသိပေးထားသင့် ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမှာ ပြည်ပမှ အရင်းအမြစ်များရရှိရန် သေချာမှုရှိသော တရုတ်နိုင်ငံ သမ္မတရှီကျင့်ဖျင်၏ အဓိကစီမံကိန်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းကြောင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကြွေးမြီအများအပြားတင်ရှိမည်ကို အနောက်နိုင်ငံများမှ စိုးရိမ်လျက်ရှိကြောင်း၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတို့သို့ လွှမ်းမိုးနိုင်ရန် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းများအား တိုးချဲ့ဆောင်ရွက်ရန် ပေကျင်းအား ခွင့်ပြုထားကြောင်း၊ (၁၈) နှစ် တာကာလအတွင်း ဆောင်ရွက်ရန် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (၁၃,၂၄၇) ခုရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၈၄၃) ဘီလီယံရှိကြောင်း၊ AidData report အရ တရုတ် နိုင်ငံအနေဖြင့် ငွေကြေးပံ့ပိုးရန် အကူအညီပေးခြင်းထက် ကြွေးမြီချေးငှားပေးမှုအပေါ် အဓိက အားထားသည်ကို တွေ့ရှိရကြောင်း၊ ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတစ်လျှောက်ရှိ နိုင်ငံများတွင် ကြွေးမြီဝန်ထုပ်ဝန်ပိုး ပိုမိုများပြားသည်ကို တွေ့ရှိရကြောင်း၊ စီမံကိန်းတွင် ပါဝင်သည့် (၄၄) နိုင်ငံ တွင် ၎င်းတို့ဂျီဒီပီ၏ (၁၀) ရာခိုင်နှုန်းကျော်မှာ တရုတ်နိုင်ငံအစိုးရ၏ ကြွေးမြီဆပ်ပေးရန်ရှိကြောင်း၊ အဆိုပါနိုင်ငံများတွင် လာအိုနိုင်ငံမှာ ထိပ်ဆုံးတွင်ပါဝင်ပြီး Sovergin debt exposure တွင် ဂျီဒီပီ ၏ (၂၉.၄) ရာခိုင်နှုန်းနှင့် hidden exposure တွင် ဂျီဒီပီ၏ (၃၅.၄) ရာခိုင်နှုန်း အသီးသီးဖြစ် ကြောင်း၊ သီရိလင်္ကာ၊ ကင်ညာ၊ အီသီယိုးပီးယား၊ ဗင်နီဇွဲလား၊ Dijibouti ၊ ကမ္ဘောဒီးယား၊ မွန်ဂို လီးယားနှင့် ဘီလာရုစ် အစရှိသည့် နိုင်ငံများသည်လည်း တရုတ်နိုင်ငံ၏ ကြွေးမြီပေးချေရန် မြင့် မားသည့် နိုင်ငံများတွင်ပါဝင်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်သော စီမံကိန်းများ အကောင်အထည်ဖော်ရန် (၁၀၄၇) ရက်ကြာမြင့်ပြီး ၎င်းစီမံကိန်းတွင်မပါဝင်သည့် ပေကျင်း၏

ငွေကြေးစီမံကိန်းအား အကောင်အထည်ဖော်ရန် (၇၇၁) ရက်သာ ကြာမြင့်ကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမတိုင်မီ ကာလကထက် စီမံကိန်းကာလအတွင်းတွင် စီမံကိန်းများ ယာယီရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်လာကြကြောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအား ကာလကြာရှည် ပွံ့ပိုးထောက်ပံ့ ကူညီနိုင်ရန် ပေကျင်းအနေဖြင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အိမ်ရှင်နိုင်ငံများအား စီမံကိန်းနှင့် ပတ်သက်သည့် စိုးရိမ်ဖွယ်ရှိနိုင်သည့် အချက်အလက်များနှင့် ပတ်သက် ၍ အသိပေးထားသင့်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်

........................................................................................................................................

## ဟိုင်နန်နှင့်အသေးစားFTA က တရုတ်နိုင်ငံနှင့်ကုန်သွယ်မှုကို ပိုမိုနက်ရှိုင်းစေခြင်း

ဩဂုတ်လနှောင်းပိုင်းတွင် ဟိုင်နန်နှင့် လက်မှတ်ရေးထိုးခဲ့သော အသေးစားလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် (Mini-FTAs) များမှတစ်ဆင့် တရုတ်နိုင်ငံနှင့် မိတ်ဖက်ဆက်ဆံမှုများ ပိုမိုနက်ရှိုင်းလာပြီး ထိုင်းအစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးအလားအလာနှင့် ပတ်သက်၍ တက်ကြွပျော်ရွှင်လျှက် ရှိနေကြောင်း ၊ ထိုင်းအရာရှိများအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတိုးမြှင့်နိုင်ရန်အတွက် တရုတ်နိုင်ငံရှိအခြားသော ပြည်နယ်များနှင့် အလားတူ လက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျှက်ရှိနေကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျူရင်က တရုတ်နိုင်ငံ၏ ပြည်နယ်များနှင့် ပထမဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်အရ ဝန်ကြီးဌာန အနေဖြင့် ၂၀၂၁ ခုနှစ် နှောင်းပိုင်းတွင် ထိုင်းနိုင်ငံနှင့် ဟိုင်နန်တို့အကြား အွန်လိုင်းစီးပွားရေး တွေ့ဆုံပွဲများကို ဆောင်ရွက်သွားရန် စီစဉ်လျှက်ရှိနေကြောင်း ပြောကြားခဲ့ပါသည်။ နောက်နှစ်တွင် ဝန်ကြီးဌာနအနေဖြင့် Hainan Expo ကုန်စည်ပြပွဲတွင် ဒုတိယမြောက်နှစ်အဖြစ် ကမ္ဘာ့အဆင့်မီ ထိုင်းကုန်ပစ္စည်းများအား ပြသနိုင်ရန် စီစဉ်လျှက်ရှိနေကြောင်း၊ ထိုင်းMassage ၊ Spaနှင့် ထိုင်း အလှကုန်ပစ္စည်းများ၊ ဆေးဘက်ဝင်ထုတ်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို အဓိက အာရုံစိုက်၍ ကုန်စည်ပြပွဲတစ်ခုအနေဖြင့် ပြသသွားမည် ဖြစ်ကြောင်းသိရှိရပါသည်.

တရုတ်အစိုးရအနေဖြင့် ဟိုင်နန်ကို လွတ်လပ်သောကုန်သွယ်ရေး ဆိပ်ကမ်းအဖြစ် ကြေငြာခဲ့ကြောင်း၊ တရုန်နိုင်ငံ၏ Belt and Road Initiate စီမံကိန်းတစ်လျှောက်ရှိ နိုင်ငံများနှင့်

ချိတ်ဆက်ကာ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး တွန်းအားပေးခဲ့ကြောင်း သိရှိရပါသည်။ ဟိုင်နန်မှာ တရုတ်ပြည်တောင်ပိုင်းရှိ သေးငယ်သောပြည်နယ်လေးတစ်ခု ဖြစ်ကာ ကွမ်တုံ- ဟောင်ကောင်-မကာအို (Greater Bay Area) ကို ပိုးလမ်းမ ( Maritime Silk Road) တစ်လျှောက် အရှေ့တောင်အာရှနှင့် ချိတ်ဆက်ပေးထားသော မဟာဗျူဟာကျသည့် အချက်အချာ နေရာတစ်ခုဖြစ်ပါသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း ထိုင်းနိုင်ငံနှင့် ဟိုင်နန်တို့အကြား နှစ်ဘက်ကုန်သွယ်မှုမှာ ဘတ်ငွေ (၃.၆၂) ဘီလီယံအထိ မြင့်တက်ခဲ့ပြီး ပို့ကုန်တင်ပို့မှုမှာ ဘတ်ငွေ (၂.၄၈) ဘီလီယံနှင့် သွင်းကုန်တင်သွင်းမှုမှာ ဘတ်ငွေ (၁.၁၄) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။ ဝန်ကြီးဌာနအနေဖြင့် မွတ်ဆလင်အများစုနေထိုင်သည့် မြောက်ပိုင်း Gansu ကဲ့သို့သော ပြည်နယ်များနှင့် Mini-FTA များ လက်မှတ်ရေးထိုးလိုပြီး ၎င်းမှာ ထိုင်းဟာလာထုတ်ကုန်များနှင့် ကိုက်ညီလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ မိတ်ဖက်ပြုမှု သဘောတူညီချက်အရ ထိုင်းနှင့် ဟိုင်နန်တို့ပူးပေါင်းမှုသည် အဓိက မဏ္ဍိုင်ကြီး (၅) ခုကို လွှမ်းခြုံထားကြောင်း၊ ၎င်းတို့တွင် သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ခြင်း၊ SMEs များအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကိုယ်စားလှယ်ရုံး ထူထောင်ရေးများ ကဲ့သို့သော အထောက်အပံ့ပေးရေးအစီအမံများ၊ SMEs များ၏ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးအဆက်အသွယ်များ ချိတ်ဆက်မြှင့်တင်ခြင်း၊ တီထွင်ဆန်းသစ်မှုနှင့် ဆန်းသစ်တီထွင်မှုများ မြှင့်တင်ခြင်း၊ တတိယဈေးကွက်တွင် အခွင့်အလမ်းများချဲ့ထွင် ဆောင်ရွက်ခြင်း၊ ဆွေးနွေးပွဲများ၊ ကုန်စည်ပြပွဲများ၊ စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ၊ ကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့များဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့ အဆင်ပြေစေခြင်း၊ စိုက်ပျိုးရေး၊ အစားအစာနှင့် စက်မှုထုတ်ကုန်များအတွက် ကုန်သွယ်မှုပမာဏတိုးချဲ့ခြင်း၊ E-commerce နှင့် အွန်လိုင်း စီးပွားရေးမြှင့်တင်ခြင်းတို့ဖြစ်ကြောင်း သိရှိရပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………………………………

## ဩဂုတ်လတွင်ပြည်ပပို့ကုန်တင်ပို့မှု ဆက်လက်တိုးတက်သော်လည်း အရှိန်လျော့ကျခဲ့ခြင်း

ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်များအပေါ် အစိုးရ၏ တင်းကြပ်သော တားမြစ်ကန့်သတ်ချက်များကြောင့် ဩဂုတ်လတွင် ပြည်ပပို့ကုန်တင်ပို့မှုသည် ယခင်လကထက် နှေးကွေးခဲ့ကြောင်း သိရှိရပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၂၄-၉-၂၀၂၁) ရက်နေ့တွင် အကောက်ခွန်ရှင်းလင်းပြီး ပြည်ပပို့ကုန်တင်ပို့မှုသည် ဩဂုတ်လတွင်နှစ်အလိုက်၌ (၈.၃၉%) မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၂) ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၄၇.၉%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၃.၂) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ (၁.၂၂) ဘီလီယံရှိခဲ့ကြောင်း သိရှိရပါသည်။

ဖေဖော်ဝါရီလတွင် ပို့ကုန် (၂.၅၉%) ကျဆင်းခဲ့ပြီးသည့်နောက်၊ မတ်လတွင် (၈.၄၇%)၊ ဧပြီတွင် (၁၃.၁%)၊ မေလတွင် (၄၁.၆%) နှင့် ဇွန်လတွင် (၄၃.၈%)၊ ဇူလိုင်လတွင် (၂၀.၃%) တို့ဖြင့် အသီးသီးတိုးတက်ခဲ့ပြီး နောက် ဩဂုတ်လတွင် (၆) လမြောက် ဆက်တိုက်အဖြစ် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ရွှေ၊ ရေနံနှင့် ဆက်စပ်ထုတ်ကုန်များ၊ လက်နက်များမပါဝင်ဘဲ အမှန်တစ်ကယ် တင်ပို့ခဲ့သောပို့ကုန်များအနေဖြင့် ယခင်နှစ်ကာလတူထက် ဩဂုတ်လတွင် ဆက်လက်၍ (၁၉.၄%) မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမ (၈) လအတွက် ပြည်ပပို့ကုန်တင်ပို့မှုမှာ (၁၅.၃%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၁၇၇) ဘီလီယံရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၃၁%) တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ (၁၇၆) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၁.၄၁) ဘီလီယံ ရှိခဲ့ကြောင်းသိရှိရပါသည်။

ဩဂုတ်လတွင် တိုးတက်တင်ပို့ခဲ့သောပို့ကုန်များတွင် ရာဘာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ စားအုန်းဆီ၊ ပီလောပီနံထုတ်ကုန်များ၊ ဆန်၊ တိရစ္ဆာန်အစာနှင့် သကြား အစရှိသော လယ်ယာစိုက်ပျိုးရေးနှင့် အစားအစာထုတ်ကုန်များ၊ အိမ်မှနေရင်းအလုပ်လုပ်သောထုတ်ကုန်များ၊ ကွန်ပျူတာများ၊ တယ်လီဖုန်းနှင့် အစိတ်အပိုင်းများ၊ မိုက်ကရိုဝေ့ခ်မီးဖို၊ ဖက်စ်၊ ရေဒီယိုနှင့် တယ်လီဗေးရှင်းဖမ်းစက်များနှင့် အစိတ်အပိုင်းများ၊ ဆေးဘက်ဆိုင်ရာ ကရိယာပစ္စည်းများ၊ ဆေးဝါးထုတ်ကုန်များနှင့် ရာဘာလက်အိတ်များကဲ့သို့သော Covid-19 ဆိုင်ရာ ဆက်စပ်ပစ္စည်းများတို့ဖြစ်ကြပါသည်။

အခြားသော အကျိုးအမြတ်ရရှိခဲ့သည့် ထုတ်ကုန်များတွင် စတီးနှင့် စတီးထုတ်ကုန်များကဲ့သို့သော ထုတ်လုပ်မှုကဏ္ဍနှင့် ဆက်စပ်သည့်ထုတ်ကုန်များ၊ ဓါတုဗေဒပစ္စည်းများ၊ ပလပ်စတစ်

ကော်ဇော့များ၊ ရာဘာထုတ်ကုန်များ၊ အီလက်ထရောနစ် ပေါင်းစပ်ဆားကစ်များ၊ စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ၊ မော်တော်ကားနှင့် အစိတ်အပိုင်းများကဲ့သို့သော ဇိမ်ခံပစ္စည်းများ၊ ရွှေမပါဝင်သည့် ကျောက်မျက်နှင့် လက်ဝတ်ရတနာများတို့ ဖြစ်ကြပါသည်။

ဝန်ကြီးဌာန၏ စာရင်းများအရလယ်ယာနှင့် စက်မှုလယ်ယာ ထုတ်ကုန်များ၏ ပြည်ပတင်ပို့မှုသည် (၉) လမြောက် ဆက်တိုက်အဖြစ်တိုးတက်ခဲ့ကြောင်း ၊ ဩဂုတ်လတွင်နှစ် အလိုက်၌ (၂၄.၃%) တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၃.၈၈) ဘီလီယံရရှိခဲ့ကြောင်း၊ ၎င်းတို့တွင် ရာဘာ (+၉၈.၈%) ဖြင့် ဦးဆောင်နေကြောင်း၊ လတ်ဆတ်၊ အေးခဲ၊ စည်သွပ်နှင့် ပြုပြင်ထားသော ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများမှာ (+၈၄.၈%) ဖြစ်ကြောင်း၊ စားအုန်းဆီ (+၅၁%)၊ ပီလောပီနံထုတ်ကုန် (+၄၈.၄%)၊ ဆန် (+၂၅.၄%)၊ တိရစ္ဆာန်အစာ (+၁၇.၃%) နှင့် သကြား (+၅.၅%) တို့ဖြစ်ကြောင်းသိရှိရပါသည်။

စက်မှုထုတ်ကုန် ပြည်ပတင်ပို့မှုမှာလည်း ခြောက်လမြောက် ဆက်တိုက်အဖြစ် ဆက်လက်၍ တိုးတက်ခဲ့ကြောင်း၊ ဩဂုတ်လတွင် တိုးတက်မှု (၃.၃%) ရှိပြီး အမေရိကန် ဒေါ်လာ (၁၇.၁) ဘီလီယံ ရှိကြောင်း၊ အဓိကအများဆုံးတင်ပို့မှုတွင် ရေနံနှင့် ဆက်စပ်ထုတ်ကုန်များ (+၆၈.၃%)၊ မော်တော်ကားနှင့် စက်ပစ္စည်းများနှင့် အစိတ်အပိုင်းများ (+၄၄.၃%)၊ ကွန်ပျူတာ၊ စက်ပစ္စည်းနှင့် အစိတ်အပိုင်းများ (+၁၀.၅%)၊ သံ၊ သံမဏိနှင့် ဆက်စပ်ထုတ်ကုန်များ (+၆၀.၃%)၊ ရွှေမပါဝင်သော ကျောက်မျက်နှင့် လက်ဝတ်ရတနာများ (+၃၅.၇%) တို့ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးမစ္စတာဂျူရင်က ဩဂုတ် လတွင် ပြည်ပပို့ကုန်တင်ပို့မှု နှေးကွေးခဲ့ရခြင်းမှာ အစိုးရ၏ တင်းကြပ်သောပိတ်ဆို့တားဆီးမှု အစီအမံများကြောင့် တိုင်းပြည်၏ ကုန်စည်ပို့ဆောင်ရေးစနစ်များကို ထိခိုက်စေခဲ့ရပြီး အချို့သောစက်ရုံများကို ပိတ်လိုက်ရကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးမစ္စတာဂျူရင်က စက်တင်ဘာလတွင် တိုးတက်မှုမှာဆက်လက်၍ နှေးကွေးနေမည်ဟု မျှော်လင့်ရကြောင်း၊ သို့ရာတွင်၎င်းအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ပြည်ပပို့ကုန်တင်ပို့မှုအနေဖြင့် ဂဏန်းနှစ်လုံး တိုးတက်မှုရရှိလိမ့်မည်ဟု မျှော်မှန်း ကြောင်း၊ ကမ္ဘာ့ဝယ်လိုအားတိုးတက်လာမှု၊ ဘတ်ငွေတန်ဖိုးကျဆင်းမှု၊ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိက တို့၏ ပြည်ပပို့ကုန် မြှင့်တင်ရေးတက်ကြွစွာ ဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့ ပါသည်။

ထိုင်းအမျိုးသားပို့ဆောင်ရေးကောင်စီ၏ ဥက္ကဋ္ဌ Chaichan Chareonsukက ယခုနှစ်ပထမ (၈) လအတွက် ပြည်ပပို့ကုန်တင်ပို့မှုရလဒ်များကြောင့် ကောင်စီအနေဖြင့် ယခုနှစ်အတွက် ပြည်ပပို့ကုန်တိုးတက်မှု (၁၂%) ရရှိရန် အလားအလာရှိနေကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင်

ကုန်တင်ခနှုန်းမြင့်မားခြင်း၊ အမေရိကန်နှင့် ဥရောလမ်းကြောင်းများသို့ပို့ဆောင်ရာတွင် Shipping space မလုံလောက်မှု၊ အီလက်ထရောနစ်နှင့် မော်တော်ကားများအတွက် Chips များ မလုံလောက်မှု စသည့်အန္တရာယ်ရှိသော အချက်အလက်များရှိနေသေးကြောင်း၊ ပို၍အရေးကြီးသည်မှာ Covid–19 ကူးစက်မှုမှာ စက်ရုံများတွင်လည်းဖြစ်နေခြင်းဟု ၎င်းက ပြောကြားခဲ့ပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး)

ဗန်ကောက်မြို့

………………………………………………………………………………………………..

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၀ / ၂၀၂၁) ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်

| ၁၅-၁၀-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၈၃၀.၄ |
| ယူရို | ၂၁၂၄.၁ |
| စင်္ကာပူဒေါ်လာ | ၁၃၅၇.၈ |
| စတာလင်ပေါင် | ၂၅၁၂.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၆၀၁.၉ |
| တရုတ်ယွမ် | ၂၈၄.၆၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၃၅.၂၆ |
| အိန္ဒိယရူပီး | ၂၄.၄၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၄.၈ |
| မလေးရှား ရင်းဂစ် | ၄၄၀.၁၆ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၀၄၆ |
| ထိုင်းဘတ် | ၅၅.၀၀၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၀၄၂ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ
  - ➢ အမျိုးသားအဆင့် သိုးအုပ်စုဆောင်းမှု သန်း ၇၀ ကျော်ရောက်ရှိရန် မျှော်မှန်း
  - ➢ ဩစတြေးလျကျွဲဝယ်လိုအားမြင့်တက်
  - ➢ ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှု ၄.၃ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်းခန့်မှန်း
  - ➢ အိန္ဒိယနိုင်ငံတွင် ၂၀၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စပါးနှင့် ပဲမျိုးစုံ ဧရိယာတိုးချဲ့စိုက်ပျိုးခဲ့ခြင်း
  - ➢ အိန္ဒိယနိုင်ငံ၌ ပိုလျှံမှုရှိသည့် သကြား၊ ဆန်နှင့်ပြောင်းတို့မှ အီသနော လောင်စာထုတ်လုပ်မည်
  - ➢ အိန္ဒိယနိုင်ငံ၌ စားသုံးဆီနှင့် ဆီထွက်သီးနှံ သိုလှောင်နိုင်မှု ပမာဏ ကန့်သတ်ခြင်း
- အထွေထွေသတင်းများ
  - ➢ ဩစတြေးလျနိုင်ငံက ကမ္ဘာ့အကြီးဆုံးအစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုနေရာဖြစ်လာ
  - ➢ ကုန်စည်ပြပွဲများကျင်းပမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ ကန့်သတ်ဆောင်ရွက်မှု
  - ➢ Corps Touristique eV (CT) အဖွဲ့အစည်း၏ တွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ခြင်း
  - ➢ သဘော်တင်ပို့သူများအနေဖြင့် ပြည်ပပို့ကုန်တိုးတက်မှု(၁၂%)ရရှိမည် ခန့်မှန်း

- စီးပွားရေးလုပ်ငန်းသုံးယာဉ်များအတွက် ဟိုက်ဒရိုဂျင်လောင်စာအသုံးပြုရန် စီစဉ်ထားခြင်း

- အခွန်ဥပဒေပြုပြင်ပြောင်းလဲပြီးနောက် ဖွဲ့စည်းပုံများ ပြန်လည်စမ်းစစ်ရန် ဟောင်ကောင် လုပ်ငန်းများအား ပြောကြားခဲ့ခြင်း

- ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှု နှုန်းထားများ မြင့်မားလာမှုကြောင့် ပို့ကုန် တင်ပို့သူများအား ထိခိုက်လျက်ရှိခြင်း

- ထိုင်းနိုင်ငံ၏လူနေမှုဘဝပုံစံထုတ်ကုန်များပြည်ပတင်ပို့မှုတိုးတက်ခြင်း

- နိုင်ငံခြားသားများအတွက်အခွန်ငွေဖြတ်တောက်ရန်စဉ်းစားနေခြင်း

- အောက်တိုဘာလ၏ ပထမရက်သတ္တပတ် ၂ ပတ်အတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် အမေရိ ကန်ဒေါ်လာ ၁.၉ ဘီလီယံ ကုန်သွယ်မှုပိုငွေပြ

## အမျိုးသားအဆင့် သိုးအုပ်စုဆောင်းမှု သန်း ၇၀ ကျော်ရောက်ရှိရန် မျှော်မှန်း

အဓိကသိုးထုတ်လုပ်သောဒေသများရှိ စိုစွတ်သော နွေဦးရာသီကြောင့် ယခုနှစ်တွင် အမျိုးသားအဆင့် သိုးအုပ်စုဆောင်းမှုမှာ သန်း ၇၀ ကျော် ရောက်ရှိရန် ခန့်မှန်းထားကြောင်း ဩစတြေးလျ အသားနှင့် မွေးမြူရေးအသင်း (Meat & Livestock Australia-MLA) ၏ ထုတ်ပြန် ချက်အရ သိရှိရပါသည်။ ၁၉၇၀ ခုနှစ်က အမြင့်ဆုံးဖြစ်သည့် သန်း ၁၈၀ မှ ၂၀၀၉-၂၀၂၁ ခုနှစ် တွင် ၆၈ သန်းသို့ ရောက်ရှိခဲ့ပြီး၊ ယင်းမှာ ၁၉၀၅ ခုနှစ်ကတည်းမှစတင်၍ အငယ်ဆုံး အုပ်စုအရွယ်အစား ဖြစ်ကြောင်း သိရှိရပါသည်။

လာမည့်နှစ်များအတွင်းလည်း သိုးအုပ်စုအရွယ်အစား ပိုမိုကြီးမားလာရန် မျှော်မှန်းထားပြီး၊ ၂၀၂၃ ခုနှစ်တွင် ကောင်ရေ ၇၆ သန်းကျော်အထိ ရောက်ရှိနိုင်ကြောင်း မျှော်မှန်းထားပါသည်။ MLA ၏ ဈေးကွက်သတင်းအချက်အလက်များအရ အရှေ့ပိုင်းပြည်နယ်များသည် ယခုကဲ့သို့ တိုးတက်ရခြင်း၏ အဓိကမောင်းနှင်အားဖြစ်ပြီး၊ ရာသီဥတုကောင်းမွန်မှုကလည်း အဓိကပံ့ပိုးမှု တစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။

မွေးမြူသူများ၏ ထိန်းသိမ်းထားရှိမှုနှင့် ထုတ်လုပ်သူများက ကောင်းမွန်သော ရာသီဥတုကို အသုံးချ ၍ သိုလှောင်မှုနှုန်း မြင့်တင်ခြင်းဖြင့် အမျိုးသားအဆင့် သိုးအုပ်စုပြန်လည် တည်ဆောက်ရေး အရှိန်သည် ကနဦးမျှော်မှန်းထားသည်ထက်ပိုမို မြန်ဆန်လာခြင်းဖြစ်ပါသည်။

ယခုရာသီတွင် အပြုသဘောဆောင်သည့် သက်ရောက်မှုအနေဖြင့် သိုးအကောင်ဖြတ်ပိုင်းများအတွက် အလေးချိန် ၂၄.၈ ကီလိုဂရမ်နှင့် သိုးငယ်အကောင်ဖြတ်ပိုင်းများအတွက် အလေးချိန် ၂၅.၆ ကီလိုဂရမ်အထိ တိုးမြင့်ရရှိနိုင်ရန် မျှော်မှန်းထားသည့်အပြင် သိုးသတ်ဖြတ်မှုကိုလည်း ၃% မြင့်တက်ရန် မျှော်မှန်းထားရာ ထုတ်လုပ်မှုကဏ္ဍအတွက် အလားအလာကောင်းများ ဖြစ်ပေါ်စေပါသည်။

လက်ရှိတွင် ဗစ်တိုးရီးယားပြည်နယ်၌ ကိုဗစ်ကူးစက်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ကြောင့်ထုတ်လုပ်မှုတွင် အကန့်အသတ်များဖြစ်ပေါ်နေပြီး၊ အရှေ့အလယ်ပိုင်းအပါအဝင် အဓိကကမ္ဘာ့ဈေးကွက်များတွင်လည်း ကိုဗစ်-၁၉ ကြောင့်အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့သော် မွေးမြူသူများနှင့် ပို့ကုန်ဝယ်လိုအားတို့ကြောင့် ကျန်ရှိသည့်နှစ်နှင့် လာမည့်နှစ်များအတွင်း သိုးဈေးနှုန်းများ မြင့်တက်ရန် မျှော်မှန်းထားကြောင်းသိရှိရပါသည်။

Source: www.farmeronline.com.au

ရှင်စောသူ၊ စီးပွားရေးသံမှူး
ကင်ဘာရာ

..........................................................................................................

## ဩစတြေးလျကျွဲဝယ်လိုအားမြင့်တက်

ကျွဲအရှင်တင်ပို့မှုနှင့် ပေါ်ထွန်းလာသော တီထွင်ဆန်းသစ်သည့် ဈေးကွက်အခွင့်အလမ်းများကြောင့် ဩစတြေးလျကျွဲဝယ်လိုအား မြင့်တက်လာကြောင်းသိရှိရပါသည်။ ဩစတြေးလျမြောက်ပိုင်းနယ်မြေ ကျွဲထုတ်လုပ်မှု လုပ်ငန်းကောင်စီ၏ ပြောကြားချက်အရ အရှေ့တောင်အာရှနိုင်ငံများအနက် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့၏ ကျွဲအရှင်တင်ပို့မှု ဈေးကွက်ကြီးများအဖြစ် ခိုင်မာစွာ ရပ်တည်လျက်ရှိပြီး၊ ၄၀၀ ကီလိုဂရမ်အောက်ရှိ ကျွဲများအတွက် ပို့ကုန်အရှင် ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၂၂၀ ဆင့်သို့ ရောက်ရှိခဲ့ပါသည်။ နွားတစ်ကောင်၏ ထက်ဝက်ဈေးနှုန်းသာရှိသည့်အတွက် ပြည်ပနိုင်ငံ ဈေးကွက်များသို့ ကျွဲငယ်တင်ပို့မှုများ မြင့်တက်လျက်ရှိပြီး၊ တစ်လလျှင် အကောင်ရေထောင်ကျော်ကို တင်ပို့လျက်ရှိကြောင်းနှင့် ထပ်မံ၍ တိုးမြှင့်တင်ပို့နိုင်မည့် အလားအလာများစွာရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းရှိ လက်လီရောင်းချသည့် ဘာဂါထုတ်လုပ်မှုများနှင့် စားသောက်ဆိုင်များ၊ Costco, IGA, Foodworks နှင့် The Spud Shed စတိုးတို့မှ ဖြတ်တောက်ပြီး ကျွဲအသားပိုင်း ဝယ်လိုအားမြင့်တက်မှုအပြင် ပြည်ပဈေးကွက်များ၏ ဝယ်လိုအားကလည်း သိသာစွာမြင့်တက်လျက်ရှိပါသည်။ ကျွဲသားနှင့် အမဲသားများကို ပြည်ပဈေးကွက်များစွာသို့ တင်ပို့ရောင်းချနေပြီဖြစ်သော်လည်း ကျွဲကူးသန်းရောင်းဝယ်မှု အောင်မြင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံဈေးကွက်ဝင်ခွင့်ရရှိရေးမှာ အရေးကြီးကြောင်းနှင့် အသားများအတွက် လက်ရှိဈေးကွက်ဝင်ခွင့် မရရှိသေးခြင်းမှာ လုပ်ငန်းလည်ပတ်မှုကို ကန့်သတ်ချက် ဖြစ်ပေါ်စေသည့်အပြင် ကုန်သွယ်မှုအပေါ် သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

Source: [www.farmeronline.com.au](http://www.farmeronline.com.au)

ရှင်စောသူ၊ စီးပွားရေးသံမှူး

ကင်ဘာရာ

………………………………………………………………………………………………...

## ၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှု ၄.၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်းခန့်မှန်း

၂၀၂၁-၂၀၂၂ ခုနှစ်ကာလတွင် ကမ္ဘာ့ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်မှုမှ ပဲပုတ်စေ့တန်ချိန် ၃၈၀.၁ သန်းအထိထွက်ရှိနိုင်ပြီး ယခင်နှစ် သီးနှံကာလတွင်ထုတ်လုပ်ခဲ့သည့် ပဲပုတ်စေ့တန်ချိန် ၃၆၃.၆ သန်းထက် ၄.၃ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်း ခန့်မှန်းထားသည်။ အဆိုပါခန့်မှန်းချက်အား ကမ္ဘာ့အဓိကကုန်စည်များ၏ ရောင်းလိုအားနှင့် ဝယ်လိုအားဆိုင်ရာ အချက်အလက်များကို ပြုစုဖြန့်ဝေလျက်ရှိသည့် G-20 ၏ အဓိကအစိတ်အပိုင်းဖြစ်သည့် Agricultural Market Information System (AMIS) ကထုတ်ဝေသည့် အောက်တိုဘာလ သုံးသပ်ချက်စာစောင်တွင် ဖော်ပြထားသည်။

စက်တင်ဘာလခန့်မှန်းချက်တွင် ကမ္ဘာ့ပဲပုတ်စေ့ထုတ်လုပ်မှုသည် တန်ချိန်၃၈၀.၆ သန်း ထွက်ရှိရန်ဖော်ပြထားသည်။ အိန္ဒိယနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့၏ သီးနှံထွက်ရှိမှု ကျဆင်းခဲ့သော်လည်း ကမ္ဘာ့ဆီထွက်သီးနှံထုတ်လုပ်မှု၏ ၃၇ ရာခိုင်နှုန်းရှိသည့် ဘရာဇီးလ်နိုင်ငံ၏ ပဲပုတ်စေ့ထွက်ရှိမှု တိုးတက်ခဲ့သဖြင့် ကမ္ဘာ့ဆီထွက်သီးနှံ ထုတ်လုပ်မှုသည် ကြိုတင်ခန့်မှန်းချက်အတိုင်း ဖြစ်ပေါ်ခဲ့သည်။

ကမ္ဘာ့ပဲပုတ်စေ့ထုတ်လုပ်မှုသည် တန်ချိန် ၃၈၄.၄ သန်းရှိကြောင်း အမေရိကန်စိုက်ပျိုးရေးဌာန (U.S. Department of Agriculture - USDA) ၏ သတင်းတွင်ဖော်ပြခဲ့ပြီး International Grain Council က တန်ချိန် ၃၇၉.၅ သန်း ထုတ်လုပ်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၀-၂၀၂၁ ခုနှစ်ကာလတွင် တောင်အမေရိကနိုင်ငံများ၏ ပဲပုတ်စေ့ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၉၇.၇၀ သန်းရှိခဲ့ပြီး ၂၀၂၁-၂၀၂၂ ခုနှစ်သီးနှံကာလတွင် တန်ချိန် ၂၁၁.၉၄ သန်း အထိရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် ၇ ရာခိုင်နှုန်း ပိုမိုတိုးတက်ထွက်ရှိနိုင်ကြောင်း၊ အဆိုပါ ထွက်ရှိမှုများအနက် ၆၄.၃ ရာခိုင်နှုန်းကို ဘရာဇီးလ်နိုင်ငံက ထုတ်လုပ်ကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ၁၄၄.၀၇ သန်း ဝန်းကျင်ရှိကြောင်း စိုက်ပျိုးရေး အကြံပေးကုမ္ပဏီ Datagro ၏ လေ့လာတွေ့ရှိချက်တွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအတွင်း ဘရာဇီးလ်နိုင်ငံမှ ပဲပုတ်စေ့တန်ချိန် ၅.၀၄ သန်း အား တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူ တင်ပို့ခဲ့သည့် တန်ချိန် ၃.၉၂ သန်းထက် ၂၈ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း၊ ယခုနှစ်ဩဂုတ်လတွင် ပဲပုတ်စေ့တန်ချိန် ၅.၇၉ သန်း တင်ပို့နိုင်ခဲ့ကြောင်း National Association of Cereal Exporters (Anec) ၏ သတင်းတွင်ဖော်ပြထားသည်။

ယခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့အထိကာလတွင် ပဲပုတ်စေ့တန်ချိန် ၉၅၀,၈၈၀ တန်နှင့် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း တန်ချိန် ၁.၃၁ သန်း အားတင်ပို့ခဲ့ကြောင်း၊ ယခုနှစ်နှစ်ဆန်းပိုင်းမှ စက်တင်ဘာလကုန်အထိ ပဲပုတ်စေ့တန်ချိန် ၇၉.၃ သန်း အား တင်ပို့နိုင်ရန်မျှော်မှန်းထားကြောင်း ANEC ၏ သတင်းတွင် ဖော်ပြထားသည်။

ပဲပုတ်စေ့ စားသောက်ကုန်တင်ပို့မှုတွင် စက်တင်ဘာလအတွင်း တန်ချိန် ၁.၇၂ သန်း အထိရှိနိုင်ကြောင်း၊ ယခင်နှစ်ကာလတူတွင် တန်ချိန် ၁.၃၂ သန်းအား တင်ပို့ခဲ့ကြောင်း၊ ဩဂုတ်လတွင် ပဲပုတ်စေ့ စားသောက်ကုန်တန်ချိန် ၁.၂၈ သန်း တင်ပို့ခဲ့ကြောင်း၊ ယခုနှစ်၊ ဇန်နဝါရီလမှ အောက်တို ဘာလကုန် အထိကာလတွင် စားသောက်ကုန်တန်ချိန် ၁၃.၀၁ သန်းအား တင်ပို့နိုင်ရန် ခန့်မှန်း ထားကြောင်း ANEC ၏သတင်းတွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် - canalrural.com.br
ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

………………………………………………………………………………………………….

## အိန္ဒိယနိုင်ငံတွင် ၂၀၂၁ ခုနှစ် မိုးသီးနှံရာသီ၌ စပါးနှင့် ပဲမျိုးစုံ ဧရိယာတိုးချဲ့ စိုက်ပျိုးခဲ့ခြင်း

အိန္ဒိယနိုင်ငံ၏ ၂၀၂၁-၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရေး ရာသီကာလတွင် ပြည်နယ်များစွာ၌ မိုးရွာသွန်းမှုပုံသဏ္ဍာန် မမှန်သောကြောင့် လယ်ယာလုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့သော်လည်း မိုးသီးနှံ စပါးနှင့် ပဲမျိုးစုံတို့အား ယခင်နှစ်ကထက်ပိုမို၍ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် မိုးသီးနှံမျိုးစုံ စိုက်ပျိုးပြီးစီးမှု ဧရိယာစုစုပေါင်းမှာ ဟက်တာ ၁၁၂၁.၈၁ သိန်း ရှိပြီး ယခင်နှစ်ကထက် ဟက်တာ ၂.၃၈ သိန်း ပိုမိုတိုးတက်လာခဲ့ကြောင်း၊ မိုးသီးနှံစိုက်ပျိုးကာလကုန်ဆုံးချိန်အထိ စပါးစိုက်ဧရိယာမှာ တိုးတက်လာခဲ့ရာ အိန္ဒိယနိုင်ငံတစ်ဝန်း၌ ယခင်နှစ်ကာလတူထက် ဟက်တာ ၁၃.၃၄ သိန်း (၃.၂% ခန့်) ပိုမိုလျက် ဟက်တာပေါင်း ၄၂၂.၇၃ သိန်း စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ ဩရိဿနှင့် ကီရာလာပြည်နယ်များ၌ စိုက်ဧရိယာ ကျဆင်းခဲ့သော်လည်း တဲလန်ဂါနာ၊ မဒ္ဒရာပရာဒေ့ရှ်၊ ဂုဂျာရတ်၊ ဂျမူးနှင့်ကက်ရှ်မီးယား၊ ပန်ဂျပ်ပြည်နယ်များတွင် တိုးတက်မှုများရရှိခဲ့ကြောင်းဖြင့် Hindu Business Line သတင်းဌာနက ရေးသားဖော်ပြပါသည်။

မိုးသီးနှံပဲမျိုးစုံတွင် ပဲစင်းငုံဧရိယာ ဟက်တာ ၅၀.၅၀ သိန်း စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ကထက် ဟက်တာ ၁.၇၅ သိန်း ပိုမိုခဲ့ပြီး၊ မတ်ပဲစိုက်ဧရိယာသည်လည်း ယခင်နှစ်ထက် ဟက်တာ ဝ.၈၂ သိန်း ပိုမိုလျက် ဟက်တာ ၄၀.၀၅ သိန်း စိုက်ပျိုးထားရှိပြီးဖြစ်သည်။ သို့ရာတွင် မိုးပဲတီစိမ်းစိုက်ပျိုးမှုမှာ ယခင်နှစ်က ဟက်တာ ၃၅.၅၃ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် ဟက်တာ ၃၅.၄၁ သိန်းသို့ ကျဆင်းခဲ့ကြောင်း၊ အထူးသဖြင့် ပဲတီစိမ်းအဓိကစိုက်ပျိုးရာ ရာဂျပ်စတန်ပြည်နယ်၌ မိုးရွာသွန်းမှု ပုံသဏ္ဍာန်ပျက်ယွင်းခြင်းက စိုက်ပျိုးဧရိယာ လျော့ကျမှုဖြစ်စေခဲ့ကြောင်း၊ မိုးသီးနှံ ပဲမျိုးစုံ စုစုပေါင်းစိုက်ပျိုးပြီးသည့် ဧရိယာမှာ ဟက်တာ ၁၄၂.၃၇ သိန်းဖြစ်ပြီး ယခင်နှစ်က ထက် ဟက်တာ ၃.၀၃ သိန်း ပိုမိုတိုးချဲ့နိုင်ခဲ့ကြောင်း သိရှိရသည်။

အခြားနံ့စားသီးနှံများမှာ ၂၀၂၀ ပြည့်နှစ်၌ စိုက်ပျိုးမှုအောက် ဟက်တာ ၄.၇၁ သိန်း လျော့နည်းလျက် ယခုနှစ်၌ ဧရိယာဟက်တာ ၁၇၈.၂၄ သိန်းသာ စိုက်ပျိုးထားနိုင်သည်။ အလားတူ ဆီထွက်သီးနှံသည်လည်း ဟက်တာ ၁၉၆.၁၀ သိန်း စိုက်ပျိုးပြီးစီးခဲ့ရာ ယခင်နှစ်စိုက်ပျိုးနိုင်မှုကို ပြည့်မီခြင်း မရှိပဲ ဟက်တာ ၂.၇၂ သိန်းလျော့နည်းခဲ့သည်။ သို့ရာတွင် ကြံစိုက်ပျိုးမှုမှာ ယခင်နှစ် ထက် ဟက်တာ ၁.၁၀ သိန်း ပိုမိုလျက် ဧရိယာဟက်တာပေါင်း ၅၅.၂၂ သိန်း စိုက်ပျိုးနိုင်ခဲ့ ကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံရှိ နေရာဒေသအများအပြား၌ မိုးဦးကာလတွင် မိုးရေချိန် လျော့နည်းရရှိခဲ့ ပြီးအနောက်တောင်မုတ်သုံလေမှာ ဆုတ်ခွါခဲ့ပြီဖြစ်သော်လည်း ဇွန်လ ၁ ရက်မှ စက်တင်ဘာ လ ၃၀ ရက်အထိ မုတ်သုံမိုးရာသီကာလအတွင်း တစ်နိုင်ငံလုံး ပျမ်းမျှမိုးရေချိန်မှာ ပုံမှန် အောက် ၁% ခန့်မျှသာ လျော့ကျလျက် ၈၇၄ မီလီမီတာရရှိပြီး ပြည်တွင်းရှိ အဓိကရေလှောင် တာတမံ ၁၃၀ ၌ ရေသိုလှောင်နိုင်မှုမှာ ၉၂% ခန့်ရရှိခဲ့သည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံဖျက်ပိုးနှင့် ရောဂါပိုးမွှား ပြင်းထန်စွာကျရောက်ခြင်းမရှိကြောင်း အိန္ဒိယစိုက်ပျိုးရေးဝန်ကြီး ဌာနမှဖော်ပြပါသည်။

Source: Rise in paddy, pulses area lifts kharif acreage to 1,121.81 lakh hectares, 2-10-2021, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………..

## အိန္ဒိယနိုင်ငံ၌ ပိုလျှံမှုရှိသည့် သကြား၊ ဆန်နှင့်ပြောင်းတို့မှ အီသနော‌လောင်စာ ထုတ်လုပ်မည်

အိန္ဒိယနိုင်ငံတွင် ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုမှ ပိုလျှံသည့်ပမာဏအား အီသနော လောင်စာဆီအဖြစ် ထုတ်လုပ်ခြင်းအပြင် ၂၀၂၅ ခုနှစ်၌ ဓာတ်ဆီတွင် ၂၀ ရာခိုင်နှုန်းအထိ ရောနှောအသုံးပြုရန် ရည်မှန်းချက်ချမှတ်ထားမှုကို ဖြည့်ဆည်းနိုင်ရေးအတွက် ဆန်နှင့်ပြောင်းတို့ကဲ့သို့သော ကောက်ပဲသီးနှံများ ထုတ်လုပ်မှုမှ ပိုလျှံမည့်ပမာဏကိုလည်း အီသနောအဖြစ်သို့ ပြောင်းလဲ အသုံးပြုမည်ဖြစ်ကြောင်း သိရှိရပါသည်။

၁-၁၀-၂၀၂၁ နေ့၌ အိန္ဒိယ သကြားစက်လုပ်ငန်းရှင်များအသင်းက ကျင်းပသည့် ဆွေးနွေး ပွဲတစ်ရပ်တွင် အိန္ဒိယ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနမှ အတွင်းဝန် Mr. Sudhanshu Pandey က ပြည်တွင်း၌ သကြားထုတ်လုပ်မှုမှာ နှစ်စဉ် တန်ချိန် သန်း ၃၂ ကျော်ရှိကြောင်း၊ ပြည်တွင်းသုံးစွဲမှုမှာ တန်ချိန် ၂၆ သန်းခန့်ဖြစ်ရာ လွန်ခဲ့သောနှစ် ကာလများတွင် သကြားတန်ချိန် ၄ သန်းမှ ၄.၅ သန်းအထိ ပိုလျှံမှုရှိခဲ့ ကြောင်း၊ ထိုသို့ပိုလျှံစွာထုတ်လုပ်နိုင်ခြင်းက ပြည်တွင်း၌ သကြားဈေးနှုန်း နိမ့်ကျမှုကိုဖြစ် ပေါ်စေပြီး စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် ကြိတ်ခွဲထုတ်လုပ်သည့် သကြားစက်ရုံ လုပ်ငန်းများအပေါ် သက်ရောက်မှုရှိကြောင်း၊ သို့ဖြစ်ရာ စက်ရုံထွက် သကြားဈေးနှုန်းများ နည်းပါးမှုမှ ဖိအားများဖြစ်ပေါ်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အစိုးရသည် မူဝါဒ ဆိုင်ရာ လုပ်ဆောင်ချက်နှစ်ရပ်အဖြစ် သကြားများပြည်ပတင်ပို့ရာတွင် သယ်ယူပို့ဆောင် ရေး ထောက်ပံ့မှုနှင့် အီသနောတိုးမြှင့် ထုတ်လုပ်မှုတို့ကို တွန်းအားပေးဆောင်ရွက်မည်ဖြစ် ကြောင်း၊ ယခုနှစ်၌ သကြားတန်ချိန် ၃.၅ သန်းခန့်ကို လောင်စာအဖြစ် ပြောင်းလဲအသုံးပြု မည်ဖြစ်ကြောင်း၊ ရှေ့လာမည့်နှစ်တွင် သကြား တန်ချိန် ၆ သန်းခန့်အား အီသနောထုတ်လုပ် မှုသို့ပြောင်းလဲခြင်းဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိ ကာလတွင် ဓာတ်ဆီ၌လောင်စာအဖြစ် ၁၀% ပါဝင် ရောနှောနိုင်ရေးအတွက် အီသနောထုတ် လုပ်မှုကိုခွင့်ပြုထားပြီး ၂၀၂၄ ခုနှစ်မှစတင်၍ ၂၀% အထိ ရောနှောရန် ခွင့်ပြုမည် ဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါ ပြည်တွင်းကောက်ပဲသီးနှံ ထုတ်လုပ်မှုမှာ ပိုလျှံသည့် ဆန် နှင့်ပြောင်း တန်ချိန် ၁၆.၅ သန်းခန့်ကိုလည်း အီသနော ထုတ်လုပ်ရာတွင် အသုံးပြုမည် ဖြစ်ကြောင်း၊ အစိုးရလက်ဝယ်၌ ကောက်ပဲသီးနှံ အရန်ဝယ် ယူထားရှိမှုမှာ တန်ချိန် သန်း ၉၀ ခန့်ရှိပြီး ၎င်းပမာဏသည် ပြည်တွင်းဈေးကွက်ဈေးနှုန်းများအပေါ် ဝန်ပိစေဟန်ရှိသော်လည်း

Covid-19 ကပ်ရောဂါကာလအတွင်း သီးနှံတန်ချိန် သန်း ၆၀ ခန့်အား ပြည်သူသန်း ၈၀၀ ထံသို့ စရိတ်သက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းစသည်ဖြင့် ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၌ ကြံစိုက်ပျိုးလျက် သကြားထုတ်လုပ် တင်ပို့ရောင်းချသည့် ဈေးကွက်ရာသီကာလမှာ အောက်တိုဘာလမှ နောက် ၁ နှစ် စက်တင်ဘာလအထိဖြစ်ပြီး ပြီးခဲ့သော ၂၀၂၀-၂၀၂၁ ဈေးကွက်ရာသီအတွင်း ပိုလျှံမှုရှိသည့် သကြားတန်ချိန် ၂ သန်းခန့်ကို အီသနော လောင်စာအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြောင်း၊ ယခုနှစ် ဇွန်လတွင် အိန္ဒိယအစိုးရသည် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သော အိန္ဒိယစားသောက်ကုန် ကော်ပိုရေးရှင်းထံမှ ဆန်တန်ချိန် ၇၈၀၀၀ ကို အီသနော အဖြစ် ပြောင်းလဲထုတ်လုပ်ရန်အတွက် ၁ ကီလိုလျှင် ရူပီး ၂၀ ထောက်ပံ့ဈေးနှုန်းဖြင့် နိုဝင်ဘာလ ကုန်အထိ ရောင်းချခွင့်ပြုခဲ့ကြောင်းသိရှိရသည်။

ထိုကဲ့သို့ ကြံနှင့်ကောက်ပဲသီးနှံများအား အီသနောလောင်စာဆီအဖြစ် ထုတ်လုပ်ခွင့်ပြုခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍတွင် ရူပီးငွေ ကုဋေ ၄၁၀၀၀ အထိ တိုးတက်လာမည်ဖြစ်ပြီး အလုပ်အကိုင်သစ်များ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ကာဗွန်မိုနောက်ဆိုက် ထွက်ရှိမှုအား ၃၀ မှ ၅၀ ရာခိုင်နှုန်းနှင့် ဟိုက်ဒရိုကာဗွန် ထုတ်လွှတ်မှုအား ၂၀ ရာခိုင်နှုန်းအထိ လျော့ကျစေလျက် လေထုသန့်ရှင်းမှုကို တိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်းနှင့် ပြည်ပမှ ရေနံကုန်ကြမ်း တင်သွင်းရာ၌ ရူပီးငွေ ကုဋေ ၃၀၀၀၀ အထိ သက်သာမှု ရရှိစေမည်ဖြစ်ကြောင်း အိန္ဒိယ စားသုံးသူရေးရာ ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြပါသည်။

Source: 1. Nearly 17 mn tonnes of surplus foodgrains to be used for ethanol making, 1-10-2021, Economic Times
2. Centre doubles incentive on sugar sacrificed for producing ethanol from October 2021, 1-10-2021, Press Information Bureau of India

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**အိန္ဒိယ**

…………………………………………………………………………………………………………………

## အိန္ဒိယနိုင်ငံ၌ စားသုံးဆီနှင့် ဆီထွက်သီးနှံ သိုလှောင်နိုင်မှု ပမာဏကန့်သတ်ခြင်း

ပြည်တွင်းဈေးကွက်၌ ဈေးနှုန်းများမြင့်တက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်ပမှ တင်သွင်းလာသည့် စားသုံးဆီများအပေါ် ကောက်ခံလျက်ရှိသော အခွန်နှုန်းထားများအား လျော့ချခဲ့ပြီးနောက် ယခုအခါ လုပ်ငန်းရှင်များလက်ဝယ်၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင် ထားရှိနိုင်ခွင့်ကို အိန္ဒိယအစိုးရက ကန့်သတ်လိုက်ပါသည်။

အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာ ဝန်ကြီးဌာနက ၈-၁၀-၂၀၂၁ နေ့၌ အမိန့်အမှတ် S.O. 4146(E) ကို ထုတ်ပြန်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ လက်ဝယ်၌ စားသုံးဆီနှင့် ဆီထွက်သီးနှံများ သိုလှောင်ထားရှိခွင့်ကို အမိန့်ထုတ်ပြန်ချိန်မှ စတင်၍ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ကန့်သတ်မှုပြုမည်ဖြစ်ကြောင်း၊ ပြည်နယ်/ ပြည်ထောင်စုနယ်မြေအလိုက် ကုန်စည်လက်ကျန်နှင့် စားသုံးမှု အခြေအနေအပေါ် မူတည်၍ သိုလှောင်ထားရှိနိုင်မည့်ပမာဏကို သက်ဆိုင်ရာ ဒေသန္တရအစိုးရအဖွဲ့များက သတ်မှတ်မည် ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အကယ်၍ ၎င်းတို့လက်ဝယ်တွင် သတ်မှတ်ပြဋ္ဌာန်း ချက်ထက် ကုန်စည်များပိုမိုလျက်ရှိလျှင် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ဖြူးမှုရေးရာဦးစီး ဌာန၏ ကုန်စည်အချက်အလက် အင်တာနက်စကြိန်၌ ထုတ်ဖော်ကြေညာရမည်ဖြစ်ပြီး ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ပမာဏသို့လျော့ချ သိုလှောင်ရမည်ဖြစ်ကြောင်း၊ ပြည်ပ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၌ ပို့ကုန်/သွင်းကုန် မှတ်ပုံတင် လက်မှတ်ရယူလျက် စားသုံးဆီတင်ပို့လျက်ရှိသော ဆီကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီလက် ကားဖြန့်ဖြူးသူများသည် ပြည်ပတင်ပို့ရန်အတွက် စားသုံးဆီနှင့် ဆီထွက်သီးနှံများအား လက်ဝယ်ထားရှိကြောင်း ရှင်းလင်းပြသနိုင်ပါက ဤကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရှိမည် ဖြစ်ကြောင်း၊ သွင်းကုန်လုပ်ငန်းဆောင်ရွက်သည့် ကြိတ်ခွဲထုတ်လုပ်သူ၊ ပြန်လည်သန့်စင်သူ၊ လက်လီလက်ကား ဖြန့်ချီသူများသည်လည်း ၎င်း၏လက်ဝယ်ရှိ စားသုံးဆီနှင့် ဆီထွက် သီးနှံများအား ပြည်ပမှတင်သွင်းလာခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြနိုင်ပါက အလားတူ ကင်းလွတ်ခွင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းစားသုံးဆီလိုအပ်ချက်၏ ၆၀% ခန့်အား ဖြည့်ဆည်းနိုင်ရန် အတွက် နှစ်စဉ် ပြည်ပမှ ဝယ်ယူတင်သွင်းနေရသည်။ နိုင်ငံတကာဈေးကွက် အခြေအနေနှင့် ပြည်တွင်းသွင်းအားစုအပိုင်း၌ ကျပ်တည်းမှုအရ ပြည်တွင်း၌ စားသုံးဆီဈေးနှုန်းများသည် လွန်ခဲ့သည့် ၁ နှစ်တာအတွင်း မြင့်တက်လာခဲ့ရာ အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာန၏ စာရင်းများအရ အောက်တိုဘာလ ၉ ရက်နေ့ရှိ ပဲပုတ်ဆီ လက်လီဈေးနှုန်းမှာ ၁ ကီလိုဂရမ် လျှင် ၁၅၄.၉၅ ရူပီးနှုန်းသို့ရောက်ရှိပြီး ယခင်နှစ်ကာလတူထက် ၄၆.၁၅% ပိုမိုလာကြောင်း တွေ့ရှိရသည်။ ထို့အတူ ၁ နှစ် တာကာလအတွင်း ဆီ ၁ ကီလိုဂရမ်လျှင် မုံညင်းဆီနှင့်

ဟင်းသီးဟင်းရွက်ဆီတို့သည် ၄၃% ခန့်၊ နေကြာဆီသည် ၃၈.၄၈% ခန့်နှင့် စားအုန်းဆီသည် ၃၈% ခန့် ပျမ်းမျှဈေးနှုန်းများ အသီးသီးပိုမို မြင့်တက်ခဲ့သည်။

အိန္ဒိယ စားသုံးသူရေးရာဝန်ကြီးဌာနက ၁၀-၁၀-၂၀၂၁ နေ့၌ သတင်းထုတ်ပြန်ရာတွင် အစိုးရသည် ပြည်တွင်း၌ စားသုံးဆီကဲ့သို့သော အရေးကြီးကုန်စည်များ၏ ဈေးနှုန်း တည်ငြိမ်မှုရှိစေရေးအတွက် သွင်းကုန်အပေါ် ကောက်ခံသည့်အခွန်စနစ်၏ ထိရောက်မှုကို ဆန်းစစ်ခြင်း၊ သိုလှောင်ထားရှိသည့် ကုန်စည်ပမာဏကို ကုန်စည်အချက်အလက်စကြ်န်သို့ ထုတ်ဖော်တင်ပြစေခြင်း စသည်ဖြင့် ဘက်စုံကြပ်မတ်သည့် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ NCDEX အိတ်ချိန်းဈေးကွက်၌ မုံညင်းဆီနှင့် ဆီထွက်သီးနှံများအား အနာဂတ်ကာလအတွက် ကြိုတင်ရောင်းဝယ်ခြင်းကို ၈-၁၀-၂၀၂၁ နေ့မှစတင်၍ ဆိုင်းငံ့စေပြီးဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ချက်များက စားသုံးဆီဈေးနှုန်းများ တည်ငြိမ်လျက် နိုင်ငံတစ်ဝန်းရှိ စားသုံးသူပြည်သူများအတွက် သက်သာချောင်ချိမှု ရရှိစေမည်ဖြစ်ကြောင်း ဖော်ပြပါသည်။

ပြည်နယ်/ ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များအနေဖြင့် စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့် ဖြူးမှုရေးရာဦးစီးဌာန၏ ကုန်စည်အချက်အလက်စကြ်န် (https://evegoils.nic.in) သို့ လုပ်ငန်းရှင်များမှ စားသုံးဆီနှင့် ဆီထွက်သီးနှံ ကုန်လက်ကျန်စာရင်းများ ပုံမှန်ဖော်ထုတ်တင်ပြစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် ဗဟိုအစိုးရက တိုက်တွန်းထားပါသည်။

Source: 1. Order No. S.O. 4146(E) dated 8th October 2021 of Ministry of Consumer Affairs, Food and Public Distribution of India
2. Centre imposes stock limits on edible oils to soften prices in domestic market, 10-10-2021, Economic Times

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**အိန္ဒိယ**

………………………………………………………………………………………

## ဩစတြေးလျနိုင်ငံက ကမ္ဘာ့အကြီးဆုံးအစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုနေရာဖြစ်လာ

Fortescue Future Industries (FFI) သည် အလယ်ပိုင်းကွင်းစလန် ပြည်နယ်တွင် ကမ္ဘာ့အကြီးဆုံး အစိမ်းရောင်ဟိုက်ဒရိုဂျင် ထုတ်လုပ်သည့်စက်ရုံကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း ၏ ပထမအဆင့်အနေဖြင့် ဩစတြေးလျဒေါ်လာ ၁၁၅ သန်းတန် အစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် စက်ရုံကို Aldoga တွင် တည်ဆောက်သွားမည်ဖြစ်ပြီး၊ ကမ္ဘာ့ ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုကို ၂ ဆ တိုးမြှင့်ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့် လာမည့်နှစ်များ အတွင်း ကွင်းစလန်ပြည်နယ် အတွက် အလုပ်အကိုင်များ ဖန်တီးပေးသွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါ သည်။

စက်ရုံသည် ကမ္ဘာ့အနှံ့သို့ တင်ပို့မည့် electrolysers ၊ လျှပ်စစ်ကြိုးများနှင့် လေအားလျှပ်စစ်ထုတ် စက်ကဲ့သို့သော အစိမ်းရောင်စွမ်းအင် အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများကို ထုတ်လုပ် သွားမည်ဖြစ်ပါသည်။ စီမံကိန်းလည်ပတ်မှုတွင် အဆင့် (၆) ဆင့် ပါဝင်ပြီး၊ လာမည့်နှစ်ဆန်း ပိုင်းတွင် အပြီးသတ်မည့် ပထမအဆင့်လုပ်ငန်းလည်ပတ်မှုတွင် တည်ဆောက်ရေးအလုပ် အကိုင် (၁၂၀) ခုနှင့် လုပ်ငန်းလည်ပတ်မှု အလုပ်အကိုင် (၅၃) ခု ဖန်တီးနိုင်ရန် သတ်မှတ် ထားပါသည်။

ထိုစက်ရုံသည် ကမ္ဘာ့အစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်မှုစွမ်းရည်ကို နှစ်ဆတိုးစေ ပြီး၊ ပထမအဆင့်အနေဖြင့် နှစ်စဉ် ဟိုက်ဒရိုဂျင်လျှပ်စစ်ဓာတ်အား ၂ ဂစ်ဂါဝပ် ထုတ်လုပ်နိုင် ရန်မျှော်မှန်းထားပါသည်။ electrolysers သည် ရေမှာ ဟိုက်ဒရိုဂျင်ကိုခွဲထုတ်၍ ကာဗွန်ဒိုင် အောက်ဆိုဒ် ထုတ်လွှတ်မှုမရှိသည့် စွမ်းအင်ကို ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပထမဦးဆုံးသော electrolysers များကို ၂၀၂၃ ခုနှစ်တွင် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၅၀ ခုနှစ်တွင် အစိမ်းရောင် ဟိုက်ဒရိုဂျင်ဈေးကွက်မှ အမေရိကန် ဒေါ်လာ ၁၂ ထရီလီယံအထိ ရရှိနိုင်ကြောင်း သိရှိရပါသည်။

ဩစတြေးလျ အစိုးရသည် ၂၀၅၀ တွင် အသားတင်ထုတ်လွှင့်မှု သုည ရည်မှန်းချက်နှင့်အညီ ယခုကဲ့သို့ ကွင်းစလန်ပြည်နယ်တွင် အကြီးဆုံးအစိမ်းရောင် ဟိုက်ဒရိုဂျင်ထုတ်လုပ်သည့် စက်ရုံ တည်ဆောက်မည့် ကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။ အမေရိကန်နှင့် ယူကေနိုင်ငံတို့၏ ထုတ်လွှင့်မှုလျှော့ချရန် လုံလောက်သည့် အာမခံချက်များ တောင်းဆိုပြီး နောက် ဩစတြေးလျ အစိုးရသည် ၂၀၅၀ ခုနှစ်ရည်မှန်းချက်ကို သဘောတူညီရန် မြင့်တက် လာသည့် နိုင်ငံတကာ ဖိအားများနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။

Source: www.abc.net.au

ရှင်စောသူ၊ စီးပွားရေးသံမှူး
ကင်ဘာရာ

## ကုန်စည်ပြပွဲများကျင်းပမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါဆိုင်ရာ ကန့်သတ်ဆောင်ရွက်မှု

ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုလျော့ပါးလာခြင်း၊ ကာကွယ်ဆေးထိုးနှံမှု ပြုလုပ်နိုင်ခြင်းတို့ကြောင့် နှာခေါင်းစည်းတပ်ဆင်ကာ နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုများ ပြုလုပ် ဆောင်ရွက်နေကြပြီး ကုန်စည်ပြပွဲများကိုလည်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ကျင်းပရန် စီစဉ်ဆောင်ရွက်လျှက်ရှိနေကြပြီဖြစ်ပါသည်။ ကိုလုံးမြို့တွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၃ရက် နေ့အထိ Anuga food and beverage ပြပွဲကို ကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွင်း ဘာလင်မြို့တွင် ဖေဖော်ဝါရီလ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ Fruit Logistical ပြပွဲကို လည်းကောင်း၊ ဖရန့်ဖတ်မြို့တွင် Ambiente လူသုံးအိမ်သုံးပစ္စည်းပြပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိလည်းကောင်း၊ နူရင်ဘတ်မြို့တွင် Biofach အော်ဂဲနစ်ပြပွဲကို ဖေဖော်ဝါရီလ၁၅ ရက်နေ့မှ ၁၈ ရက်နေ့အထိ လည်းကောင်း၊ ကိုလုံးမြို့တွင် Anuga- Food Tec **ပြပွဲကို** ဧပြီလ၂၆ ရက်မှ ၂၉ ရက်ထိလည်းကောင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

Fruit Logistica ပြပွဲတွင် လတ်ဆတ်သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆံများ၊ ပြုပြင်အခြောက်ခံသစ်သီးများ၊ ပန်းများ၊ အေးခဲသစ်သီးဝလံ ဟင်းသီးဟင်းရွက်များ၊ အော်ဂဲနစ်ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းပညာပိုင်း၊ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုပိုင်း လုပ်ငန်းများကို ပြသမည်ဖြစ်ပါသည်။ ပြပွဲသို့ မြန်မာနိုင်ငံမှ ကုမ္ပဏီများလာရောက် ပြသနိုင်ရေး အတွက် စီးပွားရေးသံမှူးက သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်လုပ်ငန်းကုမ္ပဏီများ၊ အသင်းအဖွဲ့များသို့ ပြပွဲအချက်အလက်များပေးပို့၍ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြပွဲတာဝန်ယူကျင်းပသည့် အဖွဲ့အစည်းဖြစ်သည့် Messe Berlin နှင့် ဆက်သွယ်ခြင်း၊ ဆက်လက်၍ ပြပွဲအတွက် အာရှနိုင်ငံများဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Sohail Azizနှင့် ဆက်သွယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြပွဲတွင်ပါဝင်ပြသရန် မြန်မာနိုင်ငံမှ Myanmar Golden Produce (MGP) ကုမ္ပဏီ တစ်ဦးသာ Registration ပြုလုပ်နိုင်ခဲ့ပြီး ပြခန်းနေရာရယူရေးအတွက် Messe Berlin နှင့် ဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။ MGP ကုမ္ပဏီနှင့် Mr.Sohail Aziz တို့အကြားလည်း ဆက်သွယ်မှုများ ရှိထားပြီး ပြပွဲလာရောက်မှုအတွက် ကိုဗစ်ရောဂါဆိုင်ရာ ခရီးသွား ကန့်သတ်ခွင့်ပြုချက် သတင်းအချက်အလက်များကို ပံ့ပိုးပေးလျှက်ရှိပါသည်။

ဂျာမနီနိုင်ငံသည် အီးယူနိုင်ငံများသို့ ခရီးသွားလာဝင်ရောက်ခွင့်အတွက် သတ်မှတ်ထားသော အီးယူအသိအမှတ်ပြုကာကွယ်ဆေး အမျိုးအစား (၄) မျိုးဖြစ်သည့် Modena, Pfizer-

Biotech, Johnson & Johnson, Astrazenica (UK) တို့ ထိုးနှံပြီးစီးထားသူများကို နိုင်ငံဝင်ခွင့် လက်ခံလျှက် ရှိပါသည်။ အီးယူပြင်ပနိုင်ငံများမှ လာရောက်ပါက အရေးကြီးအဆင့်အတန်း ရှိသူ သို့မဟုတ် ခရီးသွားလာရန် အရေးတစ်ကြီးလိုအပ်သူများကိုသာ သတ်မှတ်စည်းကမ်းချက်များ နှင့်အညီ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။ နိုင်ငံတွင်း နေထိုင်သူများအနေဖြင့် ကာကွယ်ဆေး ထိုးပြီးကြောင်း သက်သေခံလက်မှတ် QR code ကို Corona Warn software အသုံးပြု၍ မိမိ၏မိုဘိုင်းဖုန်းတွင် ထည့်သွင်း ထားရှိရန်လိုအပ်ပြီး နိုင်ငံတွင်းရှိ အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများနှင့် ပွဲလမ်းသဘင်များသို့ သွားရောက်လျှင် မိုဘိုင်းဖုန်းပြသ၍ စစ်ဆေးမှု ခံယူရန်ဖြစ်ပါသည်။သို့သော် လက်ရှိအခြေအနေတွင် ခြွင်းချက်အနေဖြင့် ကုန်စည်ပြပွဲပါဝင် ပြသမှုများကို စီးပွားရေးလုပ်ငန်းဆိုင်ရာ အမှန်တစ်ကယ်လိုအပ်သည့် ခရီးသွားလာမှုများ အဖြစ် သတ်မှတ်၍ 3G certificate (vaccination with a vaccine approved in the EU or proof of recovery or negative test result) ဟု ခေါ်ဆိုသော အီးယူအသိအမှတ်ပြု ကာကွယ်ဆေးထိုးနှံပြီးခြင်း၊ ရောဂါသက်သာပျောက်ကင်းပြီး ဖြစ်ခြင်း၊ Negative test result ယူဆောင်လာခြင်းတို့အနက် တစ်ခုခုဖြင့်ကိုက်ညီပါက နိုင်ငံဝင်ခွင့်များ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရှိရပါသည်။ ဂျာမနီနိုင်ငံတွင် လူဦးရေ (၈၃) သန်းကျော် ရှိသည့်အနက် လူဦးရေ ၏ ၆၅ ရာခိုင်နှုန်း (၅၄ သန်း) မှာ ကာကွယ်ဆေးနှစ်ကြိမ်စီ ထိုးနှံပြီးစီးပြီ ဖြစ်ပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

.........................................................................................................

## Corps Touristique eV (CT) အဖွဲ့အစည်း၏ တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ခြင်း

ဂျာမနီနိုင်ငံရှိ Corps Touristique eV (CT)အဖွဲ့အစည်းကို နိုင်ငံတစ်ကာခရီးသွား လုပ်ငန်းအဖွဲ့အစည်းများဆိုင်ရာ ပြောရေးဆိုခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ၁၉၅၅ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့ပြီး အထူးသဖြင့် ဂျာမနီနိုင်ငံတွင်အခြေစိုက်သည့်နိုင်ငံတစ်ကာမှ ခရီး သွား ဘုတ်အဖွဲ့ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်ပါဝင်ထားခြင်းဖြစ်ပါသည်။ ထို့အပြင် ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များနှင့် စီစဉ်ဆောင်ရွက်သူများ၊ ကုန်စည်ပြပွဲ ကျင်းပသူများ၊ သတင်းမီဒီယာများနှင့် ထုတ်ဝေသူများက တွဲဖက်အဖွဲ့ဝင်များအဖြစ် ပါဝင် ကြပါသည်။ CT ၏ ပုံမှန်ဆွေးနွေးပွဲများကို ဘာလင်မြို့နှင့် ဖရန့်ဖတ်မြို့တို့တွင် အလှည့်ကျ ကျင်းပလေ့ရှိပြီး သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းနယ်ပယ်များအလိုက် ဆွေးနွေးဖလှယ်မှု များပြုလုပ်ကြရာ ၂၀၂၁ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ဘာလင်မြို့ရှိ REPUBLIC editorial building တွင် exclusive networking meeting ကို ကျင်းပခဲ့ပါသည်။ REPUBLIC

သည် မီဒီယာသတင်းဌာနများ ဖြစ်သည့် Frankfurter Allgemeineနှင့် Suddeutsche Zeitung တို့ ပူးပေါင်းတည်ထောင်ထားသော Joint Sales Organization တစ်ခုဖြစ်ပြီး Marketing အပိုင်းကို ဆောင်ရွက်ပါသည်။ ဆွေးနွေးပွဲသို့ ဘာလင်မြို့ရှိ သံရုံးအချို့မှသံတမန်များ၊ သတင်းမီဒီယာလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

ဆွေးနွေးပွဲတွင် CT ၏ President Ms.Hanna Kleber နှင့် REPUBLIC မှ Managing Director Mr.Ingo Muller တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပါသည်။ ဆက်လက်၍ Mr.Ingo Muller နှင့် အဖွဲ့ဝင်တစ်ဦးတို့က လက်ရှိရွေးကောက်ပွဲအပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာနိုင်မှု အခြေအနေများနှင့် ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရိုက်ခတ်မှုရှိလာနိုင်သည့် အခြေအနေများကို ဆွေးနွေးသုံးသပ်ကြပါသည်။ ထို့နောက် Frankfurter Allgemeine မှ Managing Director Mr. Rainer Schmidt က The Future of Travel ခေါင်းစဉ်ဖြင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကာလအတွင်း ရရှိသောသင်ခန်းစာများနှင့် လက်ရှိ ခရီးသွားလာမှုအခြေအနေ၊ ခရီးသွားလုပ်ငန်းများ ထိခိုက်ခံစားရမှု၊ အနာဂတ်ကာလတွင် ပြန်လည်စတင်ရန် စီစဉ်ဆောင်ရွက်နေမှု၊ ရှေ့ဆက်၍လူနေမှုစနစ်ပုံစံသစ်၊ ခရီးသွားလာမှု ပုံစံအသစ်များဖြင့် ဆောင်ရွက်နိုင်ဘွယ်ရှိသည့် အစီအစဉ်များ၊ ဆိုရှယ်မီဒီယာများ၏ အရေးပါမှုများ၊ ခရီးသွားကဏ္ဍတွင် ကြိုတင်စီမံဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးတင်ပြပါသည်။

ဆွေးနွေးပွဲတွင် တွေ့ဆုံဆွေးနွေးမှုများအရ သံရုံးများအား CT တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့ ကုမ္ပဏီများ အနေနှင့်လည်း အဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ပြီး အဖွဲ့ဝင်များအကြား သတင်းအချက်အလက်များ လျင်မြန်စွာဖလှယ်နိုင်ကာ networking ကောင်းစွာရရှိနိုင်ကြောင်း၊ ပေါ်တူဂီနိုင်ငံသံရုံးမှကိုယ်စားလှယ်နှင့် ဆွေးနွေးမှုအရ ပေါ်တူဂီနိုင်ငံသံရုံးတွင် ပေါ်တူဂီ National Tourist Office ကို ဖွင့်လှစ်၍ CT နှင့် ချိတ်ဆက်ကာ နှစ်နိုင်ငံ ခရီးသွားလာမှုကဏ္ဍ တိုးတက်ရန်နှင့် အခြားလိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက် ပေးလျှက်ရှိကြောင်း သိရှိရပါသည်။ စီးပွားရေးသံမှူးအနေဖြင့် မြန်မာနိုင်ငံရှိ ထင်ရှားသည့် ခရီး သွားဒေသအချို့၏ Pamphlet များကို CT President နှင့် တက်ရောက်လာသည့် မီဒီယာအဖွဲ့အစည်း အချို့သို့ဝေငှ၍ ရှင်းလင်းဆွေးနွေးမှု ပြုလုပ်ခဲ့ပါသည်။

CT သည် အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်များနှင့် လုပ်ငန်းအတွေ့အကြုံဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်ရန် အဓိကရည်ရွယ်ပါသည်။ ဂျာမန်ခရီးသွား အေဂျင်စီ

များ၊ Tour Operators အသင်းအဖွဲ့များ၊ ကုန်စည်ပြပွဲကျင်းပသည့် ကုမ္ပဏီများ၊ မီဒီယာ သတင်းဌာနများ၊ ခရီးသွားသုတေသနအသင်းအဖွဲ့များ စသည်တို့နှင့် နီးကပ်စွာ ဆက်သွယ် ဆောင်ရွက်မှုရှိပါသည်။ အဖွဲ့ဝင်များအနေဖြင့် ခရီးသွားလုပ်ငန်းရှိ လုပ်ငန်းဆောင်ရွက် နေသူများနှင့်သာမက နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ကွန်ယက် ချိတ်ဆက်မှု ပြုလုပ်ကြ ပါသည်။ နှစ်စဉ် အဖွဲ့ဝင်ကြေးအနေဖြင့် Associate Member အတွက် ယူရို (၅၀၀) နှင့် Ordinary Member အတွက် ယူရို (၃၂၀) သတ်မှတ်ထားရှိပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

…………………………………………………………………………………………………

## သင်္ဘောတင်ပို့သူများအနေဖြင့် ပြည်ပပို့ကုန်တိုးတက်မှု(၁၂%)ရရှိမည်ခန့်မှန်း

ဩဂုတ်လတွင် ပြည်ပသို့သင်္ဘောတင်ပို့မှုသည် (၆) လမြောက်အဖြစ် ဆက်တိုက်တိုး တက်ခဲ့ပြီးနောက် ပြည်ပသို့သင်္ဘောတင်ပို့သည့် အုပ်စုများအနေဖြင့် ယခုနှစ် ပြည်ပတင်ပို့မှု အလားအလာနှင့် ပတ်သက်၍ ပိုမိုတိုးတက်လျှက်ရှိနေကြောင်း သိရှိရပါသည်။ ထိုင်းအမျိုးသား ပို့ဆောင်ရေးကောင်စီ Thai National Shippers' Council (TNSC) ဥက္ကဋ္ဌ Chaichan Chareonsuk က ပြည်ပသို့ သင်္ဘောတင်ပို့သည့် အုပ်စုများအနေဖြင့် ၎င်းတို့၏ ယခုနှစ်အတွက် ပြည်ပပို့ကုန် တိုးတက်မှု (၁၂%) ဖြင့် အမေရိကန်ဒေါ်လာ (၂၆၀) ဘီလီယံရရှိရန် မျှော်မှန်းချက်ကို ဆက်လက်၍ ထိန်းသိမ်း ထားကြောင်း (၅.၁၀.၂၀၂၁) ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

အပြုသဘောဆောင်သည့် အချက်များတွင် စီးပွားရေးပြန်လည် နာလန်ထူလာမှုနှင့် အမေရိကန်၊ တရုတ်၊ အီးယူနှင့် ဂျပန်စသော အဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ဝယ်လိုအား မြင့်တက်လာမှုနှင့် အစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးမှု တိုးတက်လာခြင်းကလည်း စီးပွားရေး လုပ်ငန်းများ ပြန်လည်လှုပ်ရှားဆောင်ရွက်ရာတွင် ကမ္ဘာတစ်ဝှမ်းရှိအများပြည်သူတို့၏ ယုံ ကြည်မှုကို ပိုမိုရရှိစေကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

Mr. Chaichan ကဆက်လက်၍ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားမန်နေဂျာများ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများ၏ အညွှန်းကိန်းသည် (၅၀) မှတ် မှ (၆၀) မှတ်တွင် တည်ငြိမ်စွာရှိနေ ကြောင်း၊ ၎င်းက ကုန်ထုတ်လုပ်မှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည် နာလန်ထူ ကောင်းမွန်အားကောင်းလာခြင်းကို ထင်ဟပ်စေကြောင်း ပြောကြားခဲ့

ပါသည်။ ပို၍အရေးကြီးသည်မှာ အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် ဘတ်ငွေတန်ဖိုးအားနည်း ကျဆင်းလာခြင်းက ပို့ကုန်တင်ပို့မှုကို များစွာအထောက်အကူပြုစေကြောင်း ၎င်းကပြော ကြားခဲ့ပါသည်။

သို့ရာတွင်၂၀၂၁ခုနှစ်အတွက် ထိုင်းနိုင်ငံ၌ကပ်ရောဂါကူးစက်မှု နှင့်ကာကွယ်ဆေး ဖြန့်ဖြူးမှု နှေးကွေးခြင်းတို့အပါအဝင် အခက်အခဲအနှောင့်အယှက်များ ရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ နိုင်ငံအတွင်း ကပ်ရောဂါကူးစက်ခံရသူဦးရေ ကျဆင်းသွား သော်လည်း ပြည်နယ်များ၌ ကူးစက်မှုများစတင်၍ တိုးလာကြောင်းနှင့် ကာကွယ်ဆေး ဖြန့်ဖြူးမှုအနေဖြင့် ကျယ်ပြန့်စွာ မဆောင်ရွက်နိုင်သေးကြောင်း၊ အထူးသဖြင့် စက်ရုံများရှိ သည့်ဇရိယာများ၌ဖြစ်ကြောင်း၎င်းကပြောကြားခဲ့ပါသည်။

TNSC အနေဖြင့် အစိုးရအား ကုန်ထုတ်လုပ်သည့်စက်ရုံများရှိ အလုပ်သမားများ အတွက်ကာကွယ်ဆေးထိုးမှုကို အရှိန်မြှင့်တင်ဆောင်ရွက်သွားရန်နှင့် စက်ရုံ Qurantine အစီအမံများ (သို့မဟုတ်) စက်ရုံများ၌ သီးခြားခွဲခြားထားရှိဆောင်ရွက်သည့် နေရာထိုင်ခင်း များအတွက်နှင့် စမ်းသပ်စစ်ဆေးသည့် Antigen Test kits များအတွက် ကုန်ကျစရိတ်များကို အစိုးရအနေဖြင့် အထောက်အပံ့ပေးရန် အဆိုပြုတင်ပြခဲ့ကြောင်း သိရှိရပါသည်။

Mr.Chaichan ၏အဆိုအရ အခြားအရေးကြီးသည့် အန္တရာယ်ရှိသောအချက်များမှာ သင်္ဘောကုန်တင်ခနှုန်းများ မြင့်မားနေခြင်း၊ အထူးသဖြင့် အီးယူနှင့်အမေရိကန်သို့ သွားသည့် လမ်းကြောင်းများအတွက်ဖြစ်ကြောင်းနှင့် ကွန်တိန်နာမလုံလောက်ခြင်းများ၊ သင်္ဘောကုန် တင်နေရာ မလုံလောက်မှုနှင့် ချပ်စ်(Chips)နှင့် သံမဏိကဲ့သို့သောကုန်ကြမ်း မလုံလောက်မှု များဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ်လ၌ အကောက်ခွန် ရှင်း လင်းပြီး ပြည်ပတင်ပို့မှုအနေဖြင့် နှစ်အလိုက်တွင် (၈.၃၉%) တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ(၂၂) ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၄၇.၉%) တိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ (၂၃.၂) ဘီလီယံရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ (၁.၂၂)ဘီလီယံရှိခဲ့ ကြောင်း စက်တင်ဘာလ(၂၄)ရက်နေ့တွင် အစီရင်ခံ တင်ပြခဲ့ပါသည်။

၎င်းမှာ ဖေဖော်ဝါရီလတွင် ပို့ကုန်(၂.၅၉%) ကျဆင်းခဲ့ပြီးသည့်နောက်၊ မတ်လတွင် (၈.၄၇%)၊ ဧပြီတွင်(၁၃.၁%)၊ မေလတွင် (၄၁.၆%)နှင့် ဇွန်လတွင်(၄၃.၈%)၊ ဇူလိုင်လတွင် (၂၀.၃%)တို့ဖြင့် အသီးသီးတိုးတက်ခဲ့ပြီးနောက် ဩဂုတ်လတွင် (၆)လမြောက်ဆက်တိုက်

အဖြစ် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ရွှေ၊ ရေနံနှင့်ဆက်စပ်ထုတ်ကုန်များ၊ လက်နက်များမပါဝင်ဘဲ အမှန်တစ်ကယ် တင်ပို့ခဲ့သောပို့ကုန်များအနေဖြင့် ယခင်နှစ်ကာလ တူထက် ဩဂုတ်လတွင် ဆက်လက်၍ (၁၉.၄%) မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

………………………………………………………………………………………………….

## စီးပွားရေးလုပ်ငန်းသုံးယာဉ်များအတွက် ဟိုက်ဒရိုဂျင်လောင်စာအသုံးပြုရန် စီစဉ်ထားခြင်း

တရုတ်နိုင်ငံ၏ ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် ဓါတုဗေဒလုပ်ငန်းကြီး တစ်ခုဖြစ်သည့် Sinopec သည် ဟောင်ကောင်ဒေသ၌ လောင်စာဆီအရောင်းဆိုင်များအတွက် ကြီးမားသည့် ကွန်ယက်လည်းရှိကြောင်း၊ အဆိုပါ Sinopec သည်သယ်ယူပို့ဆောင်ရေး အချက်အချာကျ သော ဟောင်ကောင်ဒေသအား ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုသုညအထိ ရောက် ရှိရန် ရည်ရွယ်ထားသည့် ဟောင်ကောင်ဒေသအစိုးရ၏ ရည်မှန်းချက် အောင်မြင်ရေး ပံ့ပိုးကူညီရန် အခွင့်အလမ်းများလည်း ရှာဖွေလျက်ရှိကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Eric Ng က“Plan to introduce hydrogen fuel for commercial vehicles”ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်ဒေသ၌ လောင်စာဆီဆိုင် (၁၇၉) ဆိုင်ရှိပြီး Sinopec (Hong Kong) မှ ဖွင့်လှစ်ထားသောဆိုင် (၅၄) ဆိုင်ရှိသောကြောင့် ကာဗွန် ထုတ်လွှတ်မှု သုညအထိ ရောက်ရှိအောင်ဆောင်ရွက်မှုအရှိန်မြှင့်တင်ရန် ဒေသအစိုးရအား Sinopec မှ မဲဆွယ်စည်းရုံးလျက်ရှိကြောင်း၊ တောင်ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ တရုတ် ပြည်မကြီး၊ ဥရောပနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် ဓါတ်ဆီနှင့် ဒီဇယ်ဆီလောင်စာ အသုံးပြုသည့်ယာဉ်များအား ဟိုက်ဒရိုဂျင် အသုံးပြုသည့်ယာဉ်များနှင့် အစားထိုး အသုံးပြု ရန် လွန်ခဲ့သော နှစ်အနည်းငယ်မှ စတင်၍ ဆောင်ရွက်လျက်ရှိပြီး ဟောင်ကောင်ဒေသ၌ ဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးလျက်ရှိ ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသအစိုးရအနေဖြင့် ကာဗွန်ကင်းစင်သည့် ဒေသဖြစ်ရေးအခွင့်အလမ်းများရရှိနိုင်ရန် အထူးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟောင်ကောင်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဗျူရိုဝန်ကြီး Mr. Wong Kam - sing ကပြောကြားခဲ့ကြောင်း၊ သယ်ယူပို့ ဆောင်ရေးလုပ်ငန်းများအတွက် ဟိုက်ဒရိုဂျင်လက်ခံကျင့်သုံးရေး တွန်းအားပေးမှု အကောင်အထည်ဖော်ရန် မူဝါဒများအား အသေးစိတ် ဖော်ပြမည့် ၂၀၃၀ ပြည့်နှစ် ရာသီဥတုဆိုင်ရာ နောက်ဆုံးအခြေအနေ စီမံချက်ကို ယခုနှစ်မကုန်မီ ကြေညာနိုင်ရန် ဟောင်ကောင်ဒေသအစိုးရအနေဖြင့် မျှော်မှန်းထားကြောင်း၊ ဟောင်ကောင်ဒေသ၏ ဘတ်စ်ကားလုပ်ငန်းလုပ်ကိုင်သည့် KMB သည် ကာဗွန်ထုတ်လွှတ်မှုသုည ရည်မှန်းချက်အောင်မြင်ရန် hydrogen fuel-cell နည်းပညာဖြင့် လုပ်ကိုင်ရန် စိတ်ဝင်စားလျက်ရှိကြောင်း၊ ဟောင်ကောင်ဒေသသည် ဟိုက်ဒရိုဂျင် ထုတ်လုပ်ရန် လွယ်ကူချောမွေ့သည့် ကွမ်တုံးပြည်နယ်နှင့် နီးကပ်စွာတည်ရှိသောကြောင့် ဟောင်ကောင်ဒေသအတွက် ဟိုက်ဒရိုဂျင် အလွယ်တကူရရှိနိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၏ အနောက်မြောက်ဘက်ရှိ (၁၃၃) ကီလိုမီတာတွင် တည်ရှိသည့် ဖိုရှမ်းမြို့၌ ကာဗွန်ထုတ်လွှတ်မှု သုညဖြင့် ကုန်စည်များပို့ဆောင်သည့် ကုန်တင်ကား (၄၄၈) စီးနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဘတ်စ်ကား (၁,၀၀၀) စီး ပြေးဆွဲလျက်ရှိကြောင်း၊ အဆိုပါ ဖိုရှမ်းမြို့သည် ဟိုက်ဒရိုဂျင်ပံ့ပိုးတင် သွင်းမှုကွင်းဆက်ဖွံ့ဖြိုးတိုးတက်ရန် အချက်အချာကျသည့်မြို့ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်ထိ တရုတ်ပြည်မကြီး၌ ဟိုက်ဒရိုဂျင် ပြန်လည်ဖြည့်တင်းရန်နေရာ (၁၂၀) ခုရှိရာ ကမ္ဘာ့လေးပုံ တစ်ပုံရှိကြောင်း၊ တရုတ်အစိုးရ၏၂၀၂၁-၂၀၂၅ စီမံချက်အောက်တွင် ဟိုက်ဒရိုဂျင်ပြန်လည်ဖြည့်တင်း နိုင်မည့်နေရာ (၁၀၀၀) ခုကျော် ထပ်မံထည့်သွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ လာမည့်ဆယ်စုနှစ် (၃) စုအတွင်း ဟိုက်ဒရိုဂျင်သုံးစွဲမှု (၆) ဆ မြင့်တက်နိုင်ပြီး ၂၀၅၀ ပြည့်နှစ် တွင် ဟိုက်ဒရိုဂျင်သုံးစွဲမှုမှာ စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ (၁၀)ရာခိုင်နှုန်း ပါဝင်နိုင်ကြောင်း ရေးသား ဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

..........................................................................................................

## အခွန်ဥပဒေပြုပြင်ပြောင်းလဲပြီးနောက် ဖွဲ့စည်းပုံများ ပြန်လည်စမ်းစစ်ရန် ဟောင်ကောင် လုပ်ငန်းများအား ပြောကြားခဲ့ခြင်း

ဥရောပသမဂ္ဂမှ အခွန်တိုက်ဖျက်ရန် အစီအစဉ်ကို ပံ့ပိုးကူညီရန် ဟောင်ကောင်ဒေသ အခွန်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ပြန်လည်ပြင်ဆင်မည်ဖြစ်သောကြောင့် ကုမ္ပဏီများ အနေဖြင့်၎င်းတို့၏ဖွဲ့စည်းပုံများကို ပြန်လည်သုံးသပ်ရန် ဟောင်ကောင်ဒေသ အစိုးရမှ ပြောကြား ခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu Eric Ng က“HK firms told to review structures after law changes” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် လာမည့်ကြာသပတေးနေ့ (၁၄-၇-၂၀၂၁) ရက်နေ့ နောက်အကျဆုံးထား၍ ဥရောပသမဂ္ဂမှဟောင်ကောင်ဒေသ၌ ရင်းနှီးမြှုပ်နှံထားသောကုမ္ပဏီများ အခွန်တိုက်ဖျက်ရေးကိုင်တွယ်ဖြေရှင်းရန်ပြောင်းလဲမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင်ဒေသ၌ စီးပွားရေးလုပ်ဆောင်မှုများတွင် မသေချာမရေရာမှုများ ရှိနိုင်ကြောင်း၊ အဆိုပါ အခွန်ဥပဒေ အသစ်ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြင့် ဟောင်ကောင်ဒေသရှိ ကုမ္ပဏီများအတွက် မသေချာမရေရာမှုများ ကြုံတွေ့နိုင်ကြောင်း၊ ဟောင်ကောင်အခွန်ဥပဒေ ပြုပြင်ပြောင်းလဲပြီးလျှင် အချို့သော ကုမ္ပဏီများအတွက် အခွန်ကင်းလွတ်သည့်အခြေအနေကို ဆုံးရှုံးနိုင်ချေရှိကြောင်း၊ အခွန်ကင်း လွတ်ခွင့်ရရှိရန် အာဏာပိုင်များသို့ အစီရင်ခံစာများ တင်ပြရန် ပိုမိုလိုအပ်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ အခွန်ဥပဒေအား ယခုနှစ်ကုန်တွင် ပြန်လည်ပြုပြင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် စည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါ သည်။

ဟောင်ကောင်ဒေသအား အီးယူ၏ non-cooperative tax jurisdictions ၏ ‘grey list’ တွင် အင်္ဂါနေ့ (၅-၁၀-၂၀၂၁) ရက်နေ့တွင် ထည့်သွင်းခဲ့ကြောင်း၊ ဟောင်ကောင်ဒေသရှိ ဥရောပ စီးပွားရေးလုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများမှာ အခွန်မပေးဆောင်မှု နှစ်ကြိမ် ‘double non-taxation’ ဖြစ်နိုင်ကြောင်း၊ ဟောင်ကောင်ဒေသ၌ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုမရှိသည့် ကုမ္ပဏီများအတွက်အဓိကထား၍ ဥပဒေပြုပြင်ပြောင်းလဲခြင်းဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ မရှိသည့် ဟောင်ကောင်ကုမ္ပဏီများအနေဖြင့် အသိဉာဏပစ္စည်းမူပိုင်ခွင့်နှင့် ဘဏ္ဍာရေး ဖွဲ့စည်းပုံ ပြန်လည်စမ်းစစ်ရန် လိုအပ်မည် ဖြစ်ကြောင်း၊ simple taxation system ဖြစ်စေ(သို့မဟုတ်) territorial system ဖြစ်စေ အသုံးပြုသည့် လက်ကားရောင်းချမှုများအပေါ် ဒေသအစိုးရ၏ အခွန်ဥပဒေပြုပြင်ပြောင်းလဲခြင်း မှာ သက်ရောက်မှုမရှိနိုင်ကြောင်း၊

ဒေသအစိုးရအနေဖြင့်ဟောင်ကောင်၌ အကျိုးအမြတ်ဝင်ငွေရရှိသည့် လုပ်ငန်းများအပေါ်သာ အခွန်ကောက်ခံခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဟောင်ကောင် အခွန်ဥပဒေ ပြုပြင်ပြောင်းလဲခြင်းမှာ လက်ကားရောင်းချမှုအပေါ် သက်ရောက်မှုမရှိနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

## ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှု နှုန်းထားများ မြင့်မားလာမှုကြောင့် ပို့ကုန်တင်ပို့သူများအား ထိခိုက်လျက်ရှိခြင်း

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၎င်းတို့၏ စက်ရုံများ ပြန်လည်ဖွင့်လှစ်ရန် အဆင့်သင့်ဖြစ်လျက်ရှိသောကြောင့် ကုန်ပစ္စည်းဝယ်လိုအားများ လျော့ကျလျက်ရှိကြောင်း၊ သို့သော် ကုန်ကြမ်းပစ္စည်းဈေးနှုန်းများမြင့်တက်မှုနှင့် ပို့ကုန်တင်ပို့သည့် ကုန်ကျစရိတ်များ အလွန်မြင့်မားသောကြောင့် တရုတ်နိုင်ငံမှ ပို့ကုန်တင်ပို့သူများအား ထိခိုက်လျက်ရှိကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Ji Siqi နှင့် Xinlu Liang တို့က “ Soaring sea freight costs hit exporters” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ပို့ကုန်တင်ပို့မှုကုန်ကျစရိတ်မှာ ယခင်နှစ်အနည်းဆုံး ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် (၄၀၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လုပ်ငန်းအမျိုးမျိုးမှ ပို့ကုန်ပစ္စည်းတင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်မှုမှာ ညီမျှမှုမရှိကြောင်း၊ တန်ဖိုးမြင့်မားပြီး ပမာဏသေးငယ် သည့် ကုန်ပစ္စည်းများအတွက် ကုန်တင်ပို့သည့် ကုန်ကျစရိတ်၏ သက်ရောက်မှု နည်းပါးပြီး တန်ဖိုး နည်းပြီး ပမာဏကြီးမားသည့် ကုန်ပစ္စည်းများအပေါ် သက်ရောက်မှုမြင့်မားကြောင်း၊ အလုပ်သမား အင်အားအများအပြား အသုံးပြုထုတ်လုပ်ရသည့် တရုတ်နိုင်ငံထုတ် အရုပ်များနှင့် အခြားသော ခရစ္စမတ်ကုန်ပစ္စည်းများ၏ ဈေးနှုန်းမှာ ယှဉ်ပြိုင်စွမ်းအား မြင့်မားပြီး သင်္ဘောဖြင့် ကုန်ကျစရိတ် အသက်သာဆုံးဖြင့်တင်ပို့ကြောင်း၊ သို့သော် လွန်ခဲ့သော (၁၈) လခန့်မှ စတင်၍ ပို့ကုန်တင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်ခဲ့မှုကြောင့် အချို့သောသွင်းကုန်တင်သွင်းသူများမှာ ၎င်းတို့ ဝယ်ယူသည့်ပမာဏ ပြန်လည်လျှော့ချမှုများ စတင်ပြုလုပ်ခဲ့ကြကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ထိန်းချုပ်လာနိုင်ပြီ ဖြစ်သော်လည်း အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ဂိမ်းကစားသည့် ပစ္စည်းများ၊ ခရစ္စမတ်ပစ္စည်း အမှာစာများ ပယ်ဖျက်မှုကြောင့် ၂၀၂၀ ပြည့်နှစ်နှင့်နှိုင်းယှဉ်လျှင် ကုန်ပစ္စည်းတင်ပို့မှုများ လျော့ကျလာကြောင်း၊ ပုံမှန်အားဖြင့် နှစ်စဉ် မေလမှ အောက်တိုဘာလအထိ အလုပ်များသော်လည်း ယခုနှစ်တွင် လုပ်ငန်းဆောင်ရွက်မှု များပြားခြင်းမရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှုသာမက ကုန်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးသည့် ကွင်းဆက်အပေါ် ဖိအားများဖြစ်ပေါ်စေနိုင်ကြောင်း၊ ၎င်းတို့ ရောင်းချမည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်သည့်ကုန်ကြမ်း ပစ္စည်းများဈေးနှုန်းမှာ မြင့်မားလျက်ရှိကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် တန်ဖိုးနည်းပါးသည့် ကုန်ပစ္စည်းများ ထုတ်လုပ်မှုအား လျှော့ချလာကြကြောင်း၊ ပို့ကုန်တင်ပို့မှု ကုန်ကျစရိတ်မြင့်မားမှုကြောင့် တရုတ်နိုင်ငံမှ ကုန်ပစ္စည်း တင်ပို့မှုအပေါ် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ကုန်ပစ္စည်းတန်ဖိုးမြင့်မားပြီး အရွယ်ပမာဏသေးငယ်သည့်ပစ္စည်းများ တင်ပို့ရောင်းချမှုမှာ ကုန်ပစ္စည်းတန်ဖိုး လျော့နည်းပြီး အရွယ်ပမာဏကြီးမားသည့်ပစ္စည်းများ တင်ပို့ရောင်းချမှုထက် ပိုမိုကောင်းမွန်ကြောင်း၊ ကွန်ပြူတာ၊ ဆက်သွယ်ရေးပစ္စည်းများ လုပ်ငန်းနှင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆက်စပ် ဆေးဝါးပစ္စည်းများ တင်ပို့မှုမှာ လျင်မြန်စွာ တိုးတက်လာပြီး ကုန်ပစ္စည်းပမာဏ အရွယ်ကြီးမားပြီး တန်ဖိုး လျော့နည်းသည့် ကုန်ပစ္စည်းများတင်ပို့မှုမှာ နှေးကွေးလာကြောင်း၊ ၂၀၂၁ ခုနှစ်၊ နှစ်ဦးပိုင်းနှင့် နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံ၏ ပို့ကုန် တင်ပို့မှုမှာ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ (၂၉၄.၃၂) ဘီလီယံရာခိုင်နှုန်းအားဖြင့် (၂၅.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စက်ဘီးများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ၏ တင်ပို့မှုမှာလျော့ကျလာကြောင်း တရုတ်နိုင်ငံ အကောက်ခွန်စာရင်းများအရသိရှိရကြောင်း၊ ကုန်တင်ပို့ခမြင့်မားမှုနှင့် ကွန်တိန်နာများပိတ်ဆို့မှုကြောင့် ခရစ္စမတ်ပစ္စည်း ဝယ်ယူသူများမှာ ကြိုတင်မှာယူလာကြကြောင်း၊ တရုတ်နိုင်ငံမှပို့ကုန်များ မြင့်တက်လာနိုင်သည့် လက္ခဏာများရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်

…………………………………………………………………………………………………

## ထိုင်းနိုင်ငံ၏လူနေမှုဘဝပုံစံထုတ်ကုန်များပြည်ပတင်ပို့မှုတိုးတက်ခြင်း

ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုနှင့် ပြည်ပတင်ပို့သူများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များကို အွန်လိုင်းနှင့် အွန်လိုင်းစီးပွားရေးတွေ့ဆုံပွဲများမှတစ်ဆင့် ရောင်းချဆောင်ရွက်မှုများကြောင့် ထိုင်းနိုင်ငံ၏ လူနေမှုဘဝပုံစံ ထုတ်ကုန်များတင်ပို့မှုသည် ယခုနှစ်တွင် (၁၃.၄%)တိုးတက်ပြီး ဘတ်ငွေ (၃၆၃) ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Phusit Ratanakul က အဓိက ပြည်ပပို့ကုန်တင်ပို့သည့် နိုင်ငံများတွင် စီးပွားရေးပြန်လည်နာလန်ထူ ကောင်းမွန်လာသဖြင့် ထိုင်းနိုင်ငံ၏လူနေမှုဘဝပုံစံ ထုတ်ကုန်များနှင့် ဖက်ရှင်ထုတ်ကုန်များပြည်ပသို့ တင်ပို့မှုအနေဖြင့် ယခုနှစ်ပထမ(၈)လတွင်(၁၅%)မြင့်တက်ခဲ့ပြီး ဘတ်ငွေ(၂၄)ဘီလီယံ ရရှိခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါကာလတွင် အမေရိကန်ဈေးကွက်သို့ တင်ပို့မှုအနေဖြင့် (၂၅.၃%) တိုးတက်ခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့မှုအနေဖြင့် (၃၇.၅%) မြင့်တက် ခဲ့ပြီးဩစတြေးလျနိုင်ငံသို့တင်ပို့မှု(၂၇.၆%)၊ ဗီယက်နမ်နိုင်ငံသို့ တင်ပို့မှု(၁၁.၇%)၊ ဂျပန်နိုင်ငံသို့ တင်ပို့မှု(၇.၅%)တို့ဖြင့် အသီးသီးမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ လူနေမှုဘဝပုံစံနှင့်ဖက်ရှင်ထုတ်ကုန်များ ပြည်ပတင်ပို့မှုအနေဖြင့် ယခုနှစ်ကုန်အထိ တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်လင့်ကြောင်း၊ မိမိတို့အနေဖြင့် အဆို ပါကဏ္ဍများ ပြည်ပတင်ပို့မှုသည် ၂၀၂၀ခုနှစ်တွင် ပြည်ပတင်ပို့မှု (၁၄.၅%) ကျဆင်းခဲ့သည်မှ ယခုနှစ် တွင်(၁၃.၄%)တိုးတက်ကာ ဘတ်ငွေ (၃၆၃) ဘီလီယံ ရရှိရန် မျှော်မှန်းထားကြောင်း၊ ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်နာလန်ထူလာမှုနှင့် လူအများအနေဖြင့် ၎င်းတို့၏ စီးပွားရေး ဆိုင်ရာလုပ်ရှားဆောင်ရွက်မှုများအပေါ် ယုံကြည်ချက်များ ကြောင့် ခိုင်မာသော တိုးတက်မှုရရှိလိမ့် မည်ဟုယူဆကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်Covid-19 အကျပ်အတည်းအား ကျော်လွှားနိုင်ရန်အတွက် ၎င်းတို့၏ဈေးကွက်ရှာဖွေရေးလမ်းကြောင်းများကို ပြောင်းလဲခဲ့ပြီး အွန်လိုင်းနှင့် အွန်လိုင်းစီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ( Online Business Matching ) များကိုပိုမို၍ ဆောင်ရွက်ခဲ့ကြကြောင်းသိရှိရပါသည်။ မစ္စတာဖူဆစ်၏ ပြောကြားချက်အရ ထိုင်းလူနေမှုဘဝပုံစံနှင့် ဖက်ရှင်ထုတ်ကုန်များအနေဖြင့် ဈေးနှုန်းမဟာဗျူဟာထက် အရည်အသွေးနှင့် ဒီဇိုင်းပိုင်း တွင် ပို၍ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် လိုအပ်နေသေးကြောင်းသိရှိရပါသည်။

ဆက်စပ်ဖွံ့ဖြိုးတိုးတက်မှုအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Boonyarit Kalayanamit က “ Tha Marche’ by STYLE Bangkok ” ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းလူနေမှုဘဝပုံစံနှင့် ဖက်ရှင်ထုတ်ကုန်လုပ်ငန်းများအနေဖြင့် စီးပွား ရေးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါ ကြောင်း၊ အဆိုပါ စီးပွားရေးလုပ်ငန်းများ၏ (၉၀%)မှာ SMEs များဖြစ်ကြပြီး တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အလုပ်သမားပေါင်း (၁)သန်းခန့်ကို အလုပ်ခန့်ထားကြောင်း ပြောကြားခဲ့ပါသည်။

Bangkok post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

……………………………………………………………………………………………..

## နိုင်ငံခြားသားများအတွက်အခွန်ငွေဖြတ်တောက်ရန်စဉ်းစားနေခြင်း

အခွန်ဦးစီးဌာနသည် နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင်များ၏ ဝင်ငွေခွန်ကို (၁၇%)သို့ လျှော့ချပေးရန် စဉ်းစားနေကြောင်း ညွှန်ကြားရေးမှူးချုပ် Ekniti Nitithanprapas က ပြောကြား လိုက်ကြောင်းသိရှိရပါသည်။ ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကရေးကိုယ်ပိုင် ဝင်ငွေခွန်နှုန်းသည် အဆင့်ဆင့်တိုးတက်ပြောင်းလဲလျှက်ရှိနေကြောင်း၊ ဝင်ငွေခွန်သည် လစာအဆင့်အလိုက် ကွဲပြား ခြားနားကြောင်း၊ နှစ်စဉ်ဝင်ငွေ ဘတ်(၁၅၀,၀၀၁)မှနေ၍ ဘတ် (၃၀၀,၀၀၀)အထိ ရရှိကြသူများသည် ဝင်ငွေခွန်နှုန်း (၅%) ကျသင့်ပြီး နှစ်စဉ်ဝင်ငွေ ဘတ်(၅)သန်းနှင့်အထက် ရရှိကြသူများသည် ထိပ်တန်းအခွန်နှုန်းဖြစ်သည့် (၃၅%) ကျသင့် ကြောင်းသိရှိရပါသည်။

Mr. Eknitiက ဤနည်းပါးသောအခွန်အတွက် အရည်အချင်းကိုက်ညီသည့် နိုင်ငံ ခြားသား ကျွမ်းကျင်သူ experts များအနေဖြင့် ထိုင်းနိုင်ငံ၏ လိုအပ်နေသော နေရာများ တွင်လုပ်ကိုင်ရမည်ဖြစ်ကြောင်းနှင့် အဆိုပါကျွမ်းကျင်သူများအနေဖြင့် ထိုင်းနိုင်ငံအနှံ့မည် သည့်နေရာမဆိုလုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ၎င်းက ဦးစီးဌာနအနေဖြင့် အဆိုပါအခွန်အခွင့်အရေး အတွက် ကာလတစ်ခုသတ်မှတ်ရန် စဉ်းစားနေကြောင်း ပြော ကြားခဲ့ပါသည်။

အစိုးရအဖွဲ့အနေဖြင့် အလားအလာမြင့်မားသောနိုင်ငံခြားသားများအား ထိုင်းနိုင်င ံတွင် ကာလကြာမြင့်စွာ နေထိုင်ရေးဆွဲဆောင်မှုပြုရန် အစီအမံများကို အတည်ပြုပေးခဲ့

ပါသည်။ အစိုးရအဖွဲ့သည် အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီကို ဘဏ္ဍာရေး ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဆက်စပ် ဌာနဆိုင်ရာများနှင့် တိုင်ပင်ဆွေးနွေးဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ကြောင်းသိရှိရပါသည်။

Mr.Ekniti က အခြားအချက်များဖြစ်သော တိုင်းပြည်လုံခြုံမှုနှင့်ကျောင်းများ၏အရည်အသွေးမြင့်မားမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု စသည်တို့ကဲ့သို့သော အလေးထားရမည့် အချက်များ ရှိနေခြင်းကြောင့် အခွန်လျှော့ချပေးခြင်းသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ရန် နိုင်ငံခြားသား များအတွက် အဓိကဆွဲဆောင်ချက်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

အစိုးရအဖွဲ့အနေဖြင့်ဝိုင်များ၊ အယ်လ်ကိုဟောပါဝင်သော အဖျော်ယမကာများနှင့် စီးကရက်ကဲ့သို့သော အချို့သောကုန်ပစ္စည်းများအတွက် (၅)နှစ်တာကာလအတွက် သွင်းကုန်ခွန်များကို တစ်ဝက်အထိ လျှော့ချမှုကို လည်းအတည်ပြုပေးခဲ့ကြောင်း၊ အဆိုပါပစ္စည်းများအတွက် လက်ရှိအခွန်နှုန်းမှာ (၃၀-၆၀%)အထိရှိနေကြောင်း၊ နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင်များ ထိုင်းနိုင်ငံ တွင် အလုပ်လုပ်ကိုင်နိုင်ရန်ဖြစ်ကြောင်း သိရှိရပါသည်။

အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Patchara Anuntasilpa က ဦးစီးဌာနအနေဖြင့်ဦးစီးဌာနအနေဖြင့် အခွန်လျှော့ချရေး စီမံချက်အသေးစိတ်ကို ခွဲခြမ်းစိတ်ဖြာလေ့လာဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စဉ်းစားသုံးသပ်နိုင်ရန် အဆိုပြုတင်ပြ သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

၎င်းက အခွန်လျှော့ချပေးခြင်းဖြင့် နိုင်ငံခြားသားကျွမ်းကျင်ပညာရှင်များကို ဆွဲဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ အကြောင်းမှာ ၎င်းတို့အနေဖြင့် မြင့်မားသောလစာများကို ရရှိကြပြီး အဆိုပါ ကုန်ပစ္စည်းများကိုဝယ်ယူရန် တတ်နိုင်သူများဖြစ်ကြကြောင်း၊ ဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာနက အခွန်လျှော့ချရေးသည်အလုပ်ဖြစ်မည်ဟု ယုံကြည်ပါက အဆိုပြုတင်ပြရန် အဆင်သင့်ပြင်ဆင်ထားကြောင်း ပြောကြားခဲ့ပါသည်။

Bangkok post
လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

................................................................................................................................

## အောက်တိုဘာလ၏ ပထမရက်သတ္တပတ် ၂ ပတ်အတွင်း ဘရာဇီးလ်နိုင်ငံ၏ကုန်သွယ်မှုတွင် အမေရိ ကန်ဒေါ်လာ ၁.၉ ဘီလီယံ ကုန်သွယ်မှုပိုငွေပြ

ဘရာဇီးလ်နိုင်ငံသည် ကုန်သွယ်မှုမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၏ ပထမရက် သတ္တပတ် ၂ ပတ်တာကာလ(၁ရက်မှ ၁၀ရက်အထိ) အတွင်း အမေရိကန်ဒေါ်လာ ၁.၉၂၉ ဘီလီယံ ကုန်သွယ်မှုပိုငွေရရှိခဲ့သည်။

အစိုးရ၏စာရင်းများအရ ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇.၈၉၉ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ၅.၉၇၁ ဘီလီယံတို့ ဖြစ်သည်။ ဘရာဇီးလ် နိုင်ငံခြားကုန်သွယ်မှုဌာန (Secretariat of Foreign Trade - Secex)၏ အောက်တိုဘာလ ၁၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့်စာရင်းတွင် အောက်တိုဘာလပထမ အပတ် ရုံးဖွင့်ရက် ၁ ရက်တာကာလတွင် အမေရိကန်ဒေါ်လာ ၈၂၆ သန်း တန်ဖိုးအား ကုန်သွယ်မှုပြုခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် အောက်တိုဘာ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိကုန်သွယ်မှုပြုလုပ်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံ ကုန်သွယ်မှုပိုငွေ ရရှိခဲ့သည်။

အစိုးရ၏စာရင်းများအရ ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၇.၈၉၉ ဘီလီယံနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅.၉၇၁ ဘီလီယံတို့ ဖြစ်သည်။ ဘရာဇီးလ် နိုင်ငံခြားကုန်သွယ်မှုဌာန (Secretariat of Foreign Trade - Secex)၏ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့်စာရင်းတွင် အောက်တိုဘာလ ပထမ အပတ် ရုံးဖွင့်ရက် ၁ရက်တာကာလတွင် အမေရိကန်ဒေါ်လာ ၈၂၆ သန်း တန်ဖိုးအား ကုန်သွယ်မှုပြုခဲ့ကြောင်း ဖော်ပြထားသည်။ ထို့အပြင် အောက်တိုဘာ ၄ ရက်နေ့မှ ၁၀ ရက်နေ့အထိကုန်သွယ်မှုပြုလုပ်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံ ကုန်သွယ်မှုပိုငွေ ရရှိခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့ အထိကာလအတွင်း ကုန်သွယ်မှုပိုငွေ ၅၈.၅၀၄ ဘီလီလံ ရရှိခဲ့ပြီးယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက နေ့စဉ်ပျမ်းမျှ ၃၈.၈ ရာခိုင်နှုန်းကုန်သွယ်မှုပိုငွေရရှိခဲ့သည်။ အောက်တိုဘာလ ဒုတိယပတ်တွင် ဘရာဇီးလ်နိုင်ငံ၏ပို့ကုန်တင်ပို့မှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄၉.၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီးစက်မှုပစ္စည်းတင်ပို့မှုတွင် ၅၂.၉

ရာခိုင်နှုန်း၊ စက်မှုကုန်ချော တင်ပို့မှုတွင် ၄၈.၈ ရာခိုင်နှုန်းနှင့် လယ်ယာထွက်ကုန်တင်ပို့မှုတွင် ၄၅.၆ ရာခိုင်နှုန်းတို့ အသီးသီးတိုးတက်တင်ပို့ခဲ့သည်။ ဘရာဇီးလ်နိုင်ငံ၏ သွင်းကုန်ကဏ္ဍသည်လည်း ၅၀.၃ ရာခိုင်နှုန်းပိုမိုတိုးတက်ခဲ့ပြီး လယ်ယာထွက်ကုန်တင်သွင်းမှုတွင် ၄၁ ရာခိုင်နှုန်း၊စက်မှုပစ္စည်းတင်သွင်းမှု ၁၃၄.၁ ရာခိုင်နှုန်း နှင့် စက်မှုကုန်ချောတင်သွင်းမှုတွင် ၄၆.၅ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့သည်။

သတင်းရင်းမြစ် - canalrural.com.br

ထွန်းအောင်ဇော်၊ စီးပွားရေးသံမှူး

ဘရာဇီးလ်

..............................................................................................................

# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန
# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၁ / ၂၀၂၁)　　　　၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်


| ၂၉-၁၀-၂၀၂၁ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၁၇၇၁.၀ |
| ယူရို | ၂၀၆၂.၇ |
| စင်္ကာပူဒေါ်လာ | ၁၃၁၅.၉ |
| စတာလင်ပေါင် | ၂၄၃၈.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၆.၇ |
| တရုတ်ယွမ် | ၂၇၆.၈၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၂၇.၇၇ |
| အိန္ဒိယရူပီး | ၂၃.၆၅၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၁.၃၂ |
| မလေးရှား ရင်းဂစ် | ၄၂၇.၄၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၁၀၃ |
| ထိုင်းဘတ် | ၅၃.၃၃၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၇၈၄၁ |


ဈေးကွက်သတင်းဌာနစိတ်၊
စီမံကိန်းဦးစီးဌာန၊
ရုံးအမှတ်(၁၅)
ဖုန်း- ၀၆၇-၃၄၁၀၁၀၇
Email.-
office.mis.npt@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ အိန္ဒိယနိုင်ငံ၌ သဘာဝရော်ဘာ တင်သွင်းမှု တိုးမြင့်ဖွယ်ရှိခြင်း

➢ မိုးပိုမိုရွာသွန်းမှုကြောင့် မတ်ပဲနှင့်ပဲတီစိမ်း အထွက်လျော့ကျမည်ဟု အိန္ဒိယပဲကုန်သည် များက ခန့်မှန်းလျက်ရှိခြင်း

➢ စက်တင်ဘာလဒုတိယလဝက်အတွင်း ဘရာဇီးလ်နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ခြမ်း ပြည်နယ်များတွင် သကြားထုတ်လုပ်မှု ၂၃.၃ ရာခိုင်နှုန်းကျဆင်း

➢ ဩစတြေးလျ Red Meat တင်ပို့မှုများအနက် ဆိတ်သားတင်ပို့မှုက အခိုင်မာဆုံးဖြစ်လာခြင်း

- **အထွေထွေသတင်းများ**

➢ ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industry (FTI) အနေဖြင့် ရေနံဈေး တက်ခြင်းနှင့် ဘတ်ငွေအပေါ် စိုးရိမ်လျှက်ရှိခြင်း

➢ ဩစတြေးလျနိုင်ငံ၏စီးပွားရေးသတင်းများ

➢ စင်္ကာပူ-ဩစတြေးလျ အစိမ်းရောင်စီးပွားရေး သဘောတူစာချုပ်ဖော်ဆောင်လျက်ရှိခြင်း

➢ ဩစတြေးလျနိုင်ငံသားများ ပြည်ပခရီး ဘေးကင်းစွာသွားလာနိုင်ရေး အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိခြင်း

➢ Nok Air အနေဖြင့် ပြန်လည်ဖွင့်လှစ်ခြင်း အစီအစဉ်အတွက် လေယာဉ်များကိုအဆင်သင့် ပြင်ဆင်ထားခြင်း

➢ ဟောင်ကောင်စီးပွားရေးသတင်းများ

- ခရီးသွားလုပ်ငန်းက ယုံကြည်မှုကိုမြှင့်တင်ပေးနိုင်
- RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မည့် ဥပဒေကို ဩစတြေးလျပါလီမန်က အတည်ပြုလိုက်ခြင်း
- တရုတ်နိုင်ငံ၏ လျှစ်စစ်ဓါတ်အား အကြပ်အတည်းကြောင့် ဩစတြေး လျကျောက်မီးသွေး တင်သွင်းမှုပိတ်ပင်ထားခြင်းကို ယာယီဖြေလျှော့ လိုက်ခြင်း
- လေကြောင်းခရီးစဉ်များ ပြန်လည်စတင်နိုင်ရန် Qantas က စီစဉ် ဆောင်ရွက်လျက်ရှိခြင်း
- တိုကျိုစီးပွားရေးသတင်းများ
- ဘဏ္ဍာရေးမူဝါဒရုံးအနေဖြင့် ၂၀၂၁ခုနှစ်တွင် GDPတိုးတက်မှု (၁.၃%) ရရှိရန်အလားအလာရှိကြောင်း ခန့်မှန်း
- ပြပွဲလာရောက်သူများ ကိုယ်တိုင်ဝန်ဆောင်မှုစနစ်ဖြင့် အစားအစာများ အရသာမြည်းစမ်းနိုင်ရန် စားသောက်ကုန်ပြပွဲများအနေဖြင့် တီထွင် ဆန်းစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း
- ဘရပ်ဆဲလ်စီးပွားရေးသတင်းများ
- လာမည့်နှစ်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်စေ့စပ်ညှိနှိုင်းဖွယ်ရှိခြင်း
- Thuringia Follow Up ဆွေးနွေးပွဲတက်ရောက်ခြင်း
- အာရှနှင့်ပစိဖိတ်နိုင်ငံသံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ် (Ambas-sadors in Dialogue) တွင် လိုက်ပါခဲ့ခြင်းနှင့်ပတ်သက်၍ အစီရင်ခံ တင်ပြခြင်း

## အိန္ဒိယနိုင်ငံ၌ သဘာဝရော်ဘာ တင်သွင်းမှု တိုးမြင့်ဖွယ်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ ရော်ဘာ အများဆုံးစိုက်ပျိုးထုတ်လုပ်ရာ ကီရာလာပြည်နယ်၌ မိုးရွာသွန်းမှုများပြားလျက်ရှိခြင်းက အစေးခြစ်လုပ်ငန်းဆောင်ရွက်မှုများကို နှောင့်နှေးမှုဖြစ်ပေါ်စေပြီး ယခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း သဘာဝရော်ဘာထုတ်လုပ်မှုမှာ ကျဆင်းမည့် အခြေအနေရှိပါသည်။

အိန္ဒိယရော်ဘာဖြန့်ချီရေး လုပ်ငန်းရှင်များ အသင်းချုပ်၏ ဥက္ကဋ္ဌ Mr. George Valy က ကီရာလာပြည်နယ်၌ ယခင်လ ကတည်းကပင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရော်ဘာ အစေးခြစ်လုပ်ငန်းများ၌ အနှောင့်အယှက်များဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့ဖြစ်ရာ စက်တင်ဘာလ အတွင်း သဘာဝရော်ဘာ ထုတ်လုပ်နိုင်မှုနှင့် နှိုင်းယှဉ်ပါက အောက်တိုဘာလတွင် သိသာစွာ လျော့နည်းမည်ဟု ခန့်မှန်းရကြောင်း၊ ထို့အပြင် အရှေ့မြောက်မုတ်သုန်လေများ တိုက်ခတ်မှုနှင့် အတူ မိုးများသည်းထန်စွာ ရွာသွန်းနေမှုက သဘာဝရော်ဘာထုတ်လုပ်မှုကို နိုဝင်ဘာလအထိ ဆက်လက်ကျဆင်းစေဖွယ်ရှိကြောင်းဖြင့် ၂၅-၁၀-၂၀၂၁ နေ့၌ ပြောကြားပါသည်။

ရော်ဘာဖြန့်ချီရေးလုပ်ငန်းရှင် Mr. N. Radhakrishnan ကလည်း မိုးများသည်းထန်စွာ ရွာသွန်းမှုက ပင်စည်၏ပတ်လည်၌ ပလတ်စတစ်မိုးကာ တပ်ဆင်ထားသည့် ရော်ဘာပင်များမှ အစေးခြစ်ယူရန်အတွက်ပင် ခက်ခဲမှုရှိပြီး လုပ်သားအင်အား လုံလောက်မှုမရှိသဖြင့် သွင်းအားစု ဆိုင်ရာ ကန့်သတ်ချက် ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထုတ်လုပ်မှုပိုင်း နှောင့်နှေးခြင်းက မော်တော်ကားတာယာ ထုတ်လုပ်သည့်လုပ်ငန်းများအား ပိုမိုဈေးသက်သာသည့် ပြည်ပမှ သဘာဝရော်ဘာများ တင်သွင်းလာစေရန် တွန်းအားပေးလျက်ရှိကြောင်းဖြင့် ပြောဆိုပါသည်။ ကီရာလာပြည်နယ်၌ အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုမှာ ပုံမှန်ထက်ပိုမို၍ ၁၁၇% ရရှိထားပြီးဖြစ်ပါသည်။ သဘာဝရော်ဘာ ထုတ်လုပ်သည့်နိုင်ငံများအဖွဲ့ (ANRPC) ၏ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုမှာ တန်ချိန် ၆၇၀၀၀ ခန့်ရှိပြီး ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် တန်ချိန် ၄၆၀၀၀ ခန့်ကို ပြည်ပမှ တင်သွင်းခဲ့ကြောင်း၊ ၎င်းပမာဏသည် ဩဂုတ်လ၌ တင်သွင်းမှုထက် တန်ချိန် ၅၅၀၀ ခန့်ပိုမိုခဲ့ကြောင်း သိရှိရ သည်။ လက်ရှိကာလတွင် မော်တော်ယာဉ်များ၌ ထည့်သွင်းအသုံးပြုရသည့် အီလက်ထရွန်းနစ် ချစ်ပ် (chip) များ ပြတ်လပ်မှုကြောင့် အိန္ဒိယပြည်တွင်း မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းတွင် တာယာထုတ်လုပ်မှုမှာ အင်အားပြည့်လုပ်ကိုင်မှု မရှိသော်လည်း အောက်တိုဘာလအတွက် သဘာဝရော်ဘာတင်သွင်းမှုမှာ တန်ချိန် ၅၀၀၀၀ အထိ မြင့်တက်နိုင်ကြောင်း Mr. George Valy က ပြောဆိုပါသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြည်တွင်း၌ သဘာဝရော်ဘာထုတ်လုပ်မှု တန်ချိန် ၇.၉ သိန်းနှင့် သုံးစွဲမှုတန်ချိန် ၁၁.၉ သိန်းခန့်ရှိမည်ဟု အိန္ဒိယရော်ဘာလုပ်ငန်းကြီးကြပ်မှုအဖွဲ့ (Rubber Board) က ခန့်မှန်းထားရာ တန်ချိန် ၄ သိန်းခန့်အား ပြည်ပမှ တင်သွင်းရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ပမှ သဘာဝရော်ဘာ များပြားစွာတင်သွင်းရမှုကို ရှောင်ကြဉ်နိုင်ရန်အတွက် ထုတ်လုပ်မှုနှင့် သုံးစွဲမှုအကြား ကွာဟချက်နည်းပါးစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်တာယာနှင့် တာယာမဟုတ်သော ရော်ဘာအသုံးပြုလုပ်ငန်းများမှာ တိုးတက်လျက်ရှိရာ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် Rubber Board က အဆိုပြုထားသည့် ကာလရှည်နှင့် ကာလတို မဟာဗျူဟာများကို အကောင်အထည်ဖော် လုပ်ဆောင်ကြရန်လိုကြောင်းဖြင့် အဆိုပါကြီးကြပ်မှု အဖွဲ့မှ အမှုဆောင်ဒါရိုက်တာ Mr. KN Raghavan က တိုက်တွန်းပြောဆိုထားသည်။

အိန္ဒိယ Rubber Board သည် ပြည်တွင်း၌ သဘာဝရော်ဘာ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကာလရှည်စီမံချက်အဖြစ် နိုင်ငံ၏အရှေ့မြောက်ဘက်ဒေသများတွင် စိုက်ခင်းသစ်များ တိုးချဲ့ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် မတ်လကုန်အထိ တောင်သူ ၅၀၀၀၀ အား ကွင်းဆင်းမှုနှင့် ဗွီဒီယိုကွန်ဖရင့်စနစ်များဖြင့် ထိတွေ့လျက် နည်းပညာပေးသင်တန်းများ ပို့ချခြင်းကို ကာလတို အစီအမံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၏ လုပ်ငန်းအစီအမံများတွင် အိန္ဒိယ မော်တော်ယာဉ်ထုတ်လုပ်သူများအသင်း (ATMA) ကလည်း ရော်ဘာစိုက်ခင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချိတ်ဆက်မှု ရန်ပုံငွေ အစီအစဉ်ဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း သိရှိရပါသည်။

Source: 1. India's rubber output dented by heavy rains in Kerala, to lift imports, 25-10-2021, Economic Times
2. Raise domestic natural rubber output to curb imports, 25-10-2021, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.......................................................................................................................................

## မိုးပိုမိုရွာသွန်းမှုကြောင့် မတ်ပဲနှင့်ပဲတီစိမ်း အထွက်လျော့ကျမည်ဟု အိန္ဒိယပဲကုန်သည်များက ခန့်မှန်းလျက်ရှိခြင်း

အိန္ဒိယနိုင်ငံ၌ မိုးသီးနှံ မတ်ပဲနှင့်ပဲတီစိမ်းတို့အား အဓိကစိုက်ပျိုးထုတ်လုပ်သည့် ရာဂျပ်စတန်၊ မဒ္ဒရာပရာဒေ့ရှ်၊ ဂူဂျရတ်၊ မဟာရဋ္ဌနှင့် ကာနာတကာ ပြည်နယ်များတွင် စက်တင်ဘာ

လနှင့် အောက်တိုဘာလများ၌ မိုးပိုမိုရွာသွန်းမှုကြောင့် စိုက်ခင်းများပျက်စီးပြီး အထွက်ပမာဏ လျော့ကျဖွယ်ရှိကြောင်း ပဲကုန်သည်များနှင့် ကြိတ်ခွဲထုတ်လုပ်များက ခန့်မှန်းလျက်ရှိကြပါသည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA) မှ အတွင်းရေးမှူးဖြစ်သူ Mr. Sunil Sawla က ၂၀၂၁-၂၂ မိုးသီးနှံ မတ်ပဲထွက်ရှိနိုင်မှုမှာ ယခင်နှစ် စိုက်ပျိုးထွက်ရှိသည့် တန်ချိန် ၁.၆ သန်းအောက် ၂၀ ရာခိုင်နှုန်းခန့် လျော့ကျဖွယ်ရှိကြောင်း၊ ရာဂျပ်စတန်နှင့် ဂူဂျရတ် ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ်ပဲစိုက်ခင်းများစွာ ထိခိုက်ပျက်စီးခဲ့ရပြီး မည်မျှဆုံးရှုံးမှုရှိသည်ကို လေ့လာစိစစ်ရန် လိုအပ်လျက်ရှိကြောင်း၊ ပဲတီစိမ်းစိုက်ခင်း များလည်းပျက်စီးမှုရှိရာ ယခင်နှစ် မိုးပဲတီစိမ်းထုတ်လုပ်မှုပမာဏ တန်ချိန် ၁.၇ သန်းအောက် ၁၀ ရာခိုင်နှုန်းခန့် လျော့နည်းထွက်ရှိမည်ဟု ခန့်မှန်းရကြောင်းပြောဆိုပါသည်။ အဆိုပါအသင်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Pradeep Ghorpade ကလည်း သီးနှံများ မျိုးစေ့ချ စိုက်ပျိုးဆဲကာလအတွင်း ဇူလိုင်လလယ်မှ ဩဂုတ်လလယ်အထိ ခြောက်သွေ့သည့် အခြေအနေဖြစ်ပေါ်မှုက ၎င်းပဲများ စိုက်ပျိုးမှု ကို ထိခိုက်မှုရှိကြောင်း ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ၌ မိုးပဲတီစိမ်း စိုက်ပျိုးမှုအများဆုံးဖြစ်သော ရာဂျပ်စတန်ပြည်နယ်တွင် ယခုနှစ် မိုးလယ်ကာလ၌ မိုးရွာသွန်းမှုနည်းပါးခြင်းက စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သက်ရောက်မှုရှိသည့်အပြင် မကြာသေးမီကာလ၌ မိုးပိုမိုရွာသွန်းမှုများကြောင့် စိုက်ပျိုးထား ဆဲပဲတီစိမ်းသီးနှံများ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည်။ အိန္ဒိယမိုးလေဝသဌာန၏ ကိန်းဂဏန်းများ အရ ယခုနှစ်စက်တင်ဘာလ အတွင်း ရာဂျပ်စတန်ပြည်နယ်၌ ပုံမှန်မိုးရေချိန်ထက် ၁၇၅% ၊ ဂူဂျရတ်ပြည်နယ်တွင် ၂၆၈% ၊ မဟာရဋ္ဌပြည်နယ်တွင် ၉၅% ၊ တဲလန်ဂါနာပြည်နယ်၌ ၇၈% နှင့် မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၃၁% ပိုမိုခဲ့သည်။ အလားတူ အောက်တိုဘာလ ပထမရက် ၂၀ အတွင်း ရာဂျပ်စတန်၊ မဒ္ဒရာ ပရာဒေ့ရှ်နှင့် ဥတ္တာပရာဒေ့ရှ် ပြည်နယ်တို့တွင် ပုံမှန် မိုးရေချိန်ထက် ၁၁၀% ၊ ၁၀၁% နှင့် ၁၉၇% အသီးသီး ပိုမိုခဲ့ကြောင်း တွေ့ရှိရသည်။

Ahmedabad မြို့ရှိ Prakash Agro Mills ပဲခွဲစက်လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ Mr. Punit Bachhawat က ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မတ်ပဲနှင့် ပဲတီစိမ်း စိုက်ခင်း များ ထိခိုက်မှုရှိပြီး ပဲအထွက်နှုန်းမည်မျှရရှိနိုင်မည်ကို ခန့်မှန်း၍ မရကြောင်း၊ ရာဂျပ်စတန်၊ မဒ္ဒရာ ပရာဒေ့ရှ်၊ ဥတ္တာပရာဒေ့ရှ်နှင့် ဂူဂျရတ် တို့ကဲ့သို့ မတ်ပဲအဓိကစိုက်ပျိုးသော ပြည်နယ်များ၌ အထွက်ပမာဏမှာ ယခင်နှစ်အောက် ၂၀ မှ ၂၅ ရာခိုင်နှုန်းအထိ လျော့ကျ နိုင်ပြီး အရည်အသွေး ကျဆင်းမှုကိုလည်း ကြုံတွေ့ရမည်ဖြစ်ကြောင်း ပြောဆိုပါသည်။ Chennai မြို့ အခြေစိုက် Four P International ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. B Krishna Murthy ကလည်း စက်တင်ဘာလအတွင်း မိုးများစွာရွာသွန်းမှုက ပြည်နယ်ဒေသ အများပြား၌ မတ်ပဲသီးနှံစိုက်ခင်းများကို ထိခိုက်

မှုဖြစ်ပေါ်စေသဖြင့် ယခုနှစ်တွင် အရည် အသွေးကောင်းမွန်သည့် မတ်ပဲကုန်ကြမ်းများရရှိရန် ခက်ခဲမည်ဖြစ်ကြောင်း ပြောကြားသည်။

Indore မြို့ရှိ အိန္ဒိယပဲခွဲစက်လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ Mr. Suresh Agarwal ကမူ မိုးနှောင်းရာသီကာလ မိုးရွာသွန်းမှုပိုမိုခြင်းကြောင့် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှုကို ၂၀% ခန့် လျော့ကျစေဖွယ်ရှိသော်လည်း ထိုသို့ မိုးရေချိန်ပိုမိုခြင်းက ဆောင်းသီးနှံများ စိုက်ပျိုးမှုကို အထောက်အပံ့ပြုမည်ဖြစ်ကြောင်းဖြင့် အပြုသဘော ပြောဆိုပါသည်။ IGrain India ဈေးကွက်သုတေသန လုပ်ငန်းမှ ပညာရှင် Mr. Rahul Chauhan က မိုးရွာသွန်းမှု များပြားခြင်းကြောင့် မတ်ပဲအထွက်ပမာဏကို ၁၀ မှ ၁၅ ရာခိုင်နှုန်းအထိ ထိခိုက်ဖွယ်ရှိပြီး ထွက်ရှိလာမည့် ပဲများ၏ ၁၅ မှ ၃၅ ရာခိုင်နှုန်းသည်လည်း အရောင်အသွေးပျက်ယွင်းမှု ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းလျက်ရှိသည်။

၂၀၂၁-၂၂ မိုးသီးနှံစိုက်ပျိုးရေးကာလအတွင်း အိန္ဒိယနိုင်ငံတစ်ဝန်း၌ မတ်ပဲစိုက်ပျိုး ထားရှိမှုမှာ ဟက်တာ ၃၈.၈၉ သိန်းရှိပြီး ယခင်နှစ်ထက် ဟက်တာ ၀.၅၇ သိန်း ပိုမိုခဲ့သည်။ သို့ရာတွင် အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ပထမအကြိမ် မိုးသီးနှံအထွက်ပမာဏ ကြိုတင် ခန့်မှန်းချက်၌ ယခင်နှစ်ထွက်ရှိခဲ့သော မတ်ပဲတန်ချိန် ၁.၆ သန်းအား ကျော်လွန်လျက် တန်ချိန် ၂.၀၅ သန်း အထိ ထွက်ရှိရန် ခန့်မှန်းထားသည်။ ယခုနှစ် မိုးရာသီ၌ ပဲတီစိမ်း စိုက်ပျိုးထားရှိမှုမှာ ဟက်တာ ၃၅.၀၉ သိန်းရှိပြီး ယခင်နှစ်အောက် ဟက်တာ ၀.၁၁ သိန်း လျော့နည်းလျက်ရှိသည်။ အစိုးရက ယခုနှစ် ပဲတီစိမ်းထွက်ရှိနိုင်မှုအား ယခင်နှစ်ထက် တန်ချိန် ၀.၀၄ သန်းပိုမိုလျက် တန်ချိန် ၂.၀၅ သန်းအထိ ရရှိရန် ပထမအကြိမ် ခန့်မှန်းချက်၌ ဖော်ပြထားသည်။

ကာနာတကာပြည်နယ်၌ မတ်ပဲသီးနှံများအား ရိတ်သိမ်းမှုမှာ မိုးပိုမိုရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုများရှိသကဲ့သို့ ပြည်နယ်အတွင်း အဓိကစိုက်ပျိုးသည့် Kalaburgi ဒေသရှိ ပဲစင်းငုံ စိုက်ခင်းများမှာလည်း ရေနစ်မြုပ်မှုနှင့် ရင်ဆိုင်နေရသည်။ သို့ရာတွင် နိုင်ငံတစ်ဝန်း လုံးကို ခြုံငုံသုံးသပ်ပါက ပဲစင်းငုံစိုက်ပျိုးထားရှိမှုမှာ ကောင်းမွန်သည့် အခြေအနေရှိကြောင်း၊ မိုးဆက်လက် ပိုမိုရွာသွန်းခြင်းမရှိပါက အေးမြသည့် ရာသီဥတုအောက်တွင် ပဲစင်းငုံသီးနှံ များ၏ အစေ့အိမ်တည်မှု ကောင်းမွန်ပြီး အထွက်ပမာဏ တန်ချိန် ၃.၈ သန်းမှ ၄ သန်းအထိ ရရှိရန် မျှော်မှန်းနိုင်ကြောင်းဖြင့် IPGA မှ အတွင်းရေးမှူး Mr. Sunil Sawla က ပြောကြား ပါသည်။

Source: Excess rains may shrink urad, moong output, 21-10-2021, The Hindu Business Line

နေအေးလွင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………

## စက်တင်ဘာလဒုတိယလဝက်အတွင်း ဘရာဇီးလ်နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ခြမ်း ပြည်နယ်များတွင် သကြားထုတ်လုပ်မှု ၂၃.၃ ရာခိုင်နှုန်း ကျဆင်း

သကြားအများအပြားထုတ်လုပ်သည့် ဘရာဇီးလ်နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ခြမ်း ဒေသများမှ စက်တင်ဘာလဒုတိယလဝက်အတွင်း သကြားကြိတ်ခွဲထုတ်လုပ်မှုသည် တန်ချိန် ၂.၁၉၈ သန်းဝန်းကျင် ထွက်ရှိနိုင်ရန်ခန့်မှန်းထားပြီး တစ်နှစ်ထက်တစ်နှစ် ၂၃.၃ ရာခိုင်နှုန်း လျော့ကျလျက် ရှိကြောင်း အောက်တိုဘာလ ၈ ရက်နေ့တွင်ထုတ်ဝေသည့် S&P Global Platts ၏ လေ့လာတွေ့ ရှိချက်စာစောင်တွင် ဖော်ပြထားသည်။

သကြားထုတ်လုပ်မှုလျော့ကျခြင်းသည် ကြံအဓိကစိုက်ပျိုးသည့် နိုင်ငံအလယ်ပိုင်း၏ တောင်ဘက်ပိုင်းဒေသများတွင် ကြံစိုက်ပျိုးရာသီ၌ မိုးရေချိန်ရရှိမှုလျော့နည်းခဲ့ခြင်းကြောင့် ကြံအထွက်နှုန်းနှင့်အရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ၎င်းပြည်နယ်များ၏ ကြံကြိတ်ခွဲရာသီသည် နိုဝင်ဘာလကုန်တွင်ပြီးဆုံးမည်ဖြစ်ကြောင်း သုတေသနစာစောင်တွင် ဖော်ပြထားသည်။

ထိုအပြင် စက်တင်ဘာလ ဒုတိယလဝက်အတွင်း ကြံကြိတ်ခွဲချက်လုပ်ရာတွင် သကြားအထွက်နှုန်း (Total Recoverable Sugar–ATR) သည် ပျမ်းမျှ ကြံ ၁ တန်လျှင် ၁၆၁.၁၈ ကီလိုဂရမ်ရှိခဲ့ရာမှ ၁၅၄.၉ ကီလိုဂရမ်သို့ကျဆင်းခဲ့ကြောင်း၊ လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်း ပျမ်းမျှသကြားအထွက်နှုန်းသည် ကြံ ၁ တန်လျှင် ၁၅၂.၇၆ ကီလိုဂရမ်ထွက်ရှိကြောင်း သုတေသနတွေ့ရှိချက်တွင် ဖော်ပြထားသည်။

ယခုနှစ် ဩဂုတ်လဒုတိယလဝက်ကာလအတွင်း သကြားချက်လုပ်မှုမှ သကြားတန်ချိန် ၃၄ သန်း ထုတ်လုပ်နိုင်ရန်ခန့်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက သကြားထုတ်လုပ်မှုတွင် ၁၅.၉ ရာခိုင်နှုန်းလျော့ကျခဲ့ကြောင်း၊ ယခုနှစ်ကြံရိတ်သိမ်းရာသီသည်လည်း ယခင်နှစ်များထက် အချိန်စောပြီးနိုင်ကြောင်း သုတေသနစာတမ်းတွင်ဖော်ပြထားသည်။

စက်တင်ဘာလဒုတိယလဝက်အတွင်း ကြံကြိတ်ခွဲမှုအခြေအနေအရ ၂၀၂၁–၂၀၂၂ ခုနှစ်ကာလအတွင်း ကြံတန်ချိန် ၄၆၄.၉၇ သန်းအား အသုံးပြုနိုင်ရန်ခန့်မှန်းထားကြောင်း၊ ၂၀၂၀ ပြည့်နှစ်ကာလတူကြံကြိတ်ခွဲမှုနှင့်နှိုင်းယှဉ်ပါက ၇.၃၅ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ လောင်စာဆီဈေးကွက်တွင် ကြံမှထုတ်လုပ်သည့် အီတနောဇီဝလောင်စာ၏ ဈေးနှုန်းများမြင့်တက်နေမှုကလည်း သကြားထုတ်လုပ်မှုလျော့ကျခြင်းအကြောင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိချက်စာစောင်တွင် ဖော်ပြထားသည်။

စက်တင်ဘာလဒုတိယလဝက်ကာလအတွင်း အီသနောဈေးနှုန်းအား သကြားကုန်ကြမ်းဈေးနှင့် နှိုင်းဆကြည့်ပါက သကြား ၁ ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၈.၂၉ ဆင့်ရှိနေချိန်တွင် နယူးယောက်ကြိုပွိုင့်ဈေးကွက်တွင် သကြား ၁ ပေါင်လျှင် အမေရိကန်ဒေါ်လာ ၁၉.၁၇ ဆင့်ဈေး

နှုန်း ဖြစ်ပေါ်နေကြောင်း လေ့လာမှုစာတမ်းတွင်ဖော်ပြထားသည်။

ကြံအထွက်နှုန်းကျဆင်းမှုနှင့် ကြံအရည်အသွေးကျဆင်းမှုများကြောင့် ယခုနှစ်အီသနော ထုတ်လုပ်မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်းကျဆင်းနိုင်ပြီး စက်တင်ဘာလဒုတိယ လဝက်ကာလအတွင်း အီသနောလီတာ ၁.၀၈ ဘီလီယံ ထုတ်လုပ်နိုင်ရန်ခန့်မှန်းထားကြောင်း၊ ယခင်ကာလတူတွင် အီသနောလီတာ ၇၈၀ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိချက်စာ စောင်တွင် ဖော်ပြထားသည်။

သတင်းရင်းမြစ် –canalrural.com.br
ထွန်အောင်ဇော်၊ စီးပွားရေးသံမှူး
ဘရာဇီးလ်

……………………………………………………………………………………………………

## ဩစတြေးလျ Red Meat တင်ပို့မှုများအနက် ဆိတ်သားတင်ပို့မှုက အခိုင်မာဆုံးဖြစ်လာခြင်း

ဩစတြေးလျနိုင်ငံ၏ Red Meat တင်ပို့မှုများအနက် ဆိတ်သားတင်ပို့မှုမှာ ဈေးနှုန်း ကောင်းမွန်မှုကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် ၂၀% တိုးတက်လာနိုင် ဖွယ်ရှိကြောင်း Meat and Livestock Australia (MLA) အရသိရှိရပါသည်။ ထို့အပြင် သတ်ဖြတ် မှုနှုန်းထားမှာလည်း ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၃၀% တိုးတက်လာပြီး၊ ကောင်ရေအားဖြင့် ၂၃၄,၀၀၀ တိုးတက်လာခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သတ်ဖြတ်မှုပမာဏ ပိုမိုတိုးတက်လာခြင်းနှင့် မိုးခါင်ရေရှားမှုမှ နိုင်ငံအဆင့် ဆိတ်အုပ်ပြန်လည်တည်ဆောက် ခြင်းတို့က ၂၀၂၁ ခုနှစ်၏ Over-the-hook (OTH) Price (Process လုပ်မည့် စက်ရုံပို့ဈေးနှုန်း) ကို ၃% (သို့) တစ်ကီလိုဂရမ်လျှင် ၂၈ ဆင့် တိုးတက်လာစေခြင်းဖြစ်ပါသည်။

လက်ရှိဈေးကွက်အခြေအနေအရ ဆိတ် OTH ဈေးနှုန်းမှာ မကြာသေးမီ ရက်သတ္တပတ် များအတွင်း တစ်ကီလိုဂရမ်လျှင် ၈၈၈ ဆင့်ဖြင့် တည်ငြိမ်လျက်ရှိပါသည်။ ယင်းဈေးနှုန်းမှာ စက်တင်ဘာလ (၃) ရက်နေ့ တစ်ကီလိုဂရမ်လျှင် ၈၉၈ ဆင့်မှ ကျဆင်းလာခြင်းဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ပထမအပတ်တွင် တစ်ကီလိုဂရမ်လျှင် ၈၀၅ ဆင့်မှ ပြန်လည်လာခြင်းဖြစ်ပြီး၊ တင်ပို့ သူများအနေဖြင့် အလုံးအရင်းနှင့် တင်ပို့နိုင်ရန် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဆက်လက်တင်ပို့ နိုင်ရန် အခြေအနေပေးလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ထုတ်လုပ်သူများကလည်း လုပ်ငန်းလည်ပတ်မှုများကို စီမံခန့်ခွဲမှုလုပ်ငန်းတစ်ခုအဖြစ် ပေါင်းစပ်ဖွဲ့စည်းနိုင်ရေးမျှော်မှန်းလျက်ရှိပြီး၊ ဩစတြေးလျ ဆိတ်တင်ပို့မှုမှာ ၂၀၂၀ ပြည့်နှစ်ထက် ပိုမိုအားကောင်းခိုင်မာလာကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံ၏ တိုးတက်လာသော

ဝယ်လိုအားနှင့် ကိုရီးယားနိုင်ငံ၏ ချက်ခြင်းမြင့်တက်လာသည့် ဝယ်လိုအားတို့ကြောင့် ၂၀၂၁ ခုနှစ်တွင် ဆိတ်တင်ပို့မှု စုစုပေါင်းမှာ ၂၀၂၀ ပြည့်နှစ်ထက် တန်ချိန် ၁၆၉၆ တန်၊ ရာခိုင်နှုန်းအားဖြင့် ၂၀ % မြင့်တက်လာခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံသို့ နှစ်စဉ်ဆိတ်တင်ပို့မှု၏ ၆၇ % ကို တင်ပို့လျက်ရှိပြီး၊ ဩစတြေးလျ Red Meat တင်ပို့သူများအတွက် သိသာထင်ရှားသောဈေးကွက်ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.mla.com.au

ရှင်စောသူ၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

......................................................................................................

## ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industry (FTI) အနေဖြင့် ရေနံဈေး တက်ခြင်းနှင့် ဘတ်ငွေအပေါ် စိုးရိမ်လျှက်ရှိခြင်း

ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ် Federation of Thai Industry (FTI) အနေ ဖြင့် ကပ်ရောဂါကြောင့် ထိခိုက်နေသည့်စီးပွားရေးအပေါ် ပိုမိုကြီးမားသောဝန်ထုတ်ဝန်ပိုးဖြစ်ပွားစေမှုကို မဖြစ်ပေါ်စေရန်အတွက် အဓိကကိစ္စကြီးနှစ်ရပ်ဖြစ်သည့် ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုနှင့် ဘတ်ငွေတန်ဖိုး ကျဆင်းမှုတို့အပေါ် အစိုးရအနေဖြင့် သတိကြီးစွာ ကိုင်တွယ်ရန် တောင်းဆိုခဲ့ကြောင်း သိရှိရပါသည်။

ရေနံဈေးနှုန်းကြီးမြင့်မှုသည် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ကုန်ဈေးနှုန်းကို မြင့် တက်စေပြီး နှေးကွေးသော စီးပွားရေးက ဘတ်ငွေတန်ဖိုးကို တစ်စိတ်တစ်ပိုင်းအားဖြင့် ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း FTI ကဆိုပါသည်။ စွမ်းအင်မူဝါဒစီမံခန့်ခွဲမှုကော်မတီက စားသုံးသူများ၏ လူနေမှုစရိတ်ကို လျှော့ချနိုင်စေရန်အတွက် ယခုလ (အောက်တိုဘာလ) ကုန်အထိ ဒီဇယ်တစ်လီတာလျှင် ထိုင်းဘတ် (၃၀) ဖြင့် ဈေးနှုန်းသတ်မှတ်ရန် အောက်တိုဘာလ (၄) ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘာ့ရေနံဈေးနှုန်းများ မြင့်တက်လျှက်ရှိနေပြီး ရေနံနှင့်သဘာဝဓါတ်ငွေ့ လက်လီ ဈေးနှုန်းများအပေါ် သက်ရောက်လျှက်ရှိနေကြောင်း၊ အစိုးရအနေဖြင့် အဆိုပါကိစ္စကို ဂရုတစိုက်ကိုင်တွယ်သင့်ကြောင်း FTI ဥက္ကဌ Supant Mongkolsuthree ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ Brent ရေနံစိမ်း၏ ပျှမ်းမျှ ဈေးနှုန်းများသည် ဩဂုတ်လတွင် တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၆၉-၇၄) မှ အောက်တိုဘာလ (၄) ရက်နေ့တွင် (၇၇-၈၂) ဒေါ်လာအထိ မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။ တက္ကစပ်အနောက်ပိုင်းနှင့် ဒူဘိုင်းရေနံစိမ်းဈေးနှုန်း များသည် လည်းအလားတူပင်ဖြစ်ကြောင်း သိရှိရပါသည်။

ရေနံဈေးနှုန်းမြင့်တက်ခြင်းသည် သကြားနှင့် ဆန်အပါအဝင် ကုန်စည်များ၏ ဈေးနှုန်း များကို ထိခိုက်စေကြောင်း၊ အကြောင်းမှာ ၎င်းတို့၏ ထုတ်လုပ်မှုဖြစ်စဉ်များနှင့် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းများအတွက် လောင်စာအဖြစ် လိုအပ်ခြင်းကြောင့်ဖြစ်ပါသည်။ လုပ်ငန်း လည်ပတ်မှု ကုန်ကျစရိတ်များ မြင့်တက်လာပါက စားသုံးသူများကို ထိခိုက်စေမှာဖြစ်ကြောင်း FTI ကဆိုပါသည်။ ကပ်ရောဂါသည်လည်း စောင့်ကြည့်ရမည့် နောက်ထပ် အဓိကအန္တရာယ်တစ်ခုဖြစ်သည်ဟု FTI က ပြောကြားခဲ့ပါသည်။ FTI က ရေနံဈေးနှုန်း မြင့်တက်နေစဉ်ကာလအတွင်း ဘတ်ငွေတန်ဖိုး ဆက်လက်ကျဆင်းသွားမှာကို စိုးရိမ်ကြောင်း Mr. Supant ကပြောကြားခဲ့ပါသည်။

အကယ်၍ အစိုးရအနေဖြင့် ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ခြင်းမရှိပါက ၎င်း၏ စီးပွားရေး ပြန်လည်ထူထောင်ရန် အစီအစဉ်များအနေဖြင့် ဆုတ်ယုတ်မှုများနှင့် ရင်ဆိုင်ရ လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ FTI ၏ အဆိုအရ ဘတ်ငွေမှာလက်ရှိတွင် အာဆီယံ၌ အားအနည်းဆုံး ငွေကြေးဖြစ်နေကြောင်း၊ တိုင်းပြည်၏ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေး ပြန်လည်နာလန်ထူလာရန်အတွက် ရုန်းကန်နေရကြောင်း၊ သို့ရာတွင် စီးပွားရေးလုပ်ငန်းရှင်အများစုက အမေရိကန်တစ်ဒေါ်လာလျှင် ဘတ်ငွေ (၃၀-၃၁) သို့ကျဆင်း သွားမှာကို စိုးရိမ်လျှက်ရှိနေကြောင်းနှင့် ၎င်းတို့အနေဖြင့် အမေရိကန်တစ်ဒေါ်လာလျှင် ဘတ်ငွေ (၃၃) ဘတ် ပတ်ဝန်းကျင်တွင် ရှိနေစေချင်ကြကြောင်း Mr. Supant ကပြောကြားခဲ့ပါသည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်

.................................................................................................................

## သြစတြေးလျနိုင်ငံ၏စီးပွားရေးသတင်းများ

### (က) တရုတ်၏ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုသည် WTO စည်းမျဉ်းများကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း သြစတြေးလျက စွပ်စွဲပြောကြားလိုက်ခြင်း

တရုတ်က သြစတြေးလျနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုများကြောင့် ဖြစ်ပေါ်လာမှုများနှင့် စပ်လျဉ်း၍ သြစတြေးလျသည် တရုတ်နိုင်ငံ၏ နိုင်ငံတကာ စီးပွားရေးမူဝါဒများအပေါ် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်လျက်ရှိပြီး၊ တရုတ်၏ အပြုအမူမှာ ယင်း၏ ကုန်သွယ်ဖက်နိုင်ငံများကို အဝေးသို့ မောင်းထုတ်နိုင်သည့်အပြင် တရုတ်အပေါ်နိုင်ငံတကာ၏ ယုံကြည်မှုကိုပျက်ပြားစေနိုင်ကြောင်း သြစတြေးလျသံတမန်များက သတိပေးပြောဆိုထားပါသည်။

တရုတ်အစိုးရသည် မုယောစပါး၊ ဝိုင်၊ သစ်၊ ပုစွန်၊ ချည်နှင့် ကျောက်မီးသွေးတို့ အပါအဝင် သြစတြေးလျထုတ်ကုန်များကို အကောက်ခွန်နှုန်းများ တိုးမြှင့်ကောက်ခံခြင်း၊ တင်သွင်းမှုယာယီ

ရပ်ဆိုင်းခြင်း၊ ကုန်စည်ရှင်းလင်းမှုများကို နှောင့်နှေးစေခြင်းတို့ဖြင့် တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ပိတ်ဆို့ကန့်သတ်အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။ ပုံမှန်ထုတ်ပြန်နေကျမဟုတ်သည့် ပြင်းထန်သော ထုတ်ပြန်ကြေညာချက်တစ်ခုတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဩစတြေးလျ ကိုယ်စားလှယ်ဖြစ်သူ Mr. George Mina က တရုတ်သည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုစည်းမျဉ်း၊ စည်းကမ်းများကို စမ်းသပ်မှုများ ပိုမိုပြုလုပ်လာပြီး၊ WTO အဖွဲ့ဝင်နိုင်ငံများစွာအနက် ဩစတြေးလျနိုင်ငံက တရုတ်အစိုးရ၏ အနှောင့်အယှက်ဖြစ်စေသည့် စီမံဆောင်ရွက်ချက်များကို ရင်ဆိုင်ရလျက်ရှိကြောင်း ဖော်ပြထားပါသည်။

Mr. Mina က နိုင်ငံတကာဝင်ထွက်ပေါက်များတွင် စစ်ဆေးမှုများအတွက် အငြင်းပွားမှုများ ဖြစ်ပွားခြင်း၊ သွင်းကုန်လိုင်စင်အတွက် အာမခံချက်မရှိသော နှောင့်နှေးမှုများ၊ တန်ပြန်စုပုံတင်သွင်းခွန်ဆိုင်ရာ စည်းကြပ်ခြင်းစသည့် အချက်များက ဩစတြေးလျထုတ်ကုန် တစ်ဒါဇင်ကျော်ကို ကုန်သွယ်မှုပြုရာတွင် ကန့်သတ်ခြင်း (သို့) အဆုံးသတ်စေခြင်းတို့ ဖြစ်ပေါ်စေကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ တရုတ်နိုင်ငံသည် ဩစတြေးလျ ကုန်စည်များအပေါ် ပိတ်ဆို့ကန့်သတ်မှုများပြုလုပ်ခြင်းမှာ နိုင်ငံရေးအငြင်းပွားမှုများအတွက် လက်စားချေခြင်းဖြစ်ကြောင်း၊ တရုတ်အာဏာပိုင်များက တင်သွင်းသူများအားအချို့သောကုန်စည်များကို ဝယ်ယူခြင်းမပြုရန် ညွှန်ကြားခြင်းမှာ WTO စည်းမျဉ်းများကို ဆန့်ကျင်ခြင်းဖြစ်ပါကြောင်း ပြောကြားထားပါသည်။

ဩစတြေးလျနိုင်ငံသည် တရုတ်နိုင်ငံ၏ ကုန်သွယ်ရေး အလေ့အကျင့်များကို ဝေဖန်သည့် တစ်ခုတည်းသော နိုင်ငံမဟုတ်ပါ။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကနေဒါနိုင်ငံ ကိုယ်စားလှယ်ဖြစ်သူကလည်း နိုင်ငံရေးအရ သဘောထားကွဲလွဲချက်များကို တုံ့ပြန်သည့်အနေဖြင့် တရုတ်သည် စီးပွားရေးအရ နိုင်ထက်စီးနင်းပြုခြင်းဖြစ်ကြောင်း စွပ်စွဲထားသကဲ့သို့ ဂျပန်နှင့် အီးယူတို့ကလည်း တရုတ်နိုင်ငံသည် ပွင့်လင်းမြင်သာမှုမရှိဘဲ နိုင်ငံခြားကုမ္ပဏီများကို ပျက်စီးစေရန်ကျယ်ပြန့်သော အမျိုးသားလုံခြုံရေး ပြဋ္ဌာန်းချက်များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း စွပ်စွဲပြောဆိုထားပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံကလည်း တရုတ်သည် ၎င်း၏ စီးပွားရေးကိုဖွင့်လှစ်ပေးရန် WTO သို့ ကတိမပေးခဲ့ကြောင်းနှင့် ယင်း၏ နိုင်ငံပိုင်စီးပွားရေးပုံစံကို ဆက်လက်ဆောင်ရွက်သွားမည့် အနေအထားဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

တရုတ်အစိုးရသည် ယခုနှစ်အတွင်း ကုန်သွယ်ရေး အပြစ်ပေးမှုများကို သိသိသာသာမြှင့်တင်ဆောင်ရွက်ခြင်း မပြုခဲ့သော်လည်း ဩစတြေးလျ-တရုတ်ဆက်ဆံရေးမှာ ယိုယွင်းဆဲဖြစ်ပါသည်။ ယခုလအစောပိုင်းတွင် ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း Mr. Tony Abbott က ထိုင်ဝမ်၌ မိန့်ခွန်းပြောကြားစဉ် တရုတ်အာဏာပိုင်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းကို အနိုင်ကျင့်ခြိမ်းခြောက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။ တရုတ်သတင်းမီဒီယာများက ဩစတြေးလျ

နိုင်ငံရေးသမားများသည် တရုတ်အပေါ် ရန်လိုမှုများ များပြားလာသည့်အတွက် တရုတ်–ဩစတြေးလျ ဆက်ဆံရေးတွင် အဆိုးဆုံးများ ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောဆိုကြပါသည်။

ဩစတြေးလျ WTO ကိုယ်စားလှယ်က ဩစတြေးလျနိုင်ငံသည် CPTPP အဖွဲ့ဝင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ နိုင်ထက်စီးနင်းပြုလုပ်မှုကို ရပ်စဲနိုင်ရေးအတွက် ဖိအားပေးရန် ၎င်း၏ ရပ်တည်ချက်ကို အသုံးပြုလိုကြောင်း ပြောကြားထားပါသည်။ ပြီးခဲ့သည့်လက တရုတ်နိုင်ငံက ဩစတြေးလျနှင့် အခြားပစိဖိတ်နိုင်ငံများပါဝင်သည့် CPTPP တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်လိုကြောင်း ကြေညာခဲ့ပါသည်။

ဩစတြေးလျကုန်သွယ်ရေးဝန်ကြီးက အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ ကြေညာခြင်းမပြုလုပ်ထားသည့်ပိတ်ဆို့မှုများကို ပယ်ဖျက်ရန်ဖိအားပေးနိုင်မည့်နှစ်နိုင်ငံအကြား ထိပ်သီးအဆင့်အစည်းအဝေးများကဲ့သို့ ဝန်ကြီးအဆင့်အစည်းအဝေးတွင်သာ ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

Source: www.abc.net.au

## (ခ) ဩစတြေးလျ အသားထုတ်လုပ်မှုလုပ်ငန်း တင်ပို့မှုရပ်ဆိုင်းခံရခြင်း

ဩစတြေးလျနိုင်ငံ၏ (၉) ခုမြောက် အသားထုတ်လုပ်မှုလုပ်ငန်းသည် တရုတ်နိုင်ငံသို့ တင်ပို့မှု ရပ်ဆိုင်းခံလိုက်ရကြောင်း ABC သတင်းဌာန၏ သတင်းအရသိရှိရပါသည်။ ဘရစ်ဘိန်း အခြေစိုက် Australian Country Choice (ACC) အသားထုတ်လုပ်မှု လုပ်ငန်းသည် ၁၈–၁၀–၂၀၂၁ ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုယာယီရပ်ဆိုင်းလိုက်ကြောင်း ဩစတြေးလျ အာဏာပိုင်များက သတိပေးနှိုးဆော်ထားပါသည်။

ထုတ်ပြန်ချက်တစ်ခုတွင် Cannon Hill သားသတ်ရုံ၌ ထုတ်လုပ်သော အေးခဲအမဲသားများတွင် ခွေးများ၌ ဘက်တီးရီးယားပိုးမွှား ကူးစက်ရောဂါကုသရာတွင် အသုံးပြုသည့် တားမြစ်ဓာတုပစ္စည်း (chloramphenicol) များကို တရုတ်အာဏာပိုင်များက တွေ့ရှိခဲ့ကြောင်းသိရှိရပါသည်။ တရုတ်အာဏာပိုင်များက ဩစတြေးလျ လယ်ယာစိုက်ပျိုးရေး၊ ရေနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနထံသို့ ပေးပို့သောအကြောင်းပြချက်များတွင် Ningbo ဆိပ်ကမ်းဝင်ပေါက်တွင် အမဲသားထုတ်ကုန်များကို chloramphenicol စစ်ဆေးရာတွင် ကျဘမ်းစစ်ဆေးမှု မအောင်မြင်ခဲ့သောကြောင့်ဖြစ်ကြောင်း ACC ၏ သတင်းတွင် ဖော်ပြပါရှိပါသည်။

အီးယူ၊ ကိုရီးယား၊ ဂျပန်နှင့် အခြားနိုင်ငံများရှိ ဆိပ်ကမ်းများတွင်လည်း ကျဘမ်းကုန်စည်စစ်ဆေးခြင်းဖြင့် အဆိုပါဓာတုပစ္စည်းကို ဖော်ထုတ်နိုင်ကြောင်း၊ အဆိုပါဈေးကွက်များမှ တင်သွင်းသော အဖွဲ့အစည်းများထံမှ ညစ်ညမ်းဓာတုတွေ့ရှိမှုနှင့် စပ်လျဉ်း၍ အကြောင်းကြားမှု တစ်စုံတစ်ရာ လက်ခံရရှိခြင်း မရှိသေးကြောင်းနှင့် ဩစတြေးလျ လယ်ယာစိုက်ပျိုးရေးဝန်ကြီး

ဌာနက တွေ့ရှိမှုကို သေချာမှုရှိစေရန် ဒုတိယအကြိမ်စစ်ဆေးပေးရန် တောင်းဆိုထားကြောင်း သိရှိရပါသည်။

ACC က chloramphenicol ကို ခွေးများ၊ တစ်ခါတစ်ရံ မြင်းများတွင် ဘက်တီးရီးယား ပိုးမွှားကူးစက်မှုကို ကုသရာတွင် အသုံးပြုသည့်ဆေးဖြစ်သော်လည်း ဩစတြေးလျနိုင်ငံရှိ ကျွဲ၊ နွားများတွင် အသုံးပြုရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ယခုစစ်ဆေးမှု မအောင်မြင်သည့် တင်ပို့မှုမှာ ACC မှ မဟုတ်သော်လည်း ဝယ်သူဖောက်သည် ကိုယ်စားဖြင့် ACC ၏ ၁၆၂၀ လိုင်စင်အရ တင်ပို့သော ပုဂ္ဂလိကပိုင် လုပ်ငန်းတစ်ခုအောက်မှ တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့မှု ကွင်းဆက်အရ ACC ၏ ထိန်းချုပ်မှုကို ကျော်လွန်၍ ဖြစ်ပွားခြင်းဖြစ်ရာ ၎င်း၏ စီးပွားရေးလုပ်ငန်းအတွက် အကြီးအကျယ် အနှောင့်အယှက်ဖြစ်စေကြောင်း ပြောကြားထားပါသည်။ ACC သည် တစ်ရက်လျှင် နွားကောင်ရေ ၁,၄၀၀ ကျော်ကို ထုတ်လုပ်မှုလုပ်ငန်းစဉ် ဆောင်ရွက်လျက်ရှိပြီး၊ ယခုအခါ ၎င်း၏ အမဲသားများအတွက် ဈေးကွက်အသစ် ရှာဖွေတော့မည် ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသို့ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ဩစတြေးလျနိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဌာနသည် တရုတ်နိုင်ငံ၊ General Administration of Customs of the People's Republic of China (GACC) နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်းနှင့် ယခုတင်ပို့မှုပိတ်ပင်ခံရသည့် သားသတ်ရုံမှာ ယခင်နှစ်မေလမှစတင်ကာ တရုတ်နိုင်ငံက တားမြစ်ခဲ့သော (၉) ခုမြောက် သားသတ်ရုံဖြစ်ကြောင်း သိရှိရပါသည်။ ယခုကဲ့သို့ ပိတ်ပင်မှုကြောင့် လုပ်ငန်းကဏ္ဍအနေဖြင့် ကုန်သွယ်မှုတွင် ဩစတြေးလျ ဒေါ်လာသန်းချီ၍ ဆုံးရှုံးနိုင်ကြောင်း ခန့်မှန်းထားပါသည်။

၂၀၂၀ ပြည့်နှစ် မေလတွင် Kilcoy Pastoral Company, the JBS–owned Beef City , Dinmore နှင့် the New South Wales' Northern Cooperative Meat Company စသည့် အသားထုတ်လုပ်ငန်းများမှာ တရုတ်နိုင်ငံသို့ တင်ပို့မှုပိတ်ပင်ခြင်းခံခဲ့ရပြီး၊ ဆက်လက်၍ ကွင်းစလန်ပြည်နယ်ရှိ John Dee နှင့် Meramist တို့သည်လည်း ပိတ်ပင်ခံခဲ့ရာကာ ဗစ်တိုးရီး ယားပြည်နယ်ရှိ Australian Lamb Company နှင့် JBS Brooklyn တို့ရှိ လုပ်သားများ ကိုဗစ် ကူးစက်ရောဂါ ဖြစ်ပွားမှု အကြောင်းပြချက်ဖြင့် တရုတ်နိုင်ငံသို့ တင်ပို့မှု ပိတ်ပင်ခံခဲ့ရကြောင်း သိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

## (ဂ) တရုတ်နှင့် ကုန်သွယ်ရေးစစ်ပွဲကြောင့် ဩစတြေးလျ ဝိုင်တင်ပို့မှုကျဆင်းသော်လည်း ဈေးကွက်သစ်များ ရရှိလျက်ရှိခြင်း

တရုတ်အစိုးရက စည်းကြပ်ကောက်ခံလျက်ရှိသော မြင့်မားသည့် တန်ပြန်စုပုံတင်သွင်းခွန်များကြောင့် ဩစတြေးလျ ဝိုင်တင်ပို့မှုမှာ (၅) နှစ်အတွင်း တင်ပို့မှု အနိမ့်ဆုံးသို့ ကျဆင်းသွားသော်လည်း ဟောင်ကောင်က ဝယ်ယူမှုမြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

နောက်ဆုံးထုတ်ပြန်လိုက်သည့် ဩစတြေးလျဝိုင်အစီရင်ခံစာအရ ဟောင်ကောင်မှ ဩစတြေးလျဝိုင်ဝယ်လိုအားမှာ ၁၃၅ % မြင့်တက်လာပြီး၊ အရှေ့တောင်အာရှမှ ၄၃ % မြင့်တက်လာကြောင်းနှင့် ဩစတြေးလျဝိုင်ထုတ်လုပ်သူများသည် ယခင်အဓိကကျသည့် ဈေးကွက်မှ အခြား ဈေးကွက်သစ်များသို့ ပြောင်းလဲတင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလအထိ တရုတ်နိုင်ငံသို့ ဝိုင်တင်ပို့မှုမှာ ၇၇ % ကျဆင်းခဲ့ရာ တန်ဖိုးအားဖြင့် ဩစတြေးလျဒေါ်လာ ၂၇၄ သန်း ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ ယခင်နှစ်၏ ပျမ်းမျှတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဩစတြေးလျ ဒေါ်လာ ၁ ဘီလီယံနီးပါး ကျဆင်းသွားခြင်းဖြစ်ပါသည်။ စုစုပေါင်း ဝိုင်တင်ပို့မှုတန်ဖိုးမှာ ဩစတြေးလျဒေါ်လာ ၂.၂၇ ဘီလီယံ၏ ၂၄ % ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ ပမာဏအားဖြင့် လီတာ ၆၃၈ သန်း (၁၇%) ကျဆင်းခြင်း ဖြစ်ပါသည်။

ဩစတြေးလျနိုင်ငံသည် ၂၀၁၈ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်များတွင် မိုးခေါင်ရေရှားခြင်း၊ တောမီးလောင်ကျွမ်းခြင်းတို့ကြောင့် ဝိုင်ရောင်းအားကျဆင်းခဲ့ရပြီး၊၂၀၂၁ ခုနှစ်တွင် တရုတ်နိုင်ငံမှတန်ပြန်စုပုံတင်သွင်းခွန် ၂၂၀ % ကောက်ခံမှုကြောင့် ဝိုင်ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍမှာ ထိခိုက်နစ်နာခဲ့ရပါသည်။

ယခုအခါ အရှေ့တောင်အာရှဈေးကွက်၏ ဝယ်လိုအားက ဩစတြေးလျဒေါ်လာ၂၅၅ သန်း (၄၃%) နှင့် ယူကေအပါအဝင် အီးယူနိုင်ငံများ၏ ဝယ်လိုအားက ဩစတြေးလျဒေါ်လာ ၇၀၃ (၄%) မြင့်တက်လာကြောင်း သိရှိရပါသည်။ အထူးသဖြင့် ဝိုင်တစ်လီတာလျှင် တန်ဖိုး ၂၀၀ ကျော်သည့် ဝိုင်အမျိုးအစားများ၏ ရောင်းအားမြင့်တက်လာပြီး၊ ဈေးနှုန်းသက်သာသည့် ဝိုင်အမျိုးအစားရောင်းအားမှာ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ဝိုင်ထုတ်လုပ်သူများသည် ဈေးကွက်သစ်များရရှိရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပြီး၊ အမေရိကန်သို့ တင်ပို့မှုများ ပိုမိုများပြားလာကြောင်းနှင့် ၂၀၀၉ ခုနှစ်၊ ကမ္ဘာ့ငွေကြေး အကြပ်အတည်းနောက်ပိုင်း အမြင့်ဆုံး တင်ပို့မှုဖြစ်ကြောင်း သိရှိရပါသည်။ အမေရိကန်နိုင်ငံ၏ တန်ဖိုး ၁၀ ဒေါ်လာ မှ ၃၀ ဒေါ်လာအကြား ဝိုင်ဝယ်ယူမှုမှာ ၁၆ % မြင့်တက်ခဲ့ပြီး၊ အမေရိကန်ဈေးကွက်တွင် ဆက်လက်ရပ် တည်နိုင်မည့် အနေအထားဖြစ်ကြောင်း သိရှိရပါသည်။

ပြည်တွင်းဈေးကွက်ဝယ်လိုအားက ဩစတြေးလျဝိုင် ထုတ်လုပ်သူများအတွက် အရေးပါဆုံးသောဈေးကွက်အဖြစ် ရပ်တည်ဆဲဖြစ်သော်လည်း တရုတ်နိုင်ငံရှိ ဩစတြေးလျဝိုင် ဈေးကွက်ဆုံးရှုံးမှုမှာ ဩစတြေးလျဝိုင်ထုတ်လုပ်မှု လုပ်ငန်းအတွက် ကြီးမားသောရိုက်ခတ်မှု ဖြစ်ကြောင်း သိရှိရပါသည်။

Source: www.abc.net.au

ရှင်စောသူ၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

…………………………………………………………………………………………………………

## စက်ဘ်ာပူ-ဩစတြေးလျ အစိမ်းရောင်စီးပွားရေး သဘောတူစာချုပ်ဖော်ဆောင်လျက်ရှိခြင်း

ဩစတြေလျးနှင့် စက်ဘ်ာပူနိုင်ငံတို့သည် အစိမ်းရောင်စီးပွားရေး သဘောတူစာချုပ် (Green Economy Agreement – GEA) တစ်ရပ်ကို ဖော်ဆောင်လျက်ရှိကြောင်းနှင့် ယင်းမှာ နှစ်နိုင်ငံလုံး၏ အစိမ်းရောင်နှင့် ရေရှည်တည်တံ့သော အနာဂတ်သို့ ဦးတည်သည့် အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်နိုင်မည်ဖြစ်ပြီး၊ အလုပ်အကိုင်ကောင်းများဖန်တီး၍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်ရန် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်မှု၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနနှင့် စက်ဘ်ာပူနိုင်ငံ၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနတို့၏ ၁၁-၁၀-၂၀၂၁ ရက်နေ့ ပူးတွဲသတင်း ထုတ်ပြန်ချက်အရ သိရှိရပါသည်။

GEA သည် စီးပွားရေးလုပ်ငန်းများအပေါ် စည်းမျဉ်း၊ စည်းကမ်းဆိုင်ရာ ဝန်ထုတ်ဝန်ပိုးများကို လျှော့ချခြင်းအပါအဝင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေပြီး၊ တိုးမြှင့်နိုင်မည့် လက်တွေ့ကျသော ကနဦးအစီအစဉ်များ ဖြစ်ပါသည်။ သဘောတူစာချုပ်သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန်နှင့် ထုတ်လွှတ်မှုနည်းသော အစိမ်းရောင်နည်းပညာဆိုင်ရာ သဘောတူညီမှုများကို အရှိန်မြှင့်တင်ရန် ရည်ရွယ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဇွန်လအတွင်းက (၆) ကြိမ်မြောက် ဩစတြေးလျ-စက်ဘ်ာပူ နှစ်စဉ်အကြီးအကဲများ တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်နှစ်ဦး၏ ဆွေးနွေးချက်ရလဒ်များအရ နှစ်နိုင်ငံ GEA တစ်ရပ်လေ့လာဖော်ထုတ်ရန် သဘောတူညီခဲ့ကြပြီး၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် စေ့စပ်ညှိနှိုင်းမှုများစတင်ခဲ့ခြင်းဖြစ်ပါသည်။ ဆက်လက်၍ ဩစတြေးလျ ကုန်သွယ်ရေးဝန်ကြီးနှင့် စက်ဘ်ာပူ ကုန်သွယ်ရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြားချုပ်ဆိုမည့် GEA ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများ

ပြုလုပ်ခဲ့ကြပြီး၊ ပူးတွဲအမြင်ကြေညာချက် (Joint Vision Statement) တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။

ဩစတြေးလျကုန်သွယ်ရေးဝန်ကြီးက GEA သည် နှစ်နိုင်ငံလုံးအတွက် အကျိုးကျေးဇူးရှိမည့် သဘောတူစာချုပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးသည် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်နှင့် အစိမ်းရောင်နည်းပညာနှင့် စပ်လျဉ်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး အတူတကွ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားထားပြီး၊ စင်္ကာပူကုန်သွယ်ရေးဝန်ကြီးကမူ GEA သည်စင်္ကာပူနှင့် ဩစတြေးလျနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများစွာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံလုံးရှိ စီးပွားရေးလုပ်ငန်း အရွယ်အစားမျိုးစုံနှင့် လုပ်သားများအတွက် များစွာအကျိုးပြုမည်ဖြစ်ပြီး၊ ကုန်သွယ်မှုနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဆိုင်ရာ ဒေသတွင်းနှင့် နိုင်ငံစုံမူဝါဒများကို ပုံဖော်ရာတွင် ကူညီနိုင်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။

Source: www.trademinister.gov.au

ရှင်စောသူ၊ စီးပွားရေးသံမှူး
ကင်ဘာရာမြို့

.............................................................................................................................

## ဩစတြေးလျနိုင်ငံသားများ ပြည်ပခရီး ဘေးကင်းစွာသွားလာနိုင်ရေး အစိုးရက စီစဉ်ဆောင်ရွက်လျက်ရှိခြင်း

ဩစတြေးလျအစိုးရ၏ နိုင်ငံတကာ COVID-19 ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထား (International COVID-19 proof of vaccination) အစီအစဉ်ကို စတင်လိုက်ခြင်းဖြင့် ဩစတြေးလျနိုင်ငံသားများ ပြည်ပသို့ဘေးကင်းစွာ သွားလာနိုင်ရေးအတွက် နောက်ထပ် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရှိရပါသည်။ ဩစတြေးလျနိုင်ငံသားများနှင့် ဩစတြေးလျဗီဇာဖြင့် တရားဝင်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများသည် ၁၉-၁၀-၂၀၂၁ ရက်နေ့မှ စတင်ကာ Australian Immunisation Register (AIR) တွင် မှတ်ပုံတင်ထားသည့် ၎င်းတို့၏ ကာကွယ်ဆေးမှတ်တမ်းများကို နိုင်ငံတကာ COVID-19 ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေအထောက်အထားအဖြစ် ရယူနိုင်တော့မည်ဖြစ်ပါသည်။

ယင်းနိုင်ငံတကာ ကာကွယ်ဆေးအထောက်အထားသည် ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသော ဩစတြေးလျနိုင်ငံသားများ ဩစတြေးလျနိုင်ငံမှ ထွက်ခွာရန်နှင့် ဩစတြေးလျနိုင်ငံ၏ COVID-19 တုံ့ပြန်မှုဆိုင်ရာ အမျိုးသားစီမံချက်နှင့် အညီ နိုင်ငံတကာသို့ ခရီးသွားရောက်နိုင်တော့မည် ဖြစ်ပါသည်။ အဆိုပါ အထောက်အထားကို International Air Transport

Association (IATA) Travel Pass ကဲ့သို့ COVID-19 Application များနှင့် တွဲဖက် အသုံးပြုနိုင်ပြီး၊ Download ရယူနိုင်ကြောင်းနှင့် အထောက်အထားတွင် ကမ္ဘာ့အဝှမ်းရှိ သက်ဆိုင်ရာ အာဏာပိုင်များအား ကာကွယ်ဆေးထိုးနှံမှု အခြေအနေကို ပြသနိုင်သည့် လုံခြုံစိတ်ချရသော QR Code ပါရှိပြီး၊ လူတစ်ဦးသည် လုံခြုံစွာဖြင့် ယုံကြည်ချက်ရှိရှိ နိုင်ငံတကာ ခရီးသွားလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နိုင်ငံတကာ ကာကွယ်ဆေးထိုးခြင်း အထောက်အထားများတွင် မြင်သာသော ဒစ်ဂျစ်တယ် တံဆိပ်နည်းပညာ (Visible Digital Seal technology ) က ကမ္ဘာ့ဦးဆောင် နည်းပညာဖြစ်ပြီး၊ ဩစတြေးလျ နိုင်ငံကူးလက်မှတ်များနည်းတူ လုံခြုံမှုရှိကာ စစ်မှန်မှုရှိကြောင်း သိရှိရပါသည်။ အထောက်အထားမှာ နိုင်ငံတကာလေကြောင်း အဖွဲ့အစည်းက သီးခြားထုတ်ပြန်ထားသည့် ကမ္ဘာ့စံနှုန်းသစ်နှင့် ကိုက်ညီမှုရှိပြီး၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်မှုနှင့် အညီဖြစ်ကြောင်း သိရှိရပါသည်။ COVID-19 ကာကွယ်ဆေးထိုးနှံပြီးကြောင်းသက်သေ အထောက်အထား အစီအစဉ်ကို စတင်လိုက်ခြင်းသည် နိုင်ငံတကာဝင်ထွက်ပေါက်များကို လုံခြုံစွာပြန်လည်ဖွင့်လှစ်ရန်နှင့် ဩစတြေးလျနိုင်ငံ၏ COVID-19 စီးပွားရေးပြန်လည်နာလန်ထူရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အထောက်အထားရယူခြင်းအတွက် ဝန်ဆောင်မှုအခမဲ့ဖြစ်ပြီး၊ အစိုးရ၏ ဝန်ဆောင်မှု Platform ဖြစ်သည့် myGov, (သို့) the Medicare Express Application တို့မှ ရယူနိုင်ကြောင်း သိရှိရပါသည်။

Source: www.trademinister.gov.au

ရှင်စောသူ၊ စီးပွားရေးသံမှူး

ကင်ဘာရာမြို့

..........................................................................................................

## Nok Air အနေဖြင့် ပြန်လည်ဖွင့်လှစ်ခြင်း အစီအစဉ်အတွက် လေယာဉ်များကိုအဆင်သင့် ပြင်ဆင်ထားခြင်း

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လျှက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အချို့သော နိုင်ငံများအပေါ် Quarantine နှင့် နယ်မြေကန့်သတ်ချက်များ ဖယ်ရှားလိုက်ပြီးနောက် နိုင်ငံတကာဈေးကွက်အနေဖြင့် သိသိသာသာ မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ထားခြင်းကြောင့် (၂) နှစ်တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ပြင်ဆင်ဆောင်ရွက်လျှက်ရှိနေကြောင်း သိရှိရပါသည်။

SET စတော့အိတ်ချိန်းစာရင်းဝင် Asset World Corp (AWC) ၏ အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ Wallapa Traisorat က နိုင်ငံခြားခရီးသွားများ ပြန်လာခြင်းသည် အပြုသဘော

ဆောင်သော အရှိန်အဟုန်ကို ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ Quarantine များက နိုင်ငံခြားသား ခရီးသွားအရေအတွက်ကို ကန့်သတ်ထားကြောင်းသူမက ပြောကြားခဲ့ပါသည်။

Quarantine များမလိုအပ်တော့ပါက ကမ္ဘာလုံးဆိုင်ရာလိုအပ်ချက် နာလန်ထူလာမှုအနေဖြင့် ထူးခြားစွာဖြင့် ကောင်းမွန်လာလိမ့်မည်ဖြစ်ကြောင်း၊ လက်ရှိအမေရိကန်ကဲ့သို့ ၎င်း၏ ပြန်လည်နာလန်ထူလာမှုမှာ ၂၀၁၉ ခုနှစ်ကထက် ပိုမိုမြန်ဆန်ကြောင်း ပြောကြားခဲ့ပါသည်။ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ အဆိုအရ လက်ရှိတွင် ဖူးခက် Sandbox အစီအစဉ်သို့ ရောက်ရှိလာသူတစ်ဝက်ကျော်သည် ဇန်ကောက်တွင် Quarnatine ဖြင့် သီးသန့်နေထိုင်ခြင်းထက် ဖူးခက် Sandbox အစီအစဉ်ကို ရွေးချယ်ခဲ့သူများဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံတွင် အပန်းဖြေခရီးသွားသည့် နိုင်ငံခြားသားခရီးသည် အရေအတွက်မှာ အကန့်အသတ်ဖြင့်သာ ရှိနေသေးကြောင်းသိရှိရပါသည်။ Nok Air ၏ အမှုဆောင်အရာရှိချုပ် Wutthiphum Jurangkool က လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းခရီးစဉ်များအား ပိုမို၍ ပြန်လည်စတင်ပြီးနောက် (၂) နှစ်တာကာလအတွင်း ပထမဦးဆုံးအနေဖြင့် ဝန်ထမ်းများပြန် လည်ခန့်ထားခြင်းဖြင့် နိုဝင်ဘာလ (၁) ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်အတွက် အဆင်သင့် ပြင်ဆင်ထားပြီး ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

လေကြောင်းလိုင်းအနေဖြင့် ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ် (၆) စင်းဖြင့် လည်ပတ်ရန် စီစဉ်နေသော်လည်း ထိုင်းလေကြောင်းပို့ဆောင်ရေး အာဏာပိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရှိရပါသည်။ အန္တရာယ် အနည်းဆုံးနိုင်ငံ (၁၀) နိုင်ငံမှ ကာကွယ်ဆေးထိုးထားပြီးဖြစ်သော ခရီးသွားများအတွက် ဝန်ကြီးချုပ်၏ (၁၁.၁၀.၂၀၂၁) ရက်နေ့က ကြေငြာချက်အရ Quarantine မလိုဘဲဝင်ရောက်ခွင့်ပေးမည့် ကြေငြာချက်အပေါ် အော်ပရေတာများအနေဖြင့် အစီအစဉ် အသေးစိတ်ကို စောင့်ဆိုင်းနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

Mr. Wutthiphum Jurangkool က နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြားသောနိုင်ငံများနှင့် Travel Bubbles အစီအစဉ်များအတွက် ညှိနှိုင်းမှုများကို အရှိန်မြှင့်တင် ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံများအကြား အဝင်အထွက်ခရီးသည်များကို ခွင့်ပြုပေးသင့်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများအတွက် အခွင့်အလမ်းများကို ဖန်တီးပေး သင့်ကြောင်း ပြောကြားခဲ့ပါသည်။

ကပ်ရောဂါကာလအတွင်း ဂျပန်နိုင်ငံကဲ့သို့သော ဗီဇာကင်းလွတ်ခွင့် ဆိုင်းငံ့ထားသော နိုင်ငံများရှိခဲ့ခြင်းကြောင့် နိုင်ငံခြားသံရုံးများအနေဖြင့် ထိုင်းပြည်ပခရီးသွားများအတွက် ပိုမိုအဆင်ပြေစေမည့် ဗီဇာလုပ်ထုံးလုပ်နည်းများကို စတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊

ခရီးသွားများအနေဖြင့် နိုင်ငံခြားခရီးစဉ်အတွက် စာရွက်စာတမ်းများ ပိုမိုတင်ပြရန်လိုအပ်ခဲ့ခြင်းကိုဆိုလိုခြင်း ဖြစ်ပါသည်။

Nok Air အနေဖြင့် ဒီဇင်ဘာလတွင် နိုင်ငံတကာခရီးစဉ်များ ပြန်လည်စတင်ရန် ပြင်ဆင်နေကြောင်း၊ တရုတ်နှင့် အခြားသော အန္တရာယ်နည်းပါးသည့် နိုင်ငံများမှ လွပ်လပ်စွာသွားလာကြသည့် ခရီးသွားများဖြင့် စတင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ Mr. Wutthiphum Jurangkool က ၂၀၂၂ ခုနှစ် ဒုတိယသုံးလပတ်တွင် ပြန်လည်စတင်ရန် ယခင်ကသတ်မှတ်ထားခဲ့သော နိုင်ငံတကာ လေယာဉ်ခရီးစဉ်အများစု၊ အထူးသဖြင့် စင်္ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံများကို ပထမသုံးလပတ်တွင် အစောဆုံးအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတကာစျေးကွက်အား ပြန်လည်၍ ဖွင့်လှစ်သည့်အခါ ဗိုင်းရပ်စ်မျိုးကွဲသစ်များ၏ အန္တရာယ်က ရှိနေဆဲဖြစ်ကြောင်း၊ ဆိုလိုသည်မှာ အစိုးရအနေဖြင့် မသေမခြာမှုများကို ကာကွယ်နိုင်ရန် အများပြည်သူကျန်းမာရေးစနစ်ကို တင်းကြပ်သင့်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အကယ်၍ ထိုင်းနိုင်ငံအနေဖြင့် ပြန်လည်ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ပါက တိုင်းပြည်အနေဖြင့် ခရီးသွားများကို ကြိုဆိုရန် အဆင်သင့်ဖြစ်နေသော တိုင်းပြည်များကို ယှဉ်ပြိုင်နိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်မြို့

.................................................................................................

## ဟောင်ကောင်စီးပွားရေးသတင်းများ

### (က) Star House ရှိ Watson's စတိုးဆိုင်ပိတ်သိမ်းခြင်းသည် လက်လီရောင်းချမှုလုပ်ငန်း၏ ဆက်လက်ရှင်သန်နိုင်ရန် ရုန်းကန်နေရကြောင်း နောက်ဆုံးအနေအထား လက္ခဏာဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၏ ခရီးသွားဧည့်သည်များ အဓိကလာရောက်သည့် နေရာများထဲမှ နေရာတစ်ခုဖြစ်သည့် Tsim Sha Tsui ၌ လွန်ခဲ့သောဆယ်စုနှစ် (၂) စုကတည်းက ငှားရမ်းဖွင့်လှစ်ခဲ့သည့် Watson စတိုးဆိုင် ပိတ်သိမ်းခဲ့ခြင်းမှာ လက်လီရောင်းချမှု လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကာလအတွင်း ဆက်လက်ရှင်သန်နိုင်ရန် ရုန်းကန်လှုပ်ရှားနေရသည့် နောက်ဆုံးအနေအထား လက္ခဏာဖြစ်ကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Sandy Li နှင့် Martin Choi တို့က "Watsons closes

store at Star House in latest sign of industry's struggle" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် စားသုံးသူများ၏ လူမှုဘဝနေထိုင်မှုနှင့် ဒေသ၏ စီးပွားရေးအပေါ် ပြင်းထန်စွာထိခိုက်လျက်ရှိသောကြောင့် Tsim Sha Tsui ၏ Star House ရှိ Li Kashing CK Hutchison ပိုင်ဆိုင်သော Watsons စတိုးဆိုင်အား ပိတ်သိမ်းခဲ့ရကြောင်း၊ ဟောင်ကောင်ဒေသသို့ ခရီးသွားဧည့်သည်များ လာရောက်မှုမှာ (၉၀) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ အထူးသဖြင့် ခရီးသွားဧည့်သည်များလာရောက်သည့် နေရာများရှိ စတိုးဆိုင်များမှာ ငှားရမ်းခကုန်ကျစရိတ် မြင့်မားသောကြောင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းကို ပြင်းထန်စွာထိခိုက်လျက်ရှိကြောင်း၊ ဆိုင်အကျယ်အဝန်း (၄,၂၀၀) စတုရန်းပေ ငှားရမ်းခအတွက် ဟောင်ကောင်ဒေါ်လာ (၁.၅) မီလီယံကျော် ပေးရကြောင်း၊ ယခုအခါ ဆိုင်ခန်းပိုင်ရှင်မှ ငှားရမ်းခ ဟောင်ကောင် ဒေါ်လာ (၈၀၀,၀၀၀) ရာခိုင်နှုန်းအားဖြင့် (၄၆) ရာခိုင်နှုန်း လျှော့ပေးခဲ့ကြောင်း၊ Watson စတိုးဆိုင်ပေါင်း (၂၀၀) ခန့်အား ဟောင်ကောင်နှင့် မကာအိုဒေသတို့၌ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသရှိ လက်လီလုပ်ငန်းမှာ ၂၀၁၉ ခုနှစ် အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိကြောင်း၊ နိုင်ငံတကာ ကုန်အမှတ်တံဆိပ်များဖြစ်သည့် GAP ၊ Topshop ၊ Victoria's Secrete နှင့် Eprit အစရှိသည့် စတိုးဆိုင်များမှာလည်း ဟောင်ကောင်ဒေသ၌ လုပ်ငန်းလည်ပတ်လျက်ရှိသည့် စတိုးဆိုင်များ လျှော့ချခြင်း (သို့မဟုတ်) ဟောင်ကောင်မှ လုပ်ငန်းများထွက်ခွာမှုများရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ တိုက်ခိုက်နိုင်ရန် နယ်စပ်ဂိတ်များအား ယခင်နှစ်နှစ်ဆန်းပိုင်းက ပိတ်ထားခဲ့ပြီးနောက် တရုတ်ပြည်မကြီးမှ ခရီးသွားဧည့်သည်များနှင့် အခြားသောဒေသများမှ ခရီးသွားဧည့်သည်များအပေါ် အားထားရောင်းချသည့် ဟောင်ကောင်ဒေသရှိ လက်လီအရောင်းဆိုင်များ အနေဖြင့် လုပ်ငန်းများ ရေရှည်လုပ်ကိုင်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ဟောင်ကောင်ခရီးသွားလုပ်ငန်းအဖွဲ့၏ အချက်အလက်များအရ ယခင်နှစ်က လာရောက်သည့် ခရီးသွားဧည့်သည်ဦးရေ (၃.၅၄) မီလီယံ မှ (၅၃,၂၂၆) ဦး သို့ လျော့ကျခဲ့သောကြောင့် ၂၀၂၁ ခုနှစ်၊ ပထမ (၈) လအတွင်း ခရီးသွားများလာရောက်မှု (၉၈.၅) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ ထုတ်ပေး မည့် ဒေသအစိုးရ၏ ဒုတိယအကြိမ် ပံ့ပိုးပေးသည့် consumption voucher scheme ကြောင့် ကာလတိုအတွက် စားသုံးမှုများ ထပ်မံမြင့်တက်လာပြီး ဆင်ခြေဖုံးရပ်ကွက် လက်လီဈေးကွက် အတွက်လည်း အကျိုးအမြတ်များ ရရှိနိုင်ကြောင်း ရေးသားဖော်ပြထားပါသည်။

## (၁) ရာသီဥတုပြောင်းလဲမှုနှင့် ပဋိဇီဝဆေး ခုခံနိုင်ရန် အပင်ကိုအခြေခံ ထုတ်လုပ်သည့် အသား အစားထိုးအစားအစာများ ဟောင်ကောင်ဒေသအနေဖြင့် အတည်ပြုရမည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ မကြာမီကာလက ဟောင်ကောင်အခြေစိုက် နည်းပညာကုမ္ပဏီမှ အပင်အခြေခံထုတ်လုပ်သည့် ပင်လယ်စာအစားထိုးအစားအစာ စတင်ရောင်းချခဲ့သည့် ကိုးကားချက် အရ ဟောင်ကောင်ဒေသ အနေဖြင့် ရာသီဥတုပြောင်းလဲမှု၊ အသားစားသုံးခြင်းဖြင့် ကျန်းမာရေး ထိခိုက်မှုများနှင့်အကျိုးပြုပိုးမွှားများ ဖွံ့ဖြိုးတိုးတက်မှုအားရပ်တန့်စေသည့်ပိုးမွှားများအား ခံနိုင်ရည် ရှိစေရန် အစရှိသည်တို့ အပါအဝင် အသားထုတ်လုပ်သည့် လုပ်ငန်းဆိုင်ရာ ပြဿနာများအား ကုစားရန် ဟောင်ကောင်ဒေသ အနေဖြင့် မှန်ကန်သော လမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ် ကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ “HK has to endorse plant-based meat in fight against antibiotic resitance and climate change” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် အပင်မှအခြေခံထုတ်လုပ်သည့် အသားအစားထိုးအစားအစာများ အားထုတ်လုပ်မှု ထပ်မံမြှင့်တင်ရန် လူမှုအသိုက်အဝန်းတွင် လိုအပ်သည့် အပင်အခြေခံ ထုတ်လုပ် သည့် အသားအစားထိုး အစားအစာများအား ဒေသအစိုးရ အနေဖြင့် တရားဝင် အသိအမှတ် ပြုပေးရမည်ဖြစ်ကြောင်း၊ ပုံမှန်ထုတ်လုပ်သည့် အသားများကို စားသုံးခြင်း၏ အကျိုးဆက်များနှင့် အန္တရာယ် ရှိနိုင်မှုများကို ဒေသအစိုးရမှ ပြည်သူများအား အကြောင်းကြားရမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်များ မွေးမြူရေးခြံများတွင် ပဋိဇီဝဆေးများ အလွန်အကျွံ အသုံးပြုခြင်းဖြင့် လူသားများ တွင်ပဋိဇီဝဆေးများအား ခံနိုင်ရည်ရှိမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ဖြစ်ရာ အဆိုပါ ပဋိဇီဝဆေး များအား ခံနိုင်ရည်ရှိမှုများ ခြောက်လှန့်မှုအား တိုက်ခိုက်နိုင်ရန် အပင်အခြေခံ ထုတ်လုပ်သည့် အသားအစားထိုး အစားအစာများ မြှင့်တင်နိုင်ရန် မရှိမဖြစ်လိုအပ်ကြောင်း ရေးသားဖော်ပြထားပါ သည်။

အကျိုးပြုပိုးမွှားများ ဖွံ့ဖြိုးတိုးတက်မှုအား ရပ်တန့်စေသည့် ပိုးမွှားများ ပျံ့နှံ့မှုများနှင့် ထွက်ပေါ်မှုများ လျှော့ချနိုင်ရန် The Centre for Food Safety of the Food and Environmental Hygiene Department သည် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း လုပ်ကိုင်လျက်ရှိကြောင်း၊ အပင်အခြေခံထုတ်လုပ်သည့်အသားအစားထိုး အစားအစာများ စားသုံး ခြင်းဖြင့် ကမ္ဘာကြီးအတွက် ကာဗွန်ကင်းစင်နိုင်မည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသသို့တင်သွင်း လာသည့်အသားများအတွက် ဟောင်ကောင်ဒေသ ကာဗွန်ထုတ်လွှတ်အား ပမာဏတွင်ထည့်သွင်း တွက်ချက်ခြင်း မရှိသော်လည်း ကမ္ဘာပေါ်ရှိ အခြားသောဒေသများမှ ကာဗွန်ထုတ်လွှတ်မှုအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ဟောင်ကောင်ဒေသ၏ ၂၀၅၀ ပြည့်နှစ်ရာသီဥတုစီမံချက် ( Climate Action Plan 2050) တွင် ကာဗွန်ထုတ်လွှတ်မှုပြဿနာ ဖြစ်ပွားမှုမှာ ဆောက်လုပ်ရေးလုပ်ငန်း

များအတွက်သာ ထည့်သွင်းဖော်ပြထားပြီး အသားထုတ်လုပ်မှု လုပ်ငန်းအတွက် မပါဝင်ကြောင်း၊ ပြည်သူများအား ကာဗွန်ကင်းစင်မှုအတွက် ပညာပေးရမည်ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသ ပတ်ဝန်းကျင်ဆိုင်ရာဗျူရို အနေဖြင့် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန်အတွက် ပတ်ဝန်းကျင် ထိခိုက်မှု မရှိသော အပင်အခြေခံ ထုတ်လုပ်သည့် အသားအစားထိုး အစားအစာများ တိုးမြှင့် ထုတ်လုပ်နိုင်ရန်နှင့် အသားထုတ်လုပ်မှု လုပ်ငန်းအပေါ် အာရုံစိုက်လုပ်ကိုင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

**(ဂ) ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှုနှုန်းထားများ မြင့်မားလာမှုကြောင့် ပို့ကုန် တင်ပို့ သူများအား ထိခိုက်လျက်ရှိခြင်း**

ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ၎င်းတို့၏စက်ရုံများ ပြန်လည်ဖွင့်လှစ်ရန် အဆင့်သင့် ဖြစ်လျက် ရှိသောကြောင့် ကုန်ပစ္စည်းဝယ်လိုအားများလျော့ကျလျက်ရှိကြောင်း၊ သို့သော် ကုန်ကြမ်းပစ္စည်း ဈေးနှုန်းများမြင့်တက်မှုနှင့် ပို့ကုန်တင်ပို့သည့် ကုန်ကျစရိတ်များ အလွန်မြင့်မားသောကြောင့် တရုတ်နိုင်ငံ မှ ပို့ကုန်တင်ပို့သူများအား ထိခိုက်လျက်ရှိကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ Ji Siqi နှင့် Xinlu Liang တို့က“ Soaring sea freight costs hit exporters” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ပို့ကုန်တင်ပို့မှုကုန်ကျစရိတ်မှာ ယခင်နှစ်အနည်းဆုံး ကုန်ကျစရိတ်နှင့် နှိုင်းယှဉ်လျှင် (၄၀၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ လုပ်ငန်းအမျိုးမျိုးမှ ပို့ကုန်ပစ္စည်းတင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်မှုမှာ ညီမျှမှုမရှိကြောင်း၊ တန်ဖိုးမြင့်မားပြီး ပမာဏသေးငယ်သည့် ကုန် ပစ္စည်းများအတွက် ကုန်တင်ပို့သည့် ကုန်ကျစရိတ်၏ သက်ရောက်မှု နည်းပါးပြီး တန်ဖိုးနည်းပြီး ပမာဏကြီးမားသည့် ကုန်ပစ္စည်းများအပေါ် သက်ရောက်မှုမြင့်မားကြောင်း၊ အလုပ်သမားအင်အား အများအပြား အသုံးပြုထုတ်လုပ်ရသည့် တရုတ်နိုင်ငံထုတ် အရုပ်များနှင့် အခြားသော ခရစ္စမတ်ကုန် ပစ္စည်းများ၏ ဈေးနှုန်းမှာ ယှဉ်ပြိုင်စွမ်းအား မြင့်မားပြီး သင်္ဘောဖြင့် ကုန်ကျစရိတ် အသက်သာဆုံး ဖြင့်တင်ပို့ကြောင်း၊ သို့သော် လွန်ခဲ့သော (၁၈) လခန့်မှ စတင်၍ ပို့ကုန် တင်ပို့သည့် ကုန်ကျစရိတ်များ မြင့်တက်ခဲ့မှုကြောင့် အချို့သောသွင်းကုန်တင်သွင်းသူများမှာ ၎င်းတို့ဝယ်ယူသည့် ပမာဏ ပြန်လည်လျှော့ချမှုများ စတင်ပြုလုပ်ခဲ့ကြကြောင်း ရေးသားဖော်ပြထားပါသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ထိန်းချုပ်လာနိုင်ပြီ ဖြစ်သော်လည်း အမေရိကန်နှင့် ဩစတြေးလျနိုင်ငံတို့မှ ဂိမ်းကစားသည့် ပစ္စည်းများ၊ ခရစ္စမတ်ပစ္စည်း အမှာစာများ ပယ်ဖျက်မှု ကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ကုန်ပစ္စည်းတင်ပို့မှုများ လျော့ကျလာကြောင်း၊ ပုံမှန်အား ဖြင့် နှစ်စဉ်မေလမှအောက်တိုဘာလအထိ အလုပ်များသော်လည်း ယခုနှစ်တွင် လုပ်ငန်းဆောင်ရွက်မှု များပြားခြင်းမရှိကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ

တစ်ဝန်းတွင် ပင်လယ်ရေကြောင်းမှ ကုန်ပစ္စည်းတင်ပို့မှုသာမက ကုန်ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူးသည့် ကွင်းဆက်အပေါ် ဖိအားများဖြစ်ပေါ်စေနိုင်ကြောင်း၊ ၎င်းတို့ရောင်းချမည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ဈေးနှုန်းမှာ မြင့်မားလျက်ရှိကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် တန်ဖိုးနည်းပါးသည့် ကုန်ပစ္စည်းများ ထုတ်လုပ်မှုအား လျှော့ချလာကြကြောင်း၊ ပို့ကုန်တင်ပို့မှု ကုန်ကျစရိတ် မြင့်မားမှုကြောင့် တရုတ်နိုင်ငံမှကုန်ပစ္စည်းတင်ပို့မှုအပေါ် ပြောင်းလဲမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကာလအတွင်း ကုန်ပစ္စည်းတန်ဖိုး မြင့်မားပြီး အရွယ်ပမာဏ သေးငယ်သည့် ပစ္စည်းများ တင်ပို့ရောင်းချမှုမှာ ကုန်ပစ္စည်းတန်ဖိုး လျော့နည်းပြီး အရွယ်ပမာဏ ကြီးမားသည့် ပစ္စည်းများ တင်ပို့ရောင်းချမှုထက် ပိုမိုကောင်းမွန်ကြောင်း၊ ကွန်ပြူတာ၊ ဆက်သွယ် ရေးပစ္စည်းများနှင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆက်စပ် ဆေးဝါးပစ္စည်းများ တင်ပို့မှုမှာ လျင်မြန်စွာ တိုးတက်လာပြီး ကုန်ပစ္စည်းပမာဏ အရွယ်ကြီးမားပြီး တန်ဖိုးလျော့နည်းသည့်ကုန်ပစ္စည်းများတင်ပို့မှုမှာ နှေးကွေးလာကြောင်း၊၂၀၂၁ ခုနှစ်၊ နှစ်ဦးပိုင်းနှင့် နှိုင်းယှဉ်လျှင် တရုတ်နိုင်ငံ၏ ပို့ကုန်တင်ပို့မှုမှာ ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ (၂၉၄.၃၂) ဘီလီယံ ရာခိုင်နှုန်းအားဖြင့် (၂၅.၆) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ စက်ဘီးများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ၏ တင်ပို့မှုမှာ လျော့ကျလာကြောင်း တရုတ်နိုင်ငံ အကောက်ခွန်စာရင်းများအရ သိရှိရကြောင်း၊ ကုန်တင်ပို့ခမြင့်မားမှုနှင့် ကွန်တိန်နာများ ပိတ်ဆို့မှုကြောင့်ခရစ္စမတ်ပစ္စည်းဝယ်ယူသူများမှာ ကြိုတင်မှာယူလာကြကြောင်း၊ တရုတ်နိုင်ငံမှပို့ကုန်များ မြင့်တက် လာနိုင်သည့်လက္ခဏာများရှိကြောင်း ရေးသား ဖော်ပြထားပါသည်။

**(ဃ) တိုင်ဖွန်းမုန်တိုင်း Kompasu သတိပေးချက်ကြောင့် ဟောင်ကောင်ဒေသ၏ ငွေကြေးဈေးကွက်ကို ရပ်တန့်စေခြင်း**

တိုင်ဖွန်းမုန်တိုင်း Kompasu တိုက်ခတ်မှု သတိပေးချက် အဆင့် (၈) ထုတ်ပြန်ထားမှုမှာ ၁၃-၁၀-၂၀၂၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ညနေ (၄:၀၀) နာရီအချိန်အထိ ရိုက်ခတ်နိုင်ကြောင်း ဟောင်ကောင် မိုးလေဝသစောင့်ကြည့်ရေးမှ ဆုံးဖြတ်ခဲ့ပြီးနောက် ဟောင်ကောင်ဒေသ ငွေကြေးဈေးကွက်မှာ ဗုဒ္ဓဟူးနေ့တွင် ရပ်တန့်စေခဲ့ကြောင်း ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Enoch Yiu "Hong Kong's financial markets come to halt on Typhon Kompasu warning" ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ဟောင်ကောင်မြို့ရှိ ဘဏ်များနှင့် ရွှေရောင်းဝယ်မှုဈေးကွက် စတော့ရှယ်ယာများမှာ ဗုဒ္ဓဟူးနေ့တွင် တစ်ရက်လုံးပိတ်ထားကြောင်း၊ Hong Kong Exchange and Clearing ၏ နည်းဥပဒေများအရ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း စတော့ရှယ်ယာများ ရောင်းဝယ်မှုများအား ပယ်ဖျက်ခဲ့ကြောင်း၊ ဟောင်ကောင်ရွှေငွေစတော့ရှယ်ယာ ရောင်းဝယ်ရေး အသင်းမှလည်း

နံနက်ပိုင်းတွင် မြေပြင်ရောင်းဝယ်မှုများအား ပယ်ဖျက်ခဲ့ပြီး အီလက်ထရောနစ်ဖြင့် ရောင်းဝယ်မှုများအားဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့်ဟောင်ကောင်မြို့ရှိဘဏ်ခွဲများ (၁,၁၀၀) ကျော်အားလည်း တစ်ရက်လုံးပိတ်ထားခဲ့ကြောင်း ဟောင်ကောင်ဘဏ်အသင်းမှ ပြောကြားခဲ့ကြောင်း၊ ရက်သတ္တပတ် (၄) ပတ်ကြာမြင့်တက်ခဲ့သည့် Hang Seng Index သည်လည်း အင်္ဂါနေ့ တွင် (၁.၄) ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မကြီးရှိ ငွေကြေး စျေးကွက်များမှာ ပုံမှန်အတိုင်း ဆက်လက်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ စိစစ်မှုများနှင့် အာရှနိုင်ငံများ၏ တိုးတက်မှု ကို အဟန့်အတားဖြစ်စေမည့် လျှပ်စစ်စွမ်းအင် အကျပ်အတည်းများနှင့် ပတ်သက်၍ စီးပွားရေးကိန်းဂဏန်းအချက်အလက်များကို စောင့်ကြည့်ရောင်းဝယ်လျက်ရှိသောကြောင့် စတော့ရှယ်ယာများ ကျဆင်းမှုမှာဗုဒ္ဓဟူးနေ့တွင်(၃) ရက်မြောက်နေ့ဖြစ်ကြောင်း၊ ဟောင်ကောင်ဒေသရှိ ငွေကြေးဆိုင်ရာပွဲများ ကျင်းပပြုလုပ်မှုကိုလည်း မုန်တိုင်းကြောင့် ပယ်ဖျက်ခဲ့ကြောင်း၊ အိုနာစာရန်ပုံငွေ (The Mandatory Provident Fund Schemes Authority–MPFA) ၏ လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားမည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကိုလည်း လာမည့်ရက်သတ္တပတ်သို့ ရွှေ့ဆိုင်းခဲ့ကြောင်း၊ ယခုနှစ် ဇူလိုင်လတွင် Black Rainstorm သတိပေးချက်ကြောင့် ငွေကြေးစျေးကွက် ရောင်းဝယ်မှုများ ရပ်နားခဲ့ရကြောင်း၊ ရာသီဥတု ဆိုးရွားမှုကြောင့် ဘဏ်နှင့် ငွေကြေးစျေးကွက်များ ဆောင်ရွက်မှုရပ်နားခြင်းမှာ ယခုနှစ်အတွင်းတွင် ဒုတိယမြောက် အကြိမ်ဖြစ်ကြောင်း၊မုန်တိုင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စတော့ရှယ်ယာရောင်းဝယ်မှု စျေးကွက်များနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ရန် ဟောင်ကောင် ဒေသရှိ Bright Smart Securitiesသည် Hong Kong Stock Exchange အားသတင်းစာမှရေးသား၍ တိုက်တွန်းပြောကြားထားကြောင်း၊ စတော့ရှယ်ယာများ ရောင်းဝယ်မှုအား အီလက်ထရောနစ်ဖြင့် လုပ်ကိုင်ခြင်းဖြင့် ရောင်းဝယ်မှုများရပ်တန့်ရန် မလိုအပ်ကြောင်း၊ သို့သော် အချို့သောလုပ်ငန်းရှင်များမှာ ရာသီဥတုဆိုးရွားမှုကြောင့် ၎င်းတို့၏ဝန်ထမ်းများ လုံခြုံမှုရှိရေး အတွက် စိုးရိမ်မှုများရှိကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး
ဟောင်ကောင်မြို့

…………………………………………………………………………………………………..

## ခရီးသွားလုပ်ငန်းက ယုံကြည်မှုကိုမြှင့်တင်ပေးနိုင်

နိုဝင်ဘာလမှစတင်၍ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးသော နိုင်ငံခြားသားများအား ခရီးသွားလာခြင်းကိုပြန်လည်ဖွင့်လှစ်ပေးမှုသည် GDP တိုးတက်မှုအတွက်နှင့် စီးပွားရေးအပေါ် ယုံကြည်မှုတိုးတက်ရေးအတွက်အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်Federation of Thai Industries (FTI) ကဆိုပါသည်။ ထိုင်းဝန်ကြီး ချုပ်ပရာယွန်ချန်အိုချာက ယခုနှစ်ကုန်တွင်ဝင်ငွေရရှိရန် ရွှေရောင်အချိန်အခါ (Golden Time)ကို လက်မလွှတ်သင့်ကြောင်း ပြန်လည်ဖွင့်လှစ်မည့်နေ့မှာ နိုဝင်ဘာလ(၁)ရက်နေ့ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေမှာ GDP၏(၁၀%)ရှိကြောင်း၊ ၎င်းမှာ ပြည်တွင်းစီးပွားရေးကိုမြှင့်တင်ရန်အတွက်လျှင်မြန်သောနည်းလမ်းတစ်ခုဖြစ်ကြောင်းFTI ကပြောကြားခဲ့ပါသည်။ အသင်းချုပ်အနေဖြင့်ယခုနှစ်တွင် GDPတိုးတက်မှုရည်မှန်းချက်ဖြစ်သော(၀-၁%)ရရှိရန် အတွက် နိုင်ငံခြားသားခရီးသွားများဝင်ရောက်လာမှုကအကူအညီပေးလိမ့်မည်ဖြစ်ကြောင်း၊မိမိတို့အနေဖြင့် Covid-19နှင့် အတူနေထိုင်ရန် သင်ယူရလိမ့်မည်ဖြစ်ကြောင်း FTIဥက္ကဋ္ဌ Supant Mongkolsuthree ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ကပ်ရောဂါတိုက်ဖျက်ရေးအတွက်လိုအပ်သောအစီအမံများအား ထိန်းသိမ်းဆောင်ရွက်နေစဉ် ထိုင်းနိုင်ငံအနေဖြင့် စီးပွားရေးဆိုင်ရာလှုပ်ရှားမှုများကိုပြန်လည်ဆောင်ရွက်ရန်အချိန်အခါဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။ စက်တင်ဘာလတွင်ထိုင်းစက်မှုလုပ်ငန်းအပေါ်သဘောထားအညွှန်းကိန်းအနေဖြင့် ပြန်လည်ဖွင့်လှစ်ရေးအစီအစဉ်မှ အကျိုးသက်ရောက်မှုကိုရရှိခဲ့ပြီးဖြစ်ကြောင်း၊ ခြောက်လတာကာလအတွင်းပထမဦးဆုံးအကြိမ်အဖြစ် ဩဂုတ်လတွင်ရှိခဲ့သော(၇၆.၈) မှတ်မှနေ၍(၇၉)မှတ်သို့ရရှိခဲ့ကြောင်း၊စက်ရုံများတွင်ကူးစက်မှုနှုန်းများလည်းလျော့ကျခဲ့ကြောင်း သိရှိရပါသည်။

Mr.Supant က အန္တရာယ်နည်းပါးသောတိုင်းပြည်များမှ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသော နိုင်ငံခြားသားများအား ထိုင်းနိုင်ငံအတွင်းသို့Quarantine မထားဘဲဝင်ရောက်ခွင့်ပြုမည့်အပေါ် အချို့သောလူများအနေဖြင့်စိုးရိမ်နေဆဲဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ၎င်းတို့အနေဖြင့် နေ့စဉ်ကူးစက်မှုနှုန်းများကိုအာရုံမစိုက်သင့်ကြောင်း၊ အကြောင်းမှာကပ်ရောဂါသည် မည်သည့်အချိန်တွင်ပြီးဆုံးမည်ကိုပြောရခက်၍ဖြစ်ကြောင်း Mr. Supant ကပြောကြားခဲ့ပါသည်။ ၎င်းက သေဆုံးမှုနှုန်းများကျဆင်းနေပြီး ကာကွယ်ဆေးအားလည်းပိုမိုဖြန့်ချီနေကြောင်း၊ ဆေးဝါးအသစ်များလည်းပေါ်ထွက်လျက်ရှိကြောင်း၊ ပြန်လည်ဖွင့်လှစ်မည့်အစီအစဉ်အပေါ် သဘောမတူသူများအား ၎င်းအနေဖြင့် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

ပြည်နယ်များတွင် ကွဲပြားခြားနားသော စည်းမျဉ်းများရှိနေမှုကြောင့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်ရန် ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် အစိုးရ၏ စည်းမျဉ်းများကို ရှင်းရှင်းလင်းလင်းပြဋ္ဌာန်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ထိုင်းကုန်သည်ကြီးများအသင်းချုပ်ဥက္ကဋ္ဌ Sanan Angubolkul က အသင်းချုပ်အနေဖြင့် နိုဝင်ဘာလ(၁)ရက်နေ့တွင် အစိုးရမှအန္တရာယ်နည်းပါးသောနိုင်ငံများမှ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသည့်နိုင်ငံခြားသားများအားပြန်လည်ဖွင့်လှစ်မည့်အစီအစဉ်အတွက် ထောက်ခံကြောင်းပြောကြားခဲ့ပါသည်။

သို့ရာတွင်၎င်းကကူးစက်မှုအသစ်နှင့်ထိတွေ့မှုအန္တရာယ်ကို ကာကွယ်ရန်အတွက် အားလုံးအနေဖြင့်စည်းကမ်းလိုက်နာရန်သတိပေးခဲ့ပါသည်။ ရောဂါကူးစက်သူအသစ် အရေအတွက်မှာ တဖြည်းဖြည်းလျော့ကျလာကြောင်းပြည်နယ်များတွင်ကာကွယ်ဆေးဝယ်ယူမှုနှင့်ခွဲဝေချထားမှုတို့မှာလည်းတိုးတက်လာကြောင်း ၊နောက်လအစောပိုင်းတွင် ပြန်လည် ဖွင့်လှစ်မည့် အစီအစဉ်မှာ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများအား မည်ကဲ့သို့ပြင်ဆင်ထားရမည်ကိုကြိုတင်သိရှိစေလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

၎င်းက အသင်းချုပ်အနေဖြင့် နောက်ထပ်တစ်လလျှင်ခရီးသွား(၁၀၀,၀၀၀) ဝင်ရောက်လာလိမ့်မည်ဟုမျှော်လင့်ကြောင်း၊ ရလဒ်အနေဖြင့် ယခုနှစ်အတွက် GDPတိုးတက်မှု(၀-၁%) ရရှိလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။သို့ရာတွင်အစိုးရအတွက်နောက်ထပ်ဒုတိယနှင့်တတိယအကြိမ် ကာကွယ်ဆေးများထိုးနှံရန်အတွက် နောက်ထပ်ကာကွယ်ဆေးများရရှိရန် အရေးကြီးကြောင်း ပြောကြားခဲ့ပါသည်။ နိုင်ငံတကာ စံချိန်စံညွှန်းများအသုံးပြုပြီး ထိုင်းနိုင်ငံသို့ ဝင်လာရန်လုပ်ငန်းစဉ်များဆောင်ရွက်ပေးခြင်းဖြင့် အခြားသောနိုင်ငံများနှင့်ချိတ်ဆက်၍ ဝင်ရောက်လာမည့်နိုင်ငံခြားသားများ၏ ယုံကြည်မှုကိုတည်ဆောက်ရန် အရေးကြီးကြောင်း Mr. Sunan က ပြောကြား ခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့်အများပြည်သူတို့အနေဖြင့် Covid-19 ကူးစက်မှုအန္တရာယ်ကို လျော့ချရန်နှင့် တိုင်းပြည်အားပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် စည်းကမ်း လိုက်နာရမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ Minor International ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dillip Rajakarier က နိုဝင်ဘာလပြန်လည်ဖွင့်လှစ်မှုမှာ မှန်ကန်သောဦးတည်ချက်အတွက် အရေးကြီးသောခြေလှမ်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သို့ရာတွင် အစိုးရအနေဖြင့် Cvoid-19 တိုးတက်မှု အခြေအနေများအပေါ် မီးမောင်းထိုးပြသည့် လူထုဆက်ဆံရေးလှုပ်ရှားမှုများကို ပိုမိုဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် ထိုင်းနိုင်ငံမှပြန်လာမည့်ခရီးသည်များအတွက် ကင်းလွတ်ခွင့်ဆိုင်ရာသတ်မှတ်ချက်များချမှတ်နိုင်ရေးအတွက် နိုင်ငံတကာကို ဆက်သွယ်ဆောင်ရွက်သင့်ကြောင်း Mr.Rajakarier ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံတွင် နေထိုင်စဉ်အတွင်း ကာကွယ်ဆေးထိုးထားပြီးသော နိုင်ငံခြားသားခရီးသွားများသည်ဘေးကင်းလုံခြုံမှုဆိုင်ရာ နည်းလမ်းများစွာကိုရရှိခဲ့ပြီး အဆင်မပြေမှုအနည်းဆုံးဖြင့်အိမ်ပြန်နိုင်သင့်ကြောင်းသိရှိရပါသည်။

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး
ဗန်ကောက်မြို့

…………………………………………………………………………………………………………

## RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မည့် ဥပဒေကို ဩစတြေးလျပါလီမန်က အတည်ပြုလိုက်ခြင်း

ပိုမိုကောင်းမွန်သော ပို့ကုန်အခွင့်အလမ်းများမှ ဩစတြေးလျလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အကျိုးကျေးဇူးများ ရရှိစေရန် ဩစတြေးလျအစိုးရသည် RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မည့် ဥပဒေကို အတည်ပြုလိုက်ပြီးဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၏ ၂၁-၁၀-၂၀၂၁ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။

ဩစတြေးလျနိုင်ငံအပါအဝင် အခြားအင်ဒို-ပစိဖိတ်နိုင်ငံများပါဝင်သော ခေတ်မီပြီး၊ ဘက်စုံ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်ဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်သည်ကုန်စည်ကုန်သွယ်ရေး၊ ဝန်ဆောင်မှုကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု စသည်တို့ပါဝင်ပြီး၊ အီလက်ထရောနစ်ကူးသန်းရောင်းဝယ်မှု၊ အသိဉာဏမှုပိုင်ခွင့်၊ အစိုးရဝယ်ယူရေး၊ ယှဉ်ပြိုင်မှု နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ စသည့်ဧရိယာများအတွက် စည်းမျဉ်းသစ်များ ပါဝင်ပါသည်။

ကုန်သွယ်ရေးဝန်ကြီး Mr. Dan Tehan က RCEP သည် အင်ဒို-ပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံများနှင့် ချုပ်ဆို အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဩစတြေးလျနိုင်ငံ၏ လွတ်လပ်သော ကုန်သွယ်မှုဒေသ သဘောတူစာချုပ်များအပေါ် အခြေခံ၍ ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ RCEP သဘောတူစာချုပ် စတင်သက်ဝင်သည်နှင့် ဩစတြေးလျ၊ အာဆီယံ (၁၀) နိုင်ငံ ၊ တရုတ်၊ ဂျပန်၊နယူးဇီလန်နှင့်တောင်ကိုရီးယားနိုင်ငံတို့အတွက် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ် ဖြစ်လာမည်ဖြစ်ကြောင်း၊ သဘောတူစာချုပ်သည် စီးပွားရေးလုပ်ငန်းများနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် အင်ဒို-ပစိဖိတ်ဒေသ တစ်လျှောက်လုံးတွင် လုပ်ငန်းများလည်ပတ်ရန်ပိုမိုလွယ်ကူစေမည်ဖြစ်ပြီး၊ ဩစတြေးလျနိုင်ငံ၏ အလုပ်အကိုင်များ၊ အခွင့်အလမ်း

များနှင့် စီးပွားရေးတိုးတက်မှုတို့သို့ ဦးတည်နိုင်မည်ဖြစ်ပါကြောင်း ထုတ်ဖော်ပြောကြားထား ပါသည်။

လက်ရှိတွင် ဩစတြေးလျ စီးပွားရေးလုပ်ငန်းများသည် ဒေသတွင်းရှိ နိုင်ငံ (၁၅) နိုင်ငံတို့အကြား စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန် မတူညီသော လွတ်လပ်သော ကုန်သွယ်မှုဒေသ (Free Trade Area-FTA) (၁၀) ခုအနက်မှ ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ယင်း FTA တစ်ခုစီတွင် ကိုယ်ပိုင်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ရှိနေပါသည်။ ဒေသအဝှမ်းတွင် အကောက်ခွန်သက်သာခွင့်များ အသုံးချရန် ဩစတြေးလျပို့ကုန်တင်ပို့သူများအတွက် RCEP ၏ တစ်စုံတည်းသော စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများက ကုန်သွယ်မှုပြုရာတွင် ပိုမိုလွယ်ကူစေမည်ဖြစ်ပါသည်။ အဆိုပါစည်းမျဉ်းများသည် ကုန်ထုတ်လုပ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးပုံစံများကိုပံ့ပိုးပေးမည်ဖြစ်ပြီး၊ဒေသတွင်းရှိ အစားအသောက်ထုတ်လုပ်သူများအတွက်ဩစတြေးလျနိုင်ငံမှ ကုန်ကြမ်းများကို အခြေခံထုတ်လုပ်ရန် ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။

ဩစတြေးလျအစိုးရသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်သည့် လွတ်လပ်သော ကုန်သွယ်မှုကို ဖော်ဆောင်ခြင်းဖြင့် လူနေမှုအဆင့်အတန်းကို ပိုမိုတိုးတက်ကောင်းမွန်စေပြီး၊ ပူးပေါင်းဆောင်ရွက်မှုကိုတိုးတက်စေကာ ကုန်သွယ်ဖက်နိုင်ငံများအကြား ယုံကြည်မှုတည်ဆောက်ပေးနိုင်သည်ဖြစ်ရာ အစိုးရအနေဖြင့် RCEP သဘောတူစာချုပ်ကို အတည်ပြုရန် ဩစတြေးလျနိုင်ငံအတွက်ကျန်ရှိနေသော အဆင့်များမှာ တိုးတက်လျက်ရှိကြောင်း သိရှိရပါသည်။

Source: [www.trademinister.gov.au](http://www.trademinister.gov.au)

ရှင်စောသူ၊ စီးပွားရေးသံမှူး
ကင်ဘာရာ

.................................................................................................................................................

## တရုတ်နိုင်ငံ၏ လျှော်စစ်ဓါတ်အား အကြပ်အတည်းကြောင့် ဩစတြေးလျကျောက်မီးသွေး တင်သွင်းမှုပိတ်ပင်ထားခြင်းကို ယာယီဖြေလျှော့လိုက်ခြင်း

ဆယ်စုနှစ်နှစ်ခုအတွင်း အကြီးမားဆုံးသော လျှပ်စစ်ပြတ်တောက်မှုက တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ခြိမ်းခြောက်လာရာ တရုတ်နိုင်ငံအစိုးရသည် ဩစတြေးလျ ကျောက်မီးသွေးတင်သွင်းမှုပိတ်ပင်တားဆီးထားခြင်းကို ယာယီအားဖြင့် တစ်စိတ်တစ်ပိုင်း ဖြေလျှော့လိုက်ကြောင်းသိရှိရပါသည်။

ယခုဖြေလျှော့မှုကို ဩစတြေးလျ ကျောက်မီးသွေးလုပ်ငန်းကဏ္ဍမှ အမှုဆောင်များနှင့် သံတမန်များက လွန်ခဲ့သည့်တစ်နှစ်နီးပါးခန့်ကတည်းက တရုတ်နိုင်ငံ၏ကန့်သတ်ပိတ်ပင်ထား

မှုများကို ဖြေလျှော့သည့် ပထမအဆင့်အဖြစ် မျှော်လင့်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် ဩစတြေးလျနိုင်ငံကို စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့ရန် ကြိုးပမ်းလျက်ရှိသော်လည်း ဖြစ်ပေါ် လာသည့် လျှပ်စစ်ပြတ်တောက်မှု အကြပ်အတည်းက တရုတ်နိုင်ငံအတွက် ရွေးချယ်မှုနည်းပါး သွားခြင်းဖြစ်ပါသည်။

ပြီးခဲ့သည့်အပတ်အတွင်း တရုတ်နိုင်ငံရှိအကြီးတန်းကျောက်မီးသွေးလုပ်ငန်းအမှုဆောင် အရာရှိတစ်ဦးက ဩစတြေးလျ ကျောက်မီးသွေးများကို ယာယီသိုလှောင်ထားသည့် ဂိုဒေါင်များ မှထုတ်ယူခွင့်ပြုလိုက်ကြောင်း အတည်ပြုပြောကြားခဲ့ပါသည်။ သို့သော် တရားဝင်တင်သွင်းခွင့် ပြုသည့်မူဝါဒအပြောင်းအလဲမရှိဘဲ ပိတ်ပင်တားဆီးဆဲဖြစ်ကြောင်းနှင့် တရုတ်အကောက်ခွန် အာဏာပိုင်များက ကုန်စည်ရှင်းလင်းမှုများကို ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံကလည်း အနီးကပ် စောင့်ကြည့်လျက်ရှိပြီး၊ ယခုနှစ် ပထမနှစ်ဝက် အတွင်း ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးဖြစ်သည့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၅၀ % မြင့်တက် သွားသော်လည်း ဩစတြေးလျ ကျောက်မီးသွေးထက် အရည်အသွေးနိမ့်ကျမှုကြောင့် တရုတ် နိုင်ငံအတွက် လုံလောက်စွာထောက်ပံ့နိုင်ခြင်းမရှိကြောင်း သိရှိရပါသည်။

ဩစတြေးလျ ကျောက်မီးသွေး ပိတ်ပင်တားဆီးမှုကို ရုပ်သိမ်းလိုက်ခြင်းမှာ ပိတ်ပင်မှု စတင် အကောင်အထည်ဖော်ဆောင်သည့် ယမန်နှစ် နိုဝင်ဘာလကတည်းက တရုတ်နိုင်ငံရှိ ဆိပ်ကမ်းများတွင် သောင်တင်နေခဲ့သော ကုန်စည်များ (သို့) အကောက်ခွန်သိုလှောင်ရုံ များရှိ သင်္ဘောတင်ပို့မှုအနည်းငယ်အတွက်သာ သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။ ဩစတြေးလျ သတ္တုတူးဖော်ရေးလုပ်ငန်းက ပြောကြားရာတွင် မူဝါပိုင်းဆိုင်ရာ ပြောင်းလဲမှု ကြီးကြီးမားမားကို မတွေ့ရဘဲ ကျောက်မီးသွေး ပမာဏအနည်းငယ်ကိုသာ ခွင့်ပြုထားသည်ကို တွေ့ရှိရကြောင်း ပြောကြားထားပါသည်။ စွမ်းအင်သုတေသနကုမ္ပဏီတစ်ခုက တရုတ်ဆိပ်ကမ်းများတွင် ရောက် ရှိနေသည့် coking coal တန်ချိန် ၅ သန်း နှင့် thermal coal တန်ချိန် ၃ သန်းကို တရုတ်နိုင်ငံ ပြည်တွင်းဈေးကွက်တွင် အသုံးပြုရန် အကောက်ခွန်အာဏာပိုင်များက ကုန်စည်ရှင်းလင်းခွင့် ပြုနိုင်ကြောင်း ခန့်မှန်းထားပါသည်။ သို့သော်လည်း အဆိုပါနည်းပါးသော ပမာဏက မြင့်တက် လာသော ကျောက်မီးသွေးဈေးနှုန်းကို အနည်းငယ်ငြိမ်စေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဩစတြေးလျ ဝိုင်၊ အမဲသား၊ မုယောစပါးနှင့်ပင်လယ်စာတင်ပို့မှုများကို ပစ်မှတ်ထား သည့် စီးပွားရေးနိုင်ထက်စီးနင်းပြုမှုများ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် ကျောက်မီးသွေး တင် သွင်းမှု ပိတ်ပင်တားဆီးလိုက်ခြင်းကြောင့် တရုတ်အစိုးရအတွက် အဆိုးဆုံး အခြေအနေဖြစ်ပေါ် လာပြီး၊ လျှပ်စစ်ဓါတ်အား ထုတ်လုပ်သည့် ဓါတ်အားပေးစက်များကို လိုအပ်သော လောင်စာရရှိ မှုကို များစွာထိခိုက်စေပါသည်။ တရုတ်နိုင်ငံရှိ လူသန်းပေါင်းများစွာသည် အပူဓါတ်မရရှိသော

အလွန်ဆိုးရွားသည့် ဆောင်းတွင်းကာလကို ရင်ဆိုင်ကြုံတွေ့နိုင်ရသည့်အတွက် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရန် အပူကျောက်မီးသွေးကို အသည်းအသန်လိုအပ်လျက် ရှိနေပါသည်။

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် ရေလွှမ်းမှုကြောင့် သတ္တုတူးဖော်ရေးလုပ်ငန်းများစွာ ပိတ်ပစ်ခဲ့ရပြီးနောက် အပူကျောက်မီးသွေးတစ်တန်လျှင် ၁,၄၀၈.၂ ယွမ်သို့ သမိုင်းဝင်မြင့်တက်ခဲ့ပါသည်။ ယခုလဆန်းပိုင်းက တရုတ်အာဏာပိုင်များက စက်ရုံများစွာတွင် ဓါတ်အားဖြတ်တောက်ရန် အမိန့်ပေးခဲ့ပြီး၊ တရုတ်နိုင်ငံမြောက်ပိုင်းရှိ အိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ဓါတ်အားအသုံးပြုခြင်းကို ကန့်သတ်မှုများ ပြုလုပ်ခဲ့ကြောင်း သတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိပါသည်။

ဆောင်းရာသီကြောင့် ကျောက်မီးသွေးလိုအပ်ချက် မြင့်မားလာခြင်းနှင့် တရုတ်နိုင်ငံ၏ ကာဗွန်ထုတ်လွှတ်မှုရည်မှန်းချက်များချမှတ်မှုကြောင့် ကျောက်မီးသွေးထုတ်လုပ်မှု လျှော့ချခြင်းတို့က သြစတြေးလျ ကျောက်မီးသွေးအပေါ် ကန့်သတ်ချက်များနှင့် ကမ္ဘာလုံးဆိုင်ရာ အနှောင့်အယှက်များနှင့် တိုက်ဆိုင်လျက်ရှိပါသည်။ တရုတ်အစိုးရက ဓာတ်အား ပြတ်တောက်မှုသည် ဆောင်းရာသီတွင် လူမှုဖူလုံရေးအတွက် ခြိမ်းခြောက်လျက်ရှိသည်ကို အသိအမှတ်ပြုပြီး၊ နိုင်ငံ ၏ အရှေ့မြောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အား ရရှိမှုကို သေချာစေသည့် ပြုပြင်ပြောင်းလဲမှုများ ကို အဆိုပြုထားကြောင်း သိရှိရပါသည်။ အဆိုပြုအစီအမံများတွင် လူနေအိမ်များ အပူဓာတ်ရရှိ ရန် တရုတ်နိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်းသို့ ဓာတ်ငွေ့ပို့လွှတ်ခြင်းနှင့် အခက်အခဲကြုံနေရသည့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အား လုပ်ငန်းများအတွက် အခွန်ပေးဆောင်မှု ယာယီရွှေ့ဆိုင်းသည့် မူဝါဒများ အကောင်အထည်ဖော်ဆောင်ခြင်းတို့ ဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် သတင်းမီဒီယာများက ဖော်ပြထားပါသည်။

Source: The Financial Review

ရှင်စောသူ၊ စီးပွားရေးသံမှူး

ကင်ဘာရာ

…………………………………………………………………………………………………

## လေကြောင်းခရီးစဉ်များ ပြန်လည်စတင်နိုင်ရန် Qantas က စီစဉ်ဆောင်ရွက်လျက်ရှိခြင်း

Qantas လေကြောင်းလိုင်းသည် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ နိုင်ငံအဝှမ်း ပြန်လည်စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး၊ ဝန်ထမ်းများကလည်း ခရစ်စမတ်မတိုင်မီ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်းသိရှိရပါသည်။ နယူးဆောက်ဝေးလ်ပြည်နယ်သည် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်ကာ ယင်း၏ နိုင်ငံတကာဝင်ထွက်ပေါက်များကို ပြန်လည်ဖွင့်လှစ်ခဲ့ကာ နိုင်ငံ

တကာခရီးစဉ်ပေါင်းများစွာကို မျှော်မှန်းထားသည်ထက် စောစွာပြန်လည်ပြေးဆွဲနိုင်မည်ဟု ကြေညာထားပြီး၊ အထူးသဖြင့် ဒေလီ၊ စင်္ကာပူ၊ ဖီဂျီ၊ ဂျိုဟန်နက်စ်ဘာ့ဂ်၊ ဘန်ကောက်နှင့်ဖူးခက် တို့ကို ကနဦးပြေးဆွဲမည်ဖြစ်ပါသည်။

Qantas ၏အမှုဆောင်အရာရှိချုပ် Alan Joyce က Qantas Dreamliner သည် ယမန်နှစ်မတ်လနောက်ပိုင်းမှ စတင်၍ လေကြောင်းလိုင်း၏ပထမဆုံးပုံမှန်ပျံသန်းမှုဖြစ်သော နိုဝင်ဘာလ ၁ ရက်နေ့တွင် ဆစ်ဒနီမှ ဒါဝင်– လန်ဒန်သို့ ထွက်ခွာမည်ဖြစ်ကြောင်း၊ ဤသတင်း မှာ ၂ နှစ်အတွင်း အကြီးဆုံးနှင့် အကောင်းဆုံးသတင်းဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂ နှစ်မှာ Qantas အတွက် နှစ်ပေါင်း ၁၀၀ အတွင်းအဆိုးဆုံးအခြေအနေဖြစ်ကြောင်း ပြောကြားခဲ့သည်။

သြစတြေးလျဝန်ကြီးချုပ်ကလည်း ကာကွယ်ဆေးထိုးနှံမှုနှုန်းထား မြင့်တက်လာခြင်း သည် သြစတြေးလျအနေဖြင့် “ထွက်ခွာရန် အသင့်ဖြစ်သည့်အနေအထား” ဖြစ်ကြောင်း၊ အမျိုး သားစီမံချက်သည် သြစတြေးလျကို လုံခြုံစွာဖွင့်လှစ်ရန်နှင့် လုံခြုံစွာတည်ရှိနေစေရန်ဖြစ်ပါ ကြောင်းပြောကြားထားပါသည်။ကနဦးအနေဖြင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များတွင် နိုင်ငံ သားများ၊အမြဲနေထိုင်သူများနှင့်၎င်းတို့၏ မိသားစုဝင်များကို ကန့်သတ်ချက်များရှိမည်ဖြစ်ပြီး၊ ဝန်ကြီးချုပ်၏ ပြောကြားချက်အရ ဆက်လက်၍ နိုင်ငံတကာကျောင်းသားများနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ ခရီးသွားလာခြင်းများကို ခွင့်ပြုပေးမည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် ကျွမ်းကျင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ခရီးသွားများအတွက် လျင်မြန်စွာ ဖွင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကပ်ရောဂါကာလအတွင်း Qantas ရှိ နိုင်ငံတကာခရီးစဉ်တွင် ဝင်ရောက်လုပ်ကိုင်လျက် ရှိသည့် ဝန်ထမ်း ၆, ၀၀၀ ကျော်မှာ ပြည်တွင်းလေကြောင်း လုပ်သား ၅,၀၀၀ နှင့်အတူ အလုပ် လုပ်ကိုင်မှု ရပ်နားခဲ့ရပါသည်။ ပြည်တွင်းလေကြောင်းလိုင်း လုပ်သားများကလည်း ပြည်နယ် များအတွင်း ခရီးသွားလာမှုများ ပြန်လည်စတင်သည်နှင့် လုပ်ငန်းခွင့်သို့ ပြန်လည်ဝင်ရောက် လာမည်ဖြစ်ပါသည်။ သြစတြေးလျနိုင်ငံရှိ ပြည်နယ်များနှင့်နယ်မြေများအကြား ခရီးသွားလာမှု များသည် ကန့်သတ်ချက်များ ရုပ်သိမ်းခြင်းနှင့်အညီ ပြန်လည်စတင်နိုင်ရန် မျှော်မှန်းထားပါ သည်။

Qantas သည် ဝန်ထမ်းများအား ဆက်လက်ထားရှိရန် အစိုးရအထောက်အပံ့ ယူထား စဉ်အတွင်း ပြင်ပမှ မြေပြင်ဝန်ထမ်းခန့်ထားခြင်းအပါအဝင် ဝန်ထမ်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ် ချက်များကြောင့် ကပ်ရောဂါကာလအတွင်း ထပ်တလဲလဲဝေဖန်မှုများကို ရင်ဆိုင်ခဲ့ရကြောင်း သိရှိရပါသည်။

Source: [www.abc.net.au](http://www.abc.net.au)

ရှင်စောသူ၊ စီးပွားရေးသံမှူး
ကင်ဘာရာ

## တိုကျိုစီးပွားရေးသတင်းများ

### (က) နေရောင်ခြည်စွမ်းအင်သုံး အဓိကစီမံကိန်းများ စတင်လည်ပတ်နေပြီဖြစ်သည့် တရုတ်နိုင်ငံ

တရုတ်အစိုးရ၏ ဂိုဘီသဲကန္တာရအပါအဝင် အခြားကန္တာရဒေသများ၌ အကြီးအကျယ် တည်ဆောက်နေသည့် လေအားနှင့် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ် သည့် စီမံကိန်းများ၏ တစ်စိတ်တစ်ဒေသအဖြစ် ချင်းဟိုင်နှင့် ဟာနန် ပြည်နယ်များတွင် photovoltaic စီမံကိန်းတစ်ရပ်ကို အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်တည်ဆောက်ပြီ ဖြစ်ကြောင်း State Power Investment Corp က ထုတ်ဖော် ပြောကြားလိုက်ပါသည်။

၎င်းစီမံကိန်းမှ စုစုပေါင်းထုတ်လုပ်ပေးနိုင်သည့် စွမ်းရည်မှာ ကီလိုဝပ် တစ်သန်းနီးပါးဖြစ်ပြီး၊ ချင်းဟိုင် – ဟာနန် ultra-high-voltage တိုက်ရိုက်မီးသွယ်တန်း သည့် စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ ၎င်းစီမံကိန်းမှာ (၁,၅၈၇) ကီလိုမီတာ ရှည်လျားပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားကို တရုတ်နိုင်ငံအနောက် ပိုင်းမှ အလယ်ပိုင်းသို့ 800kV မီးကြိုးများဖြင့် သွယ်တန်းပို့ဆောင် ပေးသွားမည်ဖြစ်ပါသည်။ ၎င်းစီမံကိန်းမှ စီးပွားဖြစ်ထုတ်လုပ်မှုကို (၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁ – ၂၀၂၅) အကုန်ပိုင်း၌ စတင်သွားနိုင်ဖွယ်ရှိပါသည်။

အဆိုပါစီမံကိန်းများသည် တရုတ်နိုင်ငံရှိ ကျယ်ပြန့်သောသဲကန္တာရဒေသ များနှင့် မြစ်ဝါမြစ် အထက်ပိုင်းရှိ ရေအားရင်းမြစ်များ၏ အားသာချက်များကို အသုံးပြု သွားမည်ဖြစ် ပါသည်။ တရုတ်နိုင်ငံ အနောက်ပိုင်းရှိ ရေအား၊ လေအားနှင့် နေရောင်ခြည် ရင်းမြစ်များ၏ အလားအလာများကို အပြည့်အဝအသုံးချကာ၊ နိုင်ငံ၏ စွမ်းအင်အားလုံးတို့တွင် သန့်ရှင်းသော စွမ်းအင်ပါဝင်မှုအချိုးကို လျင်မြန်စွာမြှင့်တင်သွားမည်ဖြစ်ပါသည်။

၂၀၃၀ ပြည့်နှစ်တွင် နေရောင်ခြည်နှင့် လေအားတို့မှ စွမ်းအင် (၁,၂၀၀) ဂဂ္ဂါဝပ် ကျော်ထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံက လျာထားသည့် ရည်မှန်းချက်ကိုပြည့်မီရန် ဤစီမံကိန်း က ကူညီပေးသွားနိုင်မည်ဖြစ်ကြောင်း၊ အနောက်မြောက်ပိုင်းဒေသများသည် ယခုမူဝါဒမှ အကျိုးကျေးဇူး ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတည်ဆောက်ဆဲ လျှပ်စစ် ပို့ဆောင်ပေးသည့် လိုင်းများကို ကမ်းရိုးတန်းပြည်နယ်များရှိ အဓိကဝယ်လိုအားရှိသော ဗဟို နေရာများနှင့် ပိုမိုတိုးချဲ့ချိတ်ဆက်ပေးသွားနိုင်ကြောင်း BloombergNEF သုတေသန လုပ်ငန်းမှ စွမ်းအင် ဈေးကွက်သုတေသီ Wei Hanyang က မှတ်ချက်ပြုထားပါသည်။

တရုတ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းကြီးကို အကောင် အထည်ဖော် ဆောင်နေပြီး၊ ကန္တာရမှ လေအားနှင့် နေရောင်ခြည်တို့ဖြင့် လျှပ်စစ် (၁၀၀) ဂဂ္ဂါဝပ်ထုတ်လုပ်သည့် ပထမအဆင့်ကို မကြာသေးမီက စတင်လည်ပတ်နေပြီ ဖြစ်ပါသည်။
တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှုဆိုင်ရာ တည်ဆောက်မှုပုံစံနှင့် စွမ်းအင် တည်ဆောက်မှုပုံစံတို့ကို ချိန်ညှိမှုများ တစ်ပြိုင်နက်တည်းမြှင့်တင်ပြုလုပ်နေခြင်းနှင့်အတူ အကြီးစားလေအားနှင့် နေရောင်ခြည်စွမ်းအင် စီမံကိန်းများကို စီမံကိန်းရေးဆွဲ၍ တည်ဆောက် မှုများကိုလည်း အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

China National Petroleum Corp နှင့် China Petrochemical Corp တို့ အပါအဝင် တရုတ်၏ နိုင်ငံပိုင်ရေနံချက်လုပ်ငန်းကြီးများက ဂိုဘီသဲကန္တာရအပါအဝင် ကန္တာ ရများ၌ သန့်ရှင်းသော စွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတည်ဆောက်ရန် စီမံကိန်းများကို ရေးဆွဲလျက်ရှိကြကြောင်း သတင်းရရှိပါသည်။
ရင်းမြစ် ၊ China Daily (၁၆-၁၀-၂၀၂၁)

**(ခ) တရုတ်နိုင်ငံတွင် စံချိန်တင်လောက်သည့် ရေလွှမ်းမိုးမှုများ ဖြစ်ပွားနေ**

တရုတ်နိုင်ငံ မြစ်ဝါမြစ် အလယ်ပိုင်းနှင့် အောက်ပိုင်းဒေသများ၌ ယခုနှစ် ဆောင်းဦးကာလ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်း ဆယ်စုနှစ်များစွာတိုင် မကြုံကြိုက်ခဲ့ဘူးသည့် မိုးသည်းထန်စွာ ရွာသွန်းမှုများကို ကြုံတွေ့နေရကြောင်း အမျိုးသားမိုးလေဝသဌာနက အောက်တိုဘာလ (၁၄) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း မြစ်ဝါမြစ်ဝှမ်းဒေသရှိ နေရာ အများစုတွင် သာမန်မိုးရွာသွန်းသည်ထက် (၁၀)ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်း ပိုမိုသည့် မိုး ရွာသွန်းမှုများနှင့် ကြုံတွေ့ရနိုင်သေးသည်ဟုလည်း သိရပါသည်။

အောက်တိုဘာလ (၅)ရက်နေ့က မြစ်ဝါမြစ်အောက်ပိုင်း ရှန်တုန်းပြည်နယ်၊ Jinan နေရာ၌ (၃၆)နှစ်အတွင်း အဆိုးရွားဆုံး ဆောင်းဦးရေလွှမ်းမိုးမှုနှင့် ကြုံတွေ့ခဲ့ရပါ သည်။ (၄)ရက်ကြာပြီးနောက် ရှန်းစီပြည်နယ်၊ Hejin မြို့ရှိ Fenhe မြစ်၌ အကြီးမားဆုံး ရေလွှမ်းမိုးမှု ဆက်လက်ဖြစ်ပွားခဲ့ပြီး၊ (၁၉၆၄) ခုနှစ်နောက်ပိုင်း၌ အဆိုးရွားဆုံးဖြစ်သည်ဟု သိရပါသည်။ ၎င်း Fenhe မြစ်သည် မြစ်ဝါမြစ်၏ အဓိက မြစ်လက်တက်တစ်ခုဖြစ်ပါသည်။

စက်တင်ဘာလ (၂၇)ရက်နေ့မှ အောက်တိုဘာလ (၅)ရက်နေ့အတွင်း ရေမျက်နှာပြင်မှာ စိုးရိမ်ရေမှတ်အထက်ကျော်လွန်လာသဖြင့် မြစ်ဝါမြစ်ထိန်းသိမ်း စောင့်ရှောက်ရေး ကော်မရှင်က မြစ်ကြောင်းတစ်လျှောက် ရေဘေးအန္တရာယ်လျှော့ဆော်မှု များကို သုံးကြိမ်တိုင် ဆောင်ရွက်ခဲ့ရသည်ဟု သိရပါသည်။

မကြာသေးမီက ရှန်စီးပြည်နယ်တွင် ဆိုးရွားသည့်ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့ရာ လူပေါင်း (၁.၇၅)သန်းမှာ ရေဘေးကြောင့် ဒုက္ခရောက်ခဲ့ကြပြီး၊ အိမ်ပေါင်း (၁၇,၀၀၀) ပျက်စီးခဲ့ပါသည်။ တရုတ်နိုင်ငံ အနောက်ပိုင်းတွင် ဆောင်းဦးရာသီ မိုးရွာသွန်းမှုများကြောင့် ယခုကဲ့သို့ မြစ်ဝါမြစ်ဝှမ်းဒေသများ၌ ရေကြီးမှုများဖြစ်ပေါ်နေရခြင်း ဖြစ်ပါသည်။ စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် မိုးရွာသွန်းမှုများမှာ သာမန်နှစ်များထက် (၃)ဆနီးပါး ပိုမို များပြားခဲ့ကာ၊ ၁၉၆၁ ခုနှစ်နောက်ပိုင်း အများဆုံးဖြစ်ကြောင်း မိုးလေဝသဌာနက မှတ်ချက်ပြုထားပါသည်။ တရုတ်နိုင်ငံအနောက်ပိုင်း စီချွမ်၊ ယူနန်၊ ကွေ့ကျိုးနှင့် ချုံချင်းတို့တွင် ဆောင်းဦးရာသီ မိုးရွာသွန်းမှုများမှာ စက်တင်ဘာလမှ နိုဝင်ဘာလခန့်အထိ ဖြစ်ပါသည်။

၂၀၀၃ ခုနှစ် ဆောင်းဦးရာသီ မိုးရွာသွန်းသည့်ကာလအတွင်း မြစ်ဝါမြစ်၌ ရေလွှမ်းမိုးမှု ပေါင်း (၁၀)ကြိမ်ခန့်ဖြစ်ပေါ်ခဲ့ကာ၊ ရှန်တုန်းနှင့် ဟာနန်ပြည်နယ်များတွင် ဆိုးဆိုးရွားရွား သက်ရောက်ခဲ့ကြောင်းနှင့် ယခုနှစ်မှာ ၂၀၀၃ ခုနှစ်က ကြုံတွေ့ခဲ့ရမှုထက်ပင် ပိုမိုဆိုးရွား နေကြောင်း၊ ဂန်းဆု၊ ရှန်းစီးနှင့် ရှန်းရှီးပြည်နယ်များတွင် ရေလွှမ်းမိုးမှုများဖြင့် ကြုံတွေ့ရ နိုင်ကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားပါသည်။

ယခုကဲ့သို့ ရေလွှမ်းမိုးမှုများကြောင့် မြစ်ဝှမ်းဒေသ အနိမ့်ပိုင်းတွင် နေထိုင်ကြ သည့် ပြည်သူပေါင်း (၁)သန်းခန့်မှာ ရေဘေးဒုက္ခဖြင့် ကြုံတွေ့ရနိုင်ကာ၊ ၎င်းဒေသမှာ တရုတ်နိုင်ငံအတွက် ကောက်ပဲသီးနှံနှင့် အသားထုတ်လုပ်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံခန့် ရှိသော အရေးကြီးသည့် လယ်ယာစိုက်ပျိုးရေးဒေသကြီးဖြစ်ကြောင်း သတင်းရရှိပါသည်။

ရင်းမြစ်၊ China Daily (၁၅-၁၀-၂၀၂၁)

## (ဂ) ဟူနန်ပြည်နယ်၏ နိုင်ငံခြားကုန်သွယ်ရေး တိုးတက်လာ

ယခုနှစ် ပထမ (၉)လအတွင်း ဟူနန်ပြည်နယ်၏ ပို့ကုန်သွင်းကုန်တန်ဖိုးမှာ ယွမ်ငွေ (၄၂၅.၁) ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံခန့်) ရှိခဲ့ကာ ယခင်နှစ်ကထက် (၂၈.၄) ရာခိုင်နှုန်းမြင့်တက်လာကြောင်း ချန်းရှအကောက်ခွန်ဌာန၏ ထုတ်ပြန်ချက်အရ သိရပါသည်။

၎င်းအနက် ပို့ကုန်တန်ဖိုးမှာ (၃၄.၉) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယွမ်ငွေ (၂၉၃.၃) ဘီလီယံရရှိခဲ့ပြီး၊ သွင်းကုန်တန်ဖိုးမှာ (၁၆) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ ယွမ်ငွေ (၁၃၁.၈) ဘီလီယံ ရရှိခဲ့သည်ဟု စာရင်းများတွင် တွေ့ရပါသည်။

ပထမ (၉)လအတွင်း ပုဂ္ဂလိကလုပ်ငန်းများက နိုင်ငံခြားကုန်သွယ်မှုဖွံ့ဖြိုး ရေးတွင် အဓိကအင်အားများဖြစ်ခဲ့ပြီး၊ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် လုပ်သားစူးစိုက် ကုန်ပစ္စည်းများ တင်ပို့မှု မြင့်တက်ခဲ့ကာ၊ ပဲပုပ်နှင့် သံသတ္တုရိုင်းများကို ပိုမိုတင်သွင်းခဲ့ကြ ခြင်းဖြစ်ပါသည်။

ဟူနန်ပြည်နယ်နှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းဝင် နိုင်ငံများအကြား ကုန်သွယ်မှုတွင် (၁၉.၈) ရာခိုင်နှုန်း ပိုမိုလာကာ ယွမ်ငွေ (၁၂၂.၈) ဘီလီယံအထိ လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုတွင် (၁၉.၃) ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ယွမ်ငွေ (၆၆.၉) ဘီလီယံအထိလည်းကောင်း၊ အမေရိကန်နှင့် ကုန်သွယ် မှုတွင် ယွမ်ငွေ (၆၁) ဘီလီယံအထိလည်းကောင်း အသီးသီးရရှိခဲ့ပါသည်။ အာဆီယံသည် ဟူနန် ပြည်နယ်၏ အကြီးဆုံး ကုန်သွယ်မှုမိတ်ဖက်ဖြစ်ပါသည်။

ဟူနန်ပြည်နယ်အစိုးရ၏ မူဝါဒပိုင်းပံ့ပိုးကူညီမှုများကြောင့် ယခုကဲ့သို့ နိုင်ငံခြား ကုန်သွယ်ရေးဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်း အကောက်ခွန်ဌာနက ပြောကြားထား ပါသည်။

ရင်းမြစ်၊ Xinhua (၁၅-၁၀-၂၀၂၁)

**(ဃ) ယခုနှစ် ပထမ (၉)လအတွင်း ရှန်ဟိုင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု(၁၅) ရာခိုင်နှုန်း မြင့်တက်ခဲ့**

ယခုနှစ် ပထမ (၉)လအတွင်း ရှန်ဟိုင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက် မှု (၁၅) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ၎င်းကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန် ဝင်ရောက်မှုမှာ အမေရိကန်ဒေါ်လာ (၁၇.၈၅) ဘီလီယံခန့်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ထုတ်ဖော်ပြောကြားချက်အရ သိရပါသည်။

အဆိုပါပမာဏမှာ ကပ်ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ် အလားတူကာလ ထက် (၂၂) ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်ပါသည်။

၎င်းကာလအတွင်း ရှန်ဟိုင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်ပေါင်း (၅,၁၃၆) ခုရှိခဲ့ကာ၊ (၂၇.၁) ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ယင်း လုပ်ငန်းများအနက် နိုင်ငံခြားမတည်ငွေဖြင့်တည်ထောင်ထားသည့် နိုင်ငံစုံကုမ္ပဏီများ၏ ဒေသခွဲရုံးချုပ်ပေါင်း (၄၇)ရုံး ဝင်ရောက်လာခဲ့ကာ၊ ယခုအချိန်အထိ နိုင်ငံစုံကုမ္ပဏီများ၏ ဒေသခွဲရုံးချုပ်ပေါင်း (၈၁၈) ရုံး ရှိပြီဟုသိရပါသည်။ ထို့ပြင် နိုင်ငံခြားရန်ပုံငွေဖြင့် တည် ထောင်ထားသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာ အခု (၂၀)လည်း ဝင်ရောက်လာခဲ့ကာ၊ ယခုအချိန်အထိ ရှန်ဟိုင်းတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးစင်တာပေါင်း (၅၀၁) ခုရှိနေပြီ ဖြစ် ပါသည်။

ရင်းမြစ်၊ Xinhua (၁၅-၁၀-၂၀၂၁)

## (င) အာဆီယံနှင့် နိုင်ငံဖြတ်ကျော် e-commerce လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လာသည့် တရုတ်နိုင်ငံ

ယခုနောက်ပိုင်းတွင် ထိုင်းနိုင်ငံမှ စားသုံးသူများသည် Lazada e-commerce platform ပေါ်မှ တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနေကြပြီး၊ ကွမ်ရှီးတက္ကသိုလ်မှ ထိုင်းဘာသာသင်ကြားသည့် ဆရာမတစ်ဦးက နန်နင်းမြို့ရှိ Tus-Innovation မှနေ၍ ထိုင်းဘာသာစကားဖြင့် တိုက်ရိုက်ထုတ်လွှင့်ပေးကာ ကြော်ငြာပေးနေသည်ဟု သိရပါသည်။ Tus-Innovation ၏ နိုင်ငံရပ်ခြားစီမံကိန်းမှာ အရှေ့တောင်အာရှနိုင်ငံများဆီသို့ လျင်မြန် စွာတိုးချဲ့နေပြီး၊ ၎င်းမှာ တရုတ်နိုင်ငံ၏ နိုင်ငံဖြတ်ကျော် e-commerce ကုမ္ပဏီကြီးများ အနက် တစ်ခုဖြစ်ကြောင်း သိရပါသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နှင့် အာဆီယံတို့၏ နှစ်နိုင်ငံ ကုန်သွယ်မှုတန်ဖိုးမှာ ယွမ်ငွေ (၂.၆၆) ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၁၁.၉ ဘီလီယံ)သို့ ရောက်ရှိခဲ့ကာ၊ ယခင်နှစ်ကထက် (၂၇.၈) ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟု တရုတ်အကောက်ခွန်ဌာန၏ စာရင်းများအရ သိရပါသည်။

ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အာဆီယံနှင့် မြေမျက်နှာသွင်ပြင်နီးကပ်စွာတည်ရှိသဖြင့် မကြာသေးမီနှစ်များအတွင်း အာဆီယံနှင့် နိုင်ငံဖြတ်ကျော် e-commerce ကဏ္ဍ ဖွံ့ဖြိုးလာခဲ့ပါသည်။ ယခုနှစ် ပထမနှစ်ဝက်အတွင်း ကွမ်ရှီး လွတ်လပ်သော ကုန်သွယ်ရေးဇုန်မှ နိုင်ငံဖြတ်ကျော် e-commerce ဆောင်ရွက်ခဲ့သည့် တန်ဖိုးမှာ ယွမ်ငွေ (၃.၄) ဘီလီယံကျော် ရှိခဲ့ပြီး၊ ၎င်းဇုန်အတွင်းရှိ နန်နင်းနှင့် ချုံးကျို နယ်မြေများမှာ နိုင်ငံတော်အဆင့် နိုင်ငံဖြတ်ကျော် e-commerce ဘက်စုံစမ်းသပ်ဇုန်များ ဆောင်ရွက်ရန် အတည်ပြုပေးထားသည့် နယ်မြေများ ဖြစ်ကြပါသည်။

ကွမ်ရှီး၏ နိုင်ငံဖြတ်ကျော် e-commerce ဆောင်ရွက်ရေး ကြိုးပမ်းမှုများ ကြောင့် အာဆီယံနိုင်ငံများမှ ပါရမီရှင်များကို ပိုမိုဆွဲဆောင်နိုင်လျက်ရှိပါသည်။ Lazada Cross-Border Eco-Innovation Service Center (နန်နင်း)ကို Tus-Innovation တွင် ၂၀၁၉ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး၊ အရှေ့တောင်အာရှနိုင်ငံများမှ တိုက်ရိုက် live ထုတ်လွှင့်သူပေါင်း (၂၀၀) ကျော်ကို အလုပ်ခန့်ထားနိုင်ခဲ့ပါသည်။ ၎င်းတိုက်ရိုက် live ထုတ်လွှင့်သူများအတွက် သင်တန်းများနှင့် ပြိုင်ပွဲများကိုလည်း ကျင်းပပေးလျက် ရှိပါသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲကာလများတွင်လည်း အာဆီယံနိုင်ငံများမှ ကုန်ပစ္စည်းများကို တရုတ်နိုင်ငံတွင် ဈေးကွက်ရရှိစေရန် နာမည်ကျော်ပုဂ္ဂိုလ်များကို ဖိတ်ခေါ်၍ တိုက်ရိုက်ထုတ်လွှင့်ပြသစေခဲ့ပါသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများသည် နိုင်ငံဖြတ်ကျော် e-commerce ဖွံ့ဖြိုးတိုးတက်မှုများမှတစ်ဆင့် နှစ်ဦးနှစ်ဖက်ကုန်သွယ်မှုများကို ပိုမိုမြှင့်တင်နိုင်ကာ ၊ နည်းပညာ၊ ပါရမီနှင့် သတင်းအချက်အလက်အပါအဝင် e-commerce ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်ကြောင်း ကွမ်ရှီးဒေသတွင်း ကူးသန်းရောင်းဝယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်တစ်ဦးက မှတ်ချက်ပြုပြောကြားထားပါသည်။

ရင်းမြစ်၊ China Daily (၁၀-၁၀-၂၀၂၁)

**(စ) တရုတ်နိုင်ငံတွင် ထုတ်လုပ်မှုဈေးနှုန်းများ၏ သမတ်ကိန်း မြင့်တက်လာ**

စက်တင်ဘာလနှောင်းပိုင်းနှင့် နိုဝင်ဘာလ အစောပိုင်း သို့မဟုတ် အောက်တိုဘာလ အစောပိုင်း တွင် တရုတ်အစိုးရပိုင်းက ကြပ်မတ်ထိန်းကျောင်းနေသည့် သံမဏိ၊ လောင်စာဆီ၊ ကျောက်မီးသွေး၊ ဓာတ်မြေသြဇာနှင့် ဓာတုဗေဒပစ္စည်းအချို့အပါအဝင် အဓိကကုန်စည် (၅၀)အနက် (၃၇)မျိုး၏ ဈေးနှုန်းများ ပိုမိုမြင့်မားခဲ့ပါသည်။

အလားတူကာလအတွင်း တရုတ်နိုင်ငံ၏ ဝက်ဈေးနှုန်း (၅.၄) ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပါသည်။ သို့ရာတွင် အမျိုးသားနေ့ အားလပ်ရက်ရှည်နောက်ပိုင်း၌ ဝက်မွေးမြူရေးနှင့် သိုလှောင်ရေးမူဝါဒကို ထပ်မံပြုပြင်၍ ထုတ်ပြန်လိုက်ရာ မွေးမြူသူများမှာ ရောင်းချလိုခြင်းမရှိတော့ဘဲ ဈေးနှုန်းကို ထိန်းထားလိုက်ကြပါသည်။ သားသတ်ရုံများမှာလည်း ဝယ်လိုအားများကြောင့် ဈေးနှုန်းကို ဆက်လက်တိုးမြှင့်သွားရန်ရှိနေရာ အောက်တိုဘာလ (၈) ရက်နေ့တွင် ဝက်သားတစ်ကီလို၏ ပျမ်းမျှဈေးနှုန်းမှာ ယွမ်ငွေ (၁၂.၁၅) ဖြစ်ပါသည်။

ယခုအခါ တရုတ်နိုင်ငံတွင် ရာသီဥတု ပိုမိုအေးလာပြီဖြစ်ကာ အသားစားသုံးမှု တစ်ဖန်ပြန်လည်မြင့်မားလာသဖြင့် တိရစ္ဆာန်အစာဈေးနှုန်းမှာလည်း ဆက်လက်မြင့်တက်လာဖွယ်ရှိနေကြောင်း လေ့လာတွေ့ရှိပါသည်။

ရင်းမြစ်၊ Sunsir (၁၅-၁၀-၂၀၂၁)

**(ဆ) အောက်တိုဘာလ ၂၅ ရက်နေ့မှစ၍ တိုကျိုမြို့ရှိ စားသောက်ဆိုင်များနှင့် ယမကာဆိုင်များကို ညဥ့်အချိန်တိုးမြှင့် ဖွင့်လှစ်ခွင့်ရမည်ဖြစ်**

တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ ကိုရိုနာကူးစက်ရောဂါ ထိန်းချုပ်ကန့်သတ်ရေး အစီအစဉ် များလျှော့ချမှုဆုံးဖြတ်ချက်အရ တိုကျိုမြို့ရှိ စားသောက်ဆိုင်များနှင့်ယမကာဆိုင်များသည် ၁၁ လ တာကာလအတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အောက်တိုဘာလ ၂၅ ရက် (တနင်္လာနေ့) မှ စတင်ကာ ပုံမှန်အနေအထားအတိုင်း ညအချိန်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိတော့မည်ဖြစ်ကြောင်း သိရပါ သည်။

စားသုံးသူများအနေဖြင့် ကာကွယ်ဆေးထိုးပြီးကြောင်းသက်သေပြချက် (သို့မဟုတ်) ကိုရိုနာကူးစက်ရောဂါမရှိကြောင်းဆေးစစ်ချက်မှတ်တမ်းကို ပြသနိုင်မည်ဆိုပါက လူပုဂ္ဂိုလ် ၅ ဦးနှင့် အထက်အရေအတွက်အား ည ၈ နာရီနောက်ပိုင်းအထိ စားသောက်ဆိုင်နှင့် ယမကာဆိုင်များက ခွင့်ပြုလက်ခံသွားမည်ဟု သိရပါသည်။

ထိုကဲ့သို့ ဖြေလျှော့မှုများ ဆောင်ရွက်ရန် အောက်တိုဘာလ ၂၁ ရက် (ကြာသပတေးနေ့) တွင်ကျင်းပခဲ့သည့် တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းအဖွဲ့အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ လက်ရှိ၌ ကူးစက်ရောဂါကာကွယ်ရေးအစီအမံများနှင့် ကိုက်ညီမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ရှိသည့် စားသောက်ဆိုင်နှင့် ယမကာဆိုင်များအတွက် ညစဉ် ၈ နာရီအထိ ယမကာရောင်းချခွင့်ပြုထားပြီး ည ၉ နာရီတွင် ဆိုင်ကိုအပြီးပိတ်သိမ်းရန် ကြေငြာချက်ထုတ်ပြန် ထားပါသည်။ မြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ အသိအမှတ်ပြုလက်မှတ်မရှိသော စားသောက်ဆိုင် များတွင် ယမကာရောင်းချမှုကို ပိတ်ပင်တားမြစ်ထားပြီး ည ၈ နာရီတွင် ဆိုင်ပိတ်သိမ်းရန် ကြေငြာ ချက်ထုတ်ပြန်ထားကြောင်း သိရပါသည်။

စက်တင်ဘာလ ၃၀ ရက်နေ့တွင် အဆုံးသတ်ခဲ့သည့် စီရင်စုဒေသ ၄ ခု၏ အရေးပေါ် အခြေအနေကြေငြာချက်၏ ကန့်သတ်မှုအစီအမံများအရ မြို့တော်အုပ်ချုပ်ရေးအဖွဲ့၏ ကူးစက်ရောဂါကာကွယ်ရေးအစီအမံများနှင့် ကိုက်ညီမှုရှိကြောင်းအသိအမှတ်ပြုလက်မှတ် ရရှိထားသည့် စားသောက်ဆိုင်နှင့် အသိအမှတ်ပြုလက်မှတ်မရရှိသည့် စားသောက်ဆိုင်နှစ်မျိုးစလုံးအနေဖြင့် စားပွဲတစ်ဝိုင်းလျှင် စားသုံးသူ ၄ ဦးထက်ပိုမို၍ စားသောက်ခွင့်မပြုရန် တားမြစ်ထားပါသည်။

မြို့တော်တိုကျိုအပါအဝင် အခြားစီရင်စုအများအပြားတွင် ရောဂါပိုးကူးစက်မှုနှုန်းမှာ သိသိသာသာကျဆင်းသွားသည့်အတွက် တိုကျိုမြို့တော်အုပ်ချုပ်ရေးအဖွဲ့သည် မူလက လျာထားသည့်အတိုင်း လာမည့်အောက်တိုဘာလ ၂၅ ရက်နေ့ (တနင်းလာနေ့) တွင် စားသောက်ဆိုင်များတွင်ချမှတ်ထားသည့် စည်းကမ်းများကို ဖြေလျှော့ပေးမည်ဖြစ်ပါသည်။

ကူးစက်ရောဂါကာကွယ်ရေး အစီအမံများနှင့် ကိုက်ညီမှုရှိကြောင်း အသိအမှတ်ပြုလက်မှတ်ရှိသည့်စားသောက်ဆိုင်များတွင် ယမကာရောင်းချခွင့်နှင့် ဆိုင်ဖွင့်ချိန်သတ်မှတ်ချက်စသည်တို့ကို ဆက်လက်ကန့်သတ်မည်မဟုတ်ကြောင်းသိရပါသည်။ ကာကွယ်ဆေးထိုးပြီးကြောင်း သက်သေခံ လက်မှတ်များ (သို့မဟုတ်) ရောဂါကူးစက်မှုမရှိကြောင်း ဆေးစစ်ချက်များ ပြသနိုင်သည့် စားသုံးသူများအတွက် ညစာကို ၅ ဦးနှင့်အထက် စားသုံးခွင့်ပြုမည် ဖြစ်သော်လည်း ၎င်းသက်သေခံလက် မှတ်များမပါရှိသည့် စားသုံးသူများကို ကန့်သတ်ချက်များနှင့်အညီ ည ၉ နာရီအထိသာ ယမကာ သောက်သုံးခွင့်နှင့် စားပွဲတစ်ဝိုင်းလျှင် စားသုံးသူ ၄ ဦးသာ ရှိရမည်ဟူသည့် ကန့်သတ်ချက်အတိုင်း ဆက်လက်ထိန်းချုပ်ထားမည်ဖြစ်ပါသည်။

ကုန်စုံဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ပြတိုက်များနှင့် အခြားသော အများပြည်သူဆိုင်ရာနေရာများတွင် ကန့်သတ်ချက်များအားလုံးကို ဖြေလျှော့မည်ဖြစ်ပြီး ည ၉ နာရီတွင် ပိတ်သိမ်းရန်

သတ်မှတ် သွားမည်ဟုသိရပါသည်။ အားကစားရုံများဆိုင်ရာ ကန့်သတ်ချက်များကို ဗဟိုအစိုးရ၏ မူဝါဒနှင့်အညီ အောက်တိုဘာလ ၃၁ ရက်နေ့မှသာ ဖြေလျှော့ပေးသွားမည်ဖြစ်ပါသည်။ လက်ရှိ၌ အားက စားရုံများတွင် လူဦးရေ ၅,၀၀၀ ခန့်ကိုသာ ခွင့်ပြုထားပြီး ပြိုင်ပွဲများတွင် လာရောက်ကြည့်ရှုကြ သူများအနေဖြင့် ကျယ်လောင်စွာ အော်ဟစ်အားပေးခြင်းများမပြုလုပ်ရန် တောင်းဆိုထားပါသည်။

အလားတူ အိုဆာကာမြို့တော်အုပ်ချုပ်ရေးအဖွဲ့သည်လည်း မူလရည်မှန်းထားသည့် အောက်တိုဘာလ ၃၁ ရက်ထက်စောစွာ ဖြေလျှော့ခြင်းများကို အောက်တိုဘာလ ၂၅ ရက်နေ့မှ စတင်ကာ ဆောင်ရွက်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်းသိရပါသည်။ သို့သော် အိုကီနာဝါစီရင်စု အစိုးရအနေဖြင့် ကန့်သတ်ချက်များကို ဆက်လက်ထားရှိမည်ဖြစ်ပြီး စားသောက်ဆိုင်များနှင့် ယမကာဆိုင်များ၏ ဆိုင်ဖွင့်ချိန်ကို ယခုအောက်တိုဘာလကုန်အထိ ဆက်လက် ကန့်သတ်သွားမည်ဟု သိရပါသည်။

**ရင်းမြစ်။ The Japan News by Yomiuri Shimbun**

## (ဇ) ဂျပန်နိုင်ငံ၌ တရုတ်(ထိုင်ပေ) မှ Semiconductor ထုတ်လုပ်သည့် TSMC ကုမ္ပဏီမှ စက်ရုံ လာရောက်တည်ထောင်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ စီးပွားရေးသုတေသီများ၏ သုံးသပ်ချက်များ

ကမ္ဘာ့ထိပ်တန်း Semiconductor ထုတ်လုပ်သူများတွင် တစ်ခုအပါဝင်ဖြစ်သည့် တရုတ်(ထိုင်ပေ) မှ Semiconductor များ ထုတ်လုပ်သည့်ကုမ္ပဏီ Taiwan Semiconductor Manufacturing Co. (TSMC) သည် အဆိုပြုချက်အရ ဂျပန်နိုင်ငံတွင် Semiconductor များ ထုတ်လုပ်မည့် စက်ရုံတည်ထောင်မည်ဖြစ်ကြောင်း သိရပါသည်။

ဂျပန်နိုင်ငံ၏ ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် Semiconductor မပြတ်မှာယူတင်သွင်းနေရသည့် ဝယ်လိုအားခိုင်မာလာခြင်းကြောင့် TSMC ကုမ္ပဏီသည် ယခုကဲ့သို့ ဂျပန်ပြည်တွင်း ၌ စက်ရုံတည်ထောင်ဆောင်ရွက်မှုဆီသို့ ဦးတည်လာခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၏ Semiconductor ထုတ်လုပ်မှုလုပ်ငန်းပြန်လည်နာလန်ထူလာစေရန် အခွင့်အလမ်းကောင်းတစ်ရပ်အဖြစ် အသုံးချရန် များစွာအရေးပါသည့်အချက်ဖြစ်ပါသည်။

အဆိုပါ TSMC ကုမ္ပဏီ၏စက်ရုံအသစ်ကို ခူမာမိုတိုစီရင်စုရှိ Sony Group Corp. ၏ Image sensor များထုတ်လုပ်သည့် စက်ရုံအနီးတွင် တည်ဆောက်မည်ဟု ခန့်မှန်းထားပြီး အဆိုပါ Sony Group Corp. အတွက် လိုအပ်သည့် Semiconductor များကို ပံ့ပိုးသွားနိုင်ရန် မျှော်မှန်းထားပါ သည်။ လာမည့် ၂၀၂၂ ခုနှစ်တွင် စက်ရုံကိုစတင်တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အရောက်တွင် Semiconductor များ စတင်ထုတ်လုပ်သွားမည်ဟု TSMC ကုမ္ပဏီမှ ထုတ်ဖော် ပြောကြားခဲ့ပါသည်။

Semiconductor များကို ကမ္ဘာ့စက်မှုထုတ်ကုန်အမျိုးမျိုးထုတ်လုပ်ရာတွင် အသုံးပြုနေရသည့်အတွက် စက်မှုလုပ်ငန်းအတွက် အသက်သွေးကြောသဖွယ်ဖြစ်သဖြင့် “rice of industry” ဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ လက်ရှိ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါပြန့်ပွားမှုမှ ပြန်လည်နာလန်ထူလာကြသည့် ကမ္ဘာ့စက်မှုအင်အားကြီးနိုင်ငံများထံမှ ဝယ်လိုအားများ ပိုမိုတိုးတက်လာခြင်းကြောင့် Semiconductor များ ပြတ်လတ်ခြင်းနှင့် ရင်ဆိုင်လာရပြီး ကမ္ဘာ့ကုန်ထုတ်လုပ်မှုကွန်ယက်တွင် အကျပ်အတည်းများ တွေ့ကြုံလာရသည့်အတွက် မော်တော်ကားထုတ်လုပ်သူများအနေဖြင့် ကုန်ထုတ်လုပ်မှုပမာဏ သိသိသာသာကျဆင်းလာခဲ့ ပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းအသုံးပြုနေသည့် Semiconductor များအားလုံး၏ ၆၀ % ကျော်ကို ပြည်ပမှ တင်သွင်းမှုများအပေါ် အားထားနေရခြင်းဖြစ်ပါသည်။ စီးပွားရေးလုံခြုံစိတ်ချရမှုအတွက် ကြိုတင်မြော်မြင်ထားမှုအရ ဂျပန်အစိုးရသည် ပြည်ပမှ Semiconductor ထုတ်လုပ်သူ ကုမ္ပဏီများကို ဂျပန်ပြည်တွင်း၌ စက်ရုံများလာရောက်တည်ထောင် ဆောင်ရွက်ကြရန် ဆွဲဆောင်ကြိုးပမ်းနေပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့ Semiconductor ထုတ်လုပ်မှုတွင် ထိပ်တန်းကုမ္ပဏီတစ်ခု အဖြစ် ပါဝင်နေသည့် TSMC ကုမ္ပဏီမှ ဂျပန်နိုင်ငံအခြေစိုက် Semiconductor စက်ရုံ တည်ထောင် ဆောင်ရွက်ခြင်းသည် လွန်စွာအရေးပါသည့်ကိစ္စရပ်အဖြစ် ဆိုနိုင်ပါသည်။

TSMC ကုမ္ပဏီသည် ဂျပန်နိုင်ငံမှ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ semiconductor ထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများအတွက် သုတေသနပြုလုပ်မည့် စင်တာတစ်ခုကို အီဘာရခိစီရင်စုတွင် တည်ထောင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ အဆိုပါသုတေသန စင်တာမှတစ်ဆင့် TSMC ကုမ္ပဏီနှင့် ဂျပန်နိုင်ငံတို့အကြား semiconductor ထုတ်လုပ်မှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ထပ်မံချဲ့ထွင်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရပါသည်။

Semiconductor များနှင့်ပတ်သက်၍ ဆားကစ်ပြားများ၏ အထူသည် ပါးနိုင်သမျှပါးလေလေ လုပ်ငန်းစွမ်းဆောင်နိုင်စွမ်း မြင့်မားလေလေဖြစ်သဖြင့် ယခုတည်ထောင်ဆောင်ရွက်မည့်စက်ရုံသည် ၂၂ မှ ၂၈ nanometers အထူရှိမည့် ဆားကစ်ပြားများကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။ **(A nanometer is one–billionth of a meter)**

အဆိုပါစက်ရုံအသစ်မှ ထုတ်လုပ်မည့် Semiconductor များသည် နောက်ဆုံးပေါ်နည်းပညာကို အခြေအတည်ထုတ်လုပ်မည်မဟုတ်ဘဲ မော်တော်ကားများနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာပစ္စည်းများထုတ်လုပ်မှုတွင် အရေအတွက်များများ အသုံးပြုနိုင်ရေးအတွက်ရည်ရွယ်ကာ ထုတ်လုပ်မည်ဖြစ်ပါသည်။ ထို့အပြင် ဂျပန်ပြည်တွင်းရှိ ကုန်ထုတ်လုပ်သူများအတွက် ထုတ်လုပ်မှုလုပ်ငန်းအတွက် အပိုပစ္စည်း ပံ့ပိုးမှုအပိုင်းတည်ငြိမ်မှုရှိစေရန်

အခိကရည်ရွယ်ပါသည်။ စက်ရုံအသစ်တွင် အင်ဂျင်နီယာများစွာကို လေ့ကျင့်သင်ကြားပေးနိုင်ရန်နှင့် နည်းပညာ ပြန့်ပွားစေရန်တို့အတွက်လည်း မျှော်မှန်းထားပါသည်။

စက်ရုံအသစ်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၈.၈ ဘီလီယံခန့်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီး ဂျပန်အစိုးရမှ ၎င်းတန်ဖိုး၏ထက်ဝက်ကို ပံ့ပိုးပေးရန် ပြင်ဆင်နေကြောင်း ဝန်ကြီးချုပ် Fumio Kishida က ပြောကြားခဲ့သဖြင့် အစိုးရမှ ယခင်ပံ့ပိုးပေးခဲ့သည့် ဘဏ္ဍာရေးပံ့ပိုးမှုများအနက် သာလွန်များပြားသည့်ပမာဏဖြစ်ကြောင်း သိရပါသည်။ သို့ဖြစ်ရာ ဂျပန်အစိုးရအနေဖြင့် TSMC ကုမ္ပဏီအား ဈေးကွက်အနိမ့်အမြင့်အခြေအနေများနှင့် ရင်ဆိုင်ရပါက အလျင်အမြန် နုတ်ထွက်ခြင်းမပြုရန်၊ အခြားသော ပြည်ပနိုင်ငံများမှ ကုန်ပစ္စည်းအမှာစာများထက် ဂျပန်ပြည်တွင်း ဈေးကွက်ကို ဦးစားပေးပံ့ပိုးပေးရန် တောင်းဆိုသင့်ကြောင်း စီးပွားရေးသုတေသီများက သုံးသပ် နေကြပါသည်။

အခြားတစ်ဖက်မှကြည့်ပါက တရုတ်နိုင်ငံနှင့် နိုင်ငံရေးပဋိပက္ခရှိနေသည့် တရုတ်(ထိုင်ပေ)မှ Semiconductor ထုတ်လုပ်သူကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် ပူးပေါင်းဆောင်ရွက် ခြင်းသည်စွန့်စားမှုတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် Semiconductor ထုတ်လုပ်သည့်စက်ရုံကို မိမိကိုယ်ပိုင်တည်ထောင်ဆောင်ရွက်သင့်ကြောင်း စီးပွားရေးသုတေသီ များက ထောက်ပြအကြံပြုခဲ့ပါသည်။ ဂျပန်အနေဖြင့် semiconductor များအတွက် စက်ပစ္စည်း ကိရိယာများကို ထုတ်လုပ်နိုင်သည့် စွမ်းရည်ရှိပြီးဖြစ်ပါကြောင်း၊ ဂျပန်ကုမ္ပဏီများအနေဖြင့် အဆို ပါစွမ်းရည်ကို အတူတကွပူးပေါင်းဆောင်ရွက်ခြင်းနှင့် နည်းပညာတီထွင်ဆန်းသစ်မှုအပိုင်း အရှိန်မြှင့်ဆောင်ရွက်မည်ဆိုပါက ပိုမိုမြင့်မားသည့် နည်းပညာအသစ်ဖြင့် semiconductor များကို ထုတ် လုပ်လာနိုင်မည်ဖြစ်ပါသည်။

အလားတူ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပနိုင်ငံများသည်လည်း semiconductor ထုတ်လုပ်မည့် စက်ရုံများတည်ထောင်ဆောင်ရွက်ရန် စိတ်ပါဝင်စားနေကြကြောင်း သိရပါသည်။ သို့ဖြစ်ရာ ဂျပန်အစိုးရအနေဖြင့် ပြည်တွင်းရှိ semiconductor ထုတ်လုပ်သည့်စက်ရုံများကို ထိပ်တန်းဦးစားပေး ကဏ္ဍတစ်ခုအဖြစ်သတ်မှတ်ကာ စက်မှုကုန်ထုတ်လုပ်ငန်းယှဉ်ပြိုင်မှု တိုးတက်စေရန် အထူးကြိုးပမ်းသင့်သည်ဟု စီးပွားရေးသုတေသီများ အကြံပြုထားပါသည်။

**ရင်းမြစ်။ The Japan Times, Nekkei Asia News.**

### (ဈ) ဂျပန်အစိုးရသည် ပြည်တွင်းရှိ ထိပ်တန်းလေကြောင်းထစ်စပါးခင်းများစာရင်းကို စိစစ်ထုတ်ပြန်နိုင်ရန်ပြင်ဆင်နေ

ဂျပန်အစိုးရသည် ပြည်တွင်းရှိ ရိုးရာမပျက် လှေကားထစ်ပုံစံစိုက်ပျိုးထားသည့် ထိပ်တန်း စပါးခင်း ၁၀၀ ၏ စာရင်းကို ထုတ်ပြန်နိုင်ရန် ပြင်ဆင်နေကြောင်း သိရပါသည်။

လေ့ကားထစ် စပါးစိုက်ခင်းများကို တောင်ထူထပ်သည့်နေရာဒေသများတွင် အများဆုံး တွေ့ ရှိရပြီး လက်ရှိစပါးခင်းများ၏ စာရင်းများမှာ လွန်ခဲ့သည့် ၂၂ နှစ်ခန့်က အဆိုပါစပါးခင်းများ ကို ရှေးမူမပျက် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ကာ ပြုစုထားသည့်စာရင်းများဖြစ်ပါသည်။ ၎င်းတို့ အနက် စပါးခင်းအရေအတွက် ၁၃၄ ခုမှာ ပျက်စီးနေသည့် အနေအထားသို့ ရောက်ရှိနေသည်ဟု သိရပါ သည်။

လေ့ကားထစ်စပါးစိုက်ခင်းများ၏ စာရင်းကို ပြုစုရန်နှင့် စပါးခင်းများ ထိန်းသိမ်းရန် အတွက် စိုက်ပျိုးရေး၊ သစ်တောနှင့်ရေလုပ်ငန်းဝန်ကြီးဌာန (MAFF) အနေဖြင့် စိုက်ပျိုးရေး သမဝါယမအစုအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါ သည်။ ထို့အပြင် ပုဂ္ဂလိကကုမ္ပဏီများအား စိုက်ခင်းများစာရင်းပြုစုရာတွင် ပံ့ပိုးကူညီပေးကြရန် အစီအစဉ်တစ်ရပ် ဖော်ဆောင်မည်ဖြစ်ကြောင်း သိရပါသည်။

လက်ရှိဆောင်ရွက်မည့်စာရင်းကို (MAFF) ဝန်ကြီးဌာနမှကျွမ်းကျင်ပညာရှင်များ၏ ဆွေး နွေးမှုအရ ၁၉၉၉ ခုနှစ်၊ ဇူလိုင်လ၌ရှိခဲ့သည့် အုပ်ချုပ်ရေးနယ်မြေ ၁၁၇ ခုအပေါ် ရွေးချယ် သတ်မှတ် ထားခြင်းဖြစ်ကြောင်း၊ ခူမာမိုတိုစီရင်စုရှိ မာရူရာမာခရိုင်ရှိ လေ့ကားထစ်စပါးစိုက်ခင်း ၁,၀၀၀ ခန့် နှင့် မီအဲစီရင်စုစသည့် ဂျပန်နိုင်ငံတွင် လေ့ကားထစ်စပါးစိုက်ခင်းအများအပြားရှိသည့် ဒေသများကို အဓိက စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။

အဆိုပါလေ့ကားထစ်စပါးစိုက်ခင်းများ ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဂျပန်နိုင်ငံရိုးရာ လယ်ယာစိုက်ပျိုးမှုအလေ့အထနှင့် တောတောင်ရေမြေသဘာဝကို ထိန်းသိမ်းခြင်းများအတွက် ရည်ရွယ်ကာ တွန်းအားပေးဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်၌ ဒေသခံလယ် သမားများ၏ ပူးပေါင်းပါဝင်မှုအပြင် ဒေသခံအစိုးရများ၊ စိုက်ပျိုးရေးသမဝါယမအသင်းအဖွဲ့ များနှင့် ခရီးသွားလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်မှုလုပ်ငန်းဆောင်ရွက်နေကြသည့် ပုဂ္ဂလိက ကုမ္ပဏီများ၏ ပူးပေါင်းပါဝင်မှုမှာလည်း လွန်စွာအရေးပါပါသည်။

အကဲဖြတ်ခြင်းလုပ်ငန်းစဉ်အတွက် မည်သည့်စပါးအမျိုးအစားကိုမဆို စိုက်ပျိုးသည် ဖြစ်စေ ဒေသတွင်းလေ့ကားထစ် စပါးစိုက်ပျိုးနည်းစနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ဟူသည့် ရည်မှန်းချက်ဖြင့် ဆောင်ရွက်မည်ဆိုပါက ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ် အတွက် သင့်လျော် သည့်လုပ်ထုံးလုပ်နည်းများကို အပြီးသတ်ဆောင်ရွက်နိုင်ရန် အောက်တိုဘာ လအတွင်း ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း (MAFF) ဝန်ကြီး ဌာနမှပြောကြားခဲ့ပါသည်။ (MAFF) မှ အဆိုပါလုပ်ငန်းစဉ်တွင် ပါဝင်သည့် ပုဂ္ဂလိကကုမ္ပဏီများအား လေ့ကားထစ်စပါးစိုက်ခင်းများကို ၎င်းတို့၏ အင်တာနက် ဝက်ဘ်ဆိုဒ်များနှင့် လူမှုမီဒီယာများတွင် လူအများသိစေရန် မြှင့်တင်ကြေငြာပေးရန် အဆိုပြုသွား မည်ဖြစ်ပါသည်။ ထို့အပြင် လေ့ကားထစ် စပါးစိုက်ခင်းမြှင့်တင်ရေး အစီအမံများအဖြစ် ရုံးတွင်း သင်တန်းများကို ဒေသအလိုက် ဆောင်ရွက်သွားရန် (MAFF) ကစီစဉ်လျက်ရှိပါသည်။ ဂျပန်နိုင်ငံ၌

၂၀၁၉ ခုနှစ်တွင် လေ့ကားထစ် စပါးစိုက်ခင်းများမြှင့်တင်ရေးအတွက် အစိုးရမှ ဘဏ္ဍာရေး ပံ့ပိုးမှုများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ အတွက်ပံ့ပိုးမှုများပါဝင်သည့် ဥပဒေတစ်ရပ်ကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ စီရင်စုနယ်မြေ ၃၉ ခုရှိ လေ့ကားထစ်စပါးစိုက်ပျိုးမှု ဧရိယာ ၆၇၆ ခုတွင် အဆိုပါဥပဒေနှင့်အညီ ပံ့ပိုးမှုများ ဆောင်ရွက်နေပြီးဖြစ်ကြောင်း သိရပါသည်။ သို့ဖြစ်ရာ အဆိုပါစီရင်စုများရှိ လေ့ကား ထစ်စပါးစိုက်ခင်းများသည် (MAFF) မှ ပြုစုဆောင် ရွက်မည့် လေ့ကားထစ်ပုံစံစိုက်ပျိုးထားသည့် ထိပ်တန်းစပါးခင်းစာရင်းအသစ်တွင် ပါဝင်နိုင် ကြောင်း မျှော်မှန်းနေကြပါသည်။

ရင်းမြစ်။The Japan Agriculture News

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**

တိုကျို

……………………………………………………………………………………………………….

## ဘဏ္ဍာရေးမူဝါဒရုံးအနေဖြင့်၂၀၂၂ခုနှစ်တွင်GDPတိုးတက်မှု(၁.၃%)ရရှိရန်အလားအလာ ရှိကြောင်း ခန့်မှန်း

ဘဏ္ဍာရေးမူဝါဒရုံးFiscal Policy Office(FPO) ၏ခန့်မှန်းချက်အရ ထိုင်းနိုင်ငံ အနေဖြင့် ယခုနှစ်တွင်စီးပွားရေးတိုးတက် မှု(၁.၃%)ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း မက်ခရိုစီးပွားရေး မူဝါဒဗျူရိုမှPisit Puapan ကပြောကြားခဲ့ကြောင်းသိရှိရပါသည်။ ယခုနှစ်နောက်ဆုံး (၃)လပတ် အတွက် စောင့်ကြည့်ရမည့် အချက်များတွင် ပို့ကုန်ကဏ္ဍ၊ ပြည်တွင်းသုံးစွဲမှုနှင့်အစိုးရ၏ စီးပွားရေးလှုံ့ဆော်မှုအစီအစဉ်များ၏ရလဒ်များပါဝင်ကြောင်းသိရှိရပါသည်။ အဆိုပါအချက်များ အားလုံး ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခြင်းမရှိပါက FPO အနေဖြင့် ၎င်း၏စီးပွားရေးတိုးတက်မှု ခန့်မှန်း ချက်ကို ဖြတ်တောက်နိုင်ကြောင်း Mr.Pisit ကပြောကြားခဲ့ပါသည်။

အကယ်၍ခန့်မှန်းချက်ကိုအဆင့်လျှော့ချမည်ဆိုပါက အနည်းငယ်အပြောင်းအလဲ ဖြစ်နိုင် ကြောင်း၎င်းကပြောကြားခဲ့ပါသည်။ FPO အနေဖြင့် ၎င်း၏ နောက်ဆုံးစီးပွားရေး တိုးတက်မှု ခန့်မှန်းချက်ကို အောက်တိုဘာလ(၂၈)ရက်နေ့တွင်ကြေငြာရန်စီစဉ်ထားကြောင်း၊ FPO အနေဖြင့် ၂၀၂၂ခုနှစ်အတွက် GDP တိုးတက်မှုနှုန်း(၄.၅%)ရှိလိမ့်မည်ဟုခန့်မှန်းထားပါသည်။

ထိုင်းနိုင်ငံအနေဖြင့်နိုဝင်ဘာလတွင် ကာကွယ်ဆေးအပြည့်အဝထိုးထားပြီးသော နိုင်ငံခြား သားများအားပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားသောကြောင့်စတုတ္ထ(၃)လပတ်တွင်စီးပွားရေးလုပ်ငန် းများတိုးတက်သင့်ကြောင်းMr. Pisit ကယုံကြည်ထားပါသည်။ Covid-19 ကူးစက်မှုနှုန်းများမှာ ဩဂုတ်လမှစတင်၍ကျဆင်းခဲ့ကြောင်းသိရှိရပါသည်။

ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာက တိုင်းပြည်အားလာမည့်နိုဝင်ဘာလတွင် ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပြီးသော နိုင်ငံခြားသားများအား ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ပူးပေါင်းပြင်ဆင်ဆောင်ရွက်ထားရန်အများပြည်သူ၊စီးပွားရေးလုပ်ငန်းရှင်များနှင့်အစိုးရအားတိုက်တွန်းခဲ့ပါ သည်။Covid-19 အခြေအနေစီမံခန့်ခွဲမှုဗဟို (CCSA)သည် ဗြိတိန်၊ အမေရိကန်၊ ဂျာမနီ၊ စင်္ကာပူ နှင့်တရုတ်တရုတ်စသည့်နိုင်ငံများမှ ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသော နိုင်ငံခြားသား ဧည့်သည်များအား နိုဝင်ဘာလ(၁)ရက်နေ့စ၍ထိုင်းနိုင်ငံသို့မလာရောက်ခင် Negative RT-PCR Testစစ်ဆေးထားမှုကို တင်ပြခွင့်ပြုမည်ဖြစ်ကြောင်း (၁၅-၁၀-၂၀၂၁)ရက်နေ့တွင် ဆုံးဖြတ်ခဲ့ကြပါသည်။

(CCSA)သည် ဗိုင်းရပ်စ် ကူးစက်မှုထိန်းချုပ်ခြင်းများကိုလည်း ဖြေလျှော့ပေးခဲ့ကြောင်း၊ (၁၆-၁၀-၂၀၂၁)ရက်နေ့မှ စတင်၍ ညမထွက်ရကန့်သတ်ချက်ကိုလည်း လျှော့ချပေးခဲ့ပါသည်။ FPOအနေဖြင့်ယခုနှစ်အတွက်အပြည်ပြည်ဆိုင်ရာမှ နိုင်ငံခြားသားခရီးသွား(၃၀၀,၀၀၀)ရောက လာနိုင်ကြောင်းခန့်မှန်းထားပါသည်။ ယခုအချိန်ထိ(၁၀၀,၀၀၀)ဦးရောက်ရှိခဲ့ပြီးဖြစ်ကြောင်းသိရှိရပါ သည်။ အကယ်၍ ဝင်ရောက်မှုသည်ခန့်မှန်းထားသည်ထက်လျှော့နည်းပါက ယခုနှစ်အတွက် FPOရုံး၏GDPခန့်မှန်းချက်အပေါ် ထိခိုက်မည်မဟုတ်ကြောင်း Mr.Pisitက ပြောကြားခဲ့ပါသည်။ နိုင်ငံခြားသားခရီးသွားများထံမှဝင်ငွေသည်GDP၏(၁၂%)ရှိကြောင်းသိရှိရပါသည်။

FPOအနေဖြင့် ဇူလိုင်လတွင် ကပ်ရောဂါလှိုင်းသစ်ကြောင့် GDPတိုးတက်မှုနှုန်းကို (၁.၃%) သို့မလျှော့ချမီဧပြီလတွင်ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ GDP တိုးတက်မှုနှုန်းကို (၂.၃%)ဟုခန့်မှန်းခဲ့ကြောင်းသိရှိရပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

……………………………………………………………………………………………………

## ပြပွဲလာရောက်သူများ ကိုယ်တိုင်ဝန်ဆောင်မှုစနစ်ဖြင့် အစားအစာများ အရသာမြည်းစမ်းနိုင်ရန် စားသောက်ကုန်ပြပွဲများအနေဖြင့် တီထွင်ဆန်းစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း

ဟောင်ကောင်ဒေသ၌ ၂၀၁၉ ခုနှစ်တွင် အစိုးရဆန့်ကျင်ဆန္ဒပြမှုများနှင့် ဆက်လက်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ရောဂါကူးစက်ပျံ့နှံ့မှုကြောင့်နှစ်စဉ်ကျင်းပပြုလုပ်သည့် အစားအသောက်နှင့်ဝိုင်စားသောက်ကုန်ပြပွဲများ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိကြောင်း၊ အစားအစာ အနည်းငယ်အား အမြည်းကျွေးခြင်း၊ ယာယီဆိုင်ခန်းများ ကာလတိုအတွင်း ဖွင့်လှစ်ရောင်းချခြင်းနှင့် ပြပွဲသို့ လာရောက်သူများအား ကိုယ်တိုင်ဝန်ဆောင်မှု စနစ်ဖြင့် အစားအစာများ အရသာမြည်းစမ်းနိုင်ရန်

တီထွင်ဆန်းသစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်္ဘောဆိပ်ကမ်းတစ်လျှောက်ရှိ Central Waterfront ရှေ့တွင် ယခင်က ကျင်းပြုလုပ်ခဲ့သည့် ပြပွဲကို နောက်ချန်ထားခဲ့နိုင်မည်ဖြစ်ကြောင်း ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Kathleen Magramo က“Food expo reinvents itself with do–it–yourself tours” ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် Hong Kong Wine & Dine Festival အား ၂၀၀၉ ခုနှစ်မှ စတင်၍ ဟောင်ကောင်ခရီးသွားလုပ်ငန်းအဖွဲ့မှ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊သို့သော်လွန်ခဲ့သော(၂) နှစ် ကတည်းက အစိုးရဆန့်ကျင် ဆန္ဒပြမှုများနှင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာ နေထိုင်ရန် ကန့်သတ်ချက်များကြောင့် အွန်လိုင်းမှ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဟောင်ကောင်ဒေသ သင်္ဘောဆိပ်ကမ်း တစ်လျှောက်တွင် ပြပွဲများ ပုံမှန် ကျင်းပပြုလုပ်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် နောက်ဆုံးအကြိမ်ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စားသောက်ဆိုင်များနှင့်လက်လီ အရောင်းဆိုင်များမှလည်း ဆိုင်ခန်းများဖွင့်လှစ်ပြီး အစားအစာများ အရသာမြည်းစမ်းစားစေခြင်း နှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ပြီး ပြပွဲသို့ (၁၈၀,၀၀၀) ဦး လာရောက်ရန် ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ (၂) နှစ် ကြာ ပြပွဲကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိသော်လည်းဟောင်ကောင်ဒေသမှာ အစားအစာ စိတ်ပါ ဝင်စားသူများ လာရောက်ရန် ဆွဲဆောင်နိုင်ဆဲဖြစ်ကြောင်း၊ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် ဟောင်ကောင်ဒေသ၏ အစားအစာအတွေ့အကြုံများကို ကမ္ဘာတစ်ဝန်းသို့ သိရှိနိုင်ရန်နှင့် မြှင့်တင် နိုင်ရန် ပုံစံအသစ်နှင့် ရှုထောင့်အသစ်တို့မှ ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ရေးသား ဖော်ပြထားပါသည်။

ယခင်နှစ်က အွန်လိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့သည့် Wine & Dine Festival မှာ အောင်မြင် ခဲ့သည့်ပြပွဲဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်ရန်လျာထားသည့် (၁၂) ကြိမ်မြောက် Wine & Dine Festival ပြပွဲမှာ ဟောင်ကောင်ဒေါ်လာ(၁၅) မီလီယံ ကုန်ကျမည်ဖြစ်ပြီး စားသောက်ဆိုင် (၄၀၀)ဆိုင် ကျော်ဖြင့် online/offline နှစ်မျိုးစလုံးဖြင့် ပါဝင်ပြသကြမည်ဖြစ်ကြောင်း၊ ဝိုင်အရသာ မြည်းစမ်းခြင်း၊ အွန်လိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခြင်းများ(Live masterclass)၊ စားသောက် ဆိုင်များ ယာယီဆိုင်ခန်းများ ဖွင့်လှစ်ခြင်းများနှင့် ဆိုင်၌စားသောက်မှုများအတွက် ဈေးလျှော့ပေး ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ၂၆–၁၀–၂၀၂၁ ရက်နေ့မှစတင်၍ ပြပွဲသို့ လာရောက်သူများအား အရသာ မြည်းစမ်းရန် ခွင့်ပြုချက် (Tasting Pass) ကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ Tasting Pass ဖြင့် အဖျော်ယမကာကောင်တာ (၅၀) ခုနှင့် ထိပ်တန်းစားသောက်ဆိုင်များနှင့် အထူးဟင်းလျာများကို ကူပွန်လက်မှတ်ဖြင့် တန်ဖိုးသင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ပထမဦးဆုံး လာရောက်သူ (၁၀၀) ဦးမှာ စားသောက်ဆိုင် (၂၀) ဆိုင်သို့ သွားရောက်နိုင်မည်ဖြစ်ပြီး အထူး လက်ဆောင်အနေဖြင့် ဝိုင်မြည်းစမ်းခွင့် ပေးသွားမည်ဖြစ်ကြောင်း၊နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင် များဖြင့် အစားအစာများ အရသာမြည်းစမ်းသည့် တိုက်ရိုက်ထုတ်လွှင့်မှု (၉) ခုလည်း ပါဝင် မည်ဖြစ်

ကြောင်း၊ Live masterclass တွင် ဒေသခံစာဖိုမှူး (၁၈) ဦးဖြင့် တိုက်ရိုက် ထုတ်လွှင့်ပြသမည်ဖြစ်ရာ အစားအစာ ကြိုက်နှစ်သူများ ပါဝင်တက်ရောက်နိုင်မည်ဖြစ်ပြီး ဈေးနှုန်း အနေဖြင့် ဟောင်ကောင်ဒေါ်လာ (၁,၀၀၀) မှ (၃,၀၀၀) အကြားတွင်ရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့်ပြပွဲမှာ ယခင်နှစ် ပြပွဲများနှင့် ကွဲပြားခြားနားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။

## (ခ) ဟောင်ကောင်ဒေသနယ်စပ်၌ ဟောင်ကောင်ဒေါ်လာ (၂) ဘီလီယံတန်ဖိုးရှိ အေးခဲအသားများ မှောင်ခိုကုန်ကူးမှု ဖမ်းဆီးသိမ်းဆည်းရမိခဲ့ခြင်း

ဟောင်ကောင်ဒေသ၌ ယခင်လက ရဲအရာရှိတစ်ဦးသေဆုံးခဲ့သည့်အမှုအား စုံးစမ်းစစ်ဆေးရာမှ ဟောင်ကောင်ဒေသနယ်စပ်၌ တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ (၂) ဘီလီယံ၊ တန်ချိန်အားဖြင့် (၅,၆၀၀) တန် ရှိသော တရားမဝင် မှောင်ခိုကုန်ကူးသည့် အေးခဲအသားများ ဖမ်းဆီးသိမ်းဆည်းရမိခဲ့ကြောင်း ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Clifford Lo က“HK$ 2b Haul of Frozen Meat Seized on Border” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းတွင် လွန်ခဲ့သော ရက်သတ္တပတ်နှစ်ပတ်အတွင်း အလားတူ တရားမဝင် မှောင်ခိုကုန်ကူးမှုကြောင့် တရားမဝင်ကုန်သွယ်မှုပမာဏ (၃) ဆရှိခဲ့ကြောင်း၊ ယခုအကြိမ်တွေ့ရှိမှုမှာ Mai Po Lung လမ်းမကြီးရှိ အအေးခန်းကွန်တိန်နာ (၂၀၀) ကျော်တွင် အမဲသား၊ ဝက်သားနှင့် သိုးသား များကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်တိန်နာ တစ်ခုချင်းစီတွင် အေးခဲအသားတန်ချိန် (၂၅) တန်ရှိပြီး တန်ဖိုးအားဖြင့် ဟောင်ကောင်ဒေါ်လာ (၈) မီလီယံနှင့် (၁၀) မီလီယံအကြားတွင်ရှိကြောင်း၊ အဆိုပါ တရားမဝင် မှောင်ခိုကုန်ကူးသည့် အေးခဲအသားများမှာ ဂျာမနီ၊ ချီလီနှင့် ဩစတြေးလျနိုင်ငံတို့မှ တင်သွင်းလာခြင်းဖြစ်ပြီး အေးခဲအသားတန်ချိန်(၇၀)တန်မှာ ကျန်းမာရေး အသိအမှတ်ပြု ထောက်ခံချက်များ မပါရှိသည်ကို တွေ့ရှိရကြောင်း ရေးသားဖော်ပြထားပါသည်။

နွားကောင်ရေ (၂,၃၀၀)နှင့် ညီမျှသည့် အသား (၁၇၀၀) တန်၊ ခန့်မှန်းခြေအားဖြင့် ဟောင်ကောင်ဒေါ်လာ (၅၀၀) မီလီယံ တန်ဖိုးရှိ ကွန်တိန်နာအား ၄-၁၀-၂၀၂၂ ရက်နေ့တွင် Lung Kwu Tan လမ်းမကြီး၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တရုတ်ပြည်မကြီးသို့ ပြေးအားကောင်းသော မော်တော်ဘုတ်များဖြင့် အေးခဲအသား (၁,၀၀၀) တန်ကျော်အား နေ့စဉ်ပို့ဆောင်လျက်ရှိကြောင်း ၂၀၂၂ ခုနှစ်၊ ဇူလိုင်လထုတ် အစီရင်ခံစာတွင် ဖော်ပြပါရှိခဲ့ကြောင်း၊ ယခင်က သွင်းကုန်ကန့်သတ် ချက်များနှင့် အခွန်ပေးဆောင်မှု တိမ်းရှောင်နိုင်ရန်အတွက် အသားများအား တရားမဝင် မှောင်ခို ရောင်းဝယ်ခြင်းများရှိခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

အေးသီခိုင်၊ စီးပွားရေးသံမှူး

ဟောင်ကောင်မြို့

## ဘာရပ်ဆဲလ်စီးပွားရေးသတင်းများ

### (က) ပျားရည်အတုများကို ပစ်မှတ်ထား၍ တံဆိပ်ကပ်ဖော်ပြမှုဆိုင်ရာ စည်းမျဉ်းသစ်ဖြင့် ဆောင်ရွက်သွားမည့် အီးယူ

အီးယူဈေးကွက်သို့ ပျားရည်အတုများ ဝင်ရောက်နေမှုကို ရပ်တန့်နိုင်ရေးအတွက် လက်ရှိ တံဆိပ်ကပ်ဖော်ပြမှုဆိုင်ရာ စည်းမျဉ်းများ (labelling rules) ကို ပြောင်းလဲသွားရန် အီးယူ အဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများနှင့် ဥရောပကော်မရှင်၏ စိုက်ပျိုးရေးကော်မရှင်နာ တို့အကြား ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။ အီးယူသည် ပျားရည် ပြည်တွင်းစားသုံးမှု၏ (၆၀) ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သဖြင့် (၄၀) ရာခိုင်နှုန်းကို ပြည်ပမှ တင်သွင်းမှုအပေါ် မှီခိုနေပါသည်။

ပျားရည်သည် မကြာခဏအားဖြင့် သတ်မှတ်စံချိန်စံညွှန်းများအား ပြည့်မီခြင်းမရှိဘဲ ထုတ်လုပ်နေသည့် စားသောက်ကုန်အဖြစ် တွေ့ရှိရပြီး၊ ကမ္ဘာ့ပျားရည်အများဆုံးထုတ်လုပ်သည့် နိုင်ငံများမှ အရည်အသွေးနိမ့်ပျားရည်များ အီးယူဈေးကွက်သို့ ဝင်ရောက်နေသည်ဟုဆိုကာ ယင်းမှာ အီးယူရှိ ပျားရည်လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းအပေါ် ထိခိုက်စေသည်ဟု အီးယူ ပျားမွေးမြူထုတ်လုပ်သူများက ကာလရှည်ကြာ ထောက်ပြပြောဆိုလျက်ရှိကြောင်း၊ ပျားရည် ထုတ်လုပ်ရာတွင် သကြားရည် (sugar syrup) များဖြင့် ရောစပ်ထုတ်လုပ်ခြင်းသည် အီးယူ၏ စံချိန် စံနှုန်းများနှင့် ကိုက်ညီမှုမရှိသော်လည်း ယင်းကို ခြေရာခံရန် ခက်ခဲကြောင်း သိရပါသည်။

အီးယူ၏ ပျားရည်ထုတ်ကုန်အတွက် တံဆိပ်ကပ်ဖော်ပြခြင်းဆိုင်ရာ လက်ရှိစည်းမျဉ်းများ အရ အီးယူ၌ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံ (country of origin) ကို ဖော်ပြရန်လိုအပ်ကြောင်း၊ သို့သော် မတူညီသည့်နိုင်ငံများမှ ပျားရည်များကို ရောနှော၍ ထုတ်လုပ်ထားခြင်းဖြစ်လျှင် စည်းမျဉ်း သည် တိကျမှုမရှိဘဲ “Blend of EU honeys” ၊ “Blend of non–EU honeys” ၊ “Blend of EU and non–EU honeys” ဟူ၍သာ ဖော်ပြရခြင်းဖြစ်ကြောင်း သိရပါသည်။

ရောနှောပျားရည် (Honey Mixture) နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းရှင်းလင်းလင်း တံဆိပ် ကပ်ဖော်ပြရန် တိုက်တွန်းမှုကို ပြင်သစ်၊ ပေါ်တူဂီနှင့် ဆလိုဗေးနီးယားနိုင်ငံတို့က ဦးဆောင်ခဲ့ကြ ကြောင်း၊ လက်ရှိ အီးယူကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်နေသည့် အပျော်တမ်းပျား မွေးမြူသူအများအပြားရှိသော ဆလိုဗေးနီးယားနိုင်ငံက အဆိုပါကိစ္စရပ်အား တွန်းအားပေး ဆောင်ရွက်လာခြင်းဖြစ်ကြောင်း သိရပါသည်။ အီးယူ၏ စိုက်ပျိုးရေးဆိုင်ရာ ကော်မရှင်နာဖြစ်သူ Janusz Wojciechowski က ပျားရည်အတွက် labelling rules ပြင်ဆင်ရန်

လိုအပ်ချက်ကို အသိအမှတ်ပြုခဲ့ကြောင်းနှင့် အီးယူအဖွဲ့ဝင်နိုင်ငံအများစုကလည်း ယင်းကို ထောက်ခံကြကြောင်း ဆလိုဗေးနီးယား စိုက်ပျိုးရေးဝန်ကြီး Jože Podgoršek က ပြောကြားခဲ့ပါသည်။ ဥရောပကော်မရှင် အနေဖြင့် ပျားရည်ဆိုင်ရာ Revised Draft Directive အတွက် ပြင်ဆင်ဆောင်ရွက်ရန် အစီအမံများ ထားရှိကြောင်း ၎င်းကထပ်လောင်းပြောကြားပါသည်။

ဆလိုဗေးနီးယားနိုင်ငံအနေဖြင့် ရောနှောပျားရည်များကို တံဆိပ်ကပ်ဖော်ပြရာ၌ ၎င်း ပျားရည်များကို ထုတ်လုပ်သည့် ပင်ရင်းနိုင်ငံ တစ်နိုင်ငံချင်းစီကို ဖော်ပြစေလိုခြင်းဖြစ်ကြောင်း၊ ပျားရည်ကို ရောစပ်ထုတ်လုပ်ရာတွင် ထုတ်လုပ်သည့်နိုင်ငံတစ်ခုချင်းစီ၏ ပျားရည်အချိုးအစား မည်မျှပါဝင်သည်ကို တံဆိပ်ကပ်ဖော်ပြရန် အီးယူနိုင်ငံအချို့က လိုလားကြောင်း၊ ဆလိုဗေးနီးယား စိုက်ပျိုးရေးဝန်ကြီး Jože Podgoršek က ပြောကြားခဲ့ပါသည်။ ပျားရည် အတွက် labelling rules ပြင်ဆင်ရေးအဆိုပြုချက်ကို ၂၀၂၂ ခုနှစ်အစောပိုင်းတွင် အပြီးသတ် ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း သိရပါသည်။

ရင်းမြစ် – https://www.politico.eu/

**(ခ) အီးယူ၌ ဓါတ်ငွေ့လောင်စာဈေးနှုန်းမြင့်တက်လာမှုကြောင့် စားသုံးသူများအပေါ် ထိခိုက်မှု ရှိလာနိုင်ခြင်း**

အီးယူတစ်ဝန်း၌ စွမ်းအင်နှင့် ဓါတ်ငွေ့လောင်စာဆီဈေးနှုန်းများ မြင့်တက်နေမှုအကျပ် အတည်းကြောင့် အိမ်ထောင်စုများ၏ ဓါတ်ငွေ့အသုံးပြုခများ ပိုမိုကျသင့်နိုင်သည့်အပြင် ဓါတ်မြေ သြဇာဈေးနှုန်းတက်လာနိုင်ပြီး၊ ယင်း၏ အကျိုးဆက်အနေဖြင့် လာမည့်လများတွင် အီးယူ၌ စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း သိရပါသည်။

ယူရီးယားနှင့် အမိုနီယမ်နိုက်ထြိတ်ကဲ့သို့သော ဓါတ်မြေသြဇာများ ထုတ်လုပ်ရာတွင် သဘာဝဓါတ်ငွေ့ကို အဓိကအသုံးပြုရကြောင်း၊ ဓါတ်ငွေ့ဈေးနှုန်းမြင့်တက်လာမှုသည် ဓါတ်မြေ သြဇာဈေးကြီးလာရခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ပြီး၊ ယင်းသည် အနာဂတ်တွင် စားသောက်ကုန် ဈေးနှုန်းအပေါ် သက်ရောက်နိုင်သည့် အန္တရာယ်ရှိလာကြောင်း အီးယူ၏ စိုက်ပျိုးရေးကော်မရှင်နာဖြစ်သူ Janusz Wojciechowski က အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စိုက်ပျိုးရေးဝန်ကြီးများနှင့် အစည်း အဝေးတွင် ပြောကြားခဲ့ကြောင်း သိရပါသည်။

အဆိုပါအစည်းအဝေးတွင် ပိုလန်နိုင်ငံအစိုးရ၏ စာတမ်းအပေါ် အီးယူစိုက်ပျိုးရေးဝန်ကြီး များက ဆွေးနွေးခဲ့ကြပြီး၊ သဘာဝဓါတ်ငွေ့ဈေးနှုန်း မြင့်တက်နေမှုကို မူဝါဒပိုင်းအနေဖြင့် ရပ်တန့် နိုင်ခြင်းမရှိလျှင် ဓါတ်မြေသြဇာအကျပ်အတည်းကြောင့် အီးယူတစ်ဝန်းလုံး၌ လူမှုရေးမငြိမ် သက်မှု (social unrest) ဖြစ်စေနိုင်ကြောင်း ၎င်းစာတမ်းက ခန့်မှန်းထားသည်ဟု ဆိုသည်။ ပိုလန်နိုင်ငံ၌ အစိုးရက ဓါတ်မြေသြဇာများအား ပြည်ပတင်ပို့ခွင့်ပြုလျက်ရှိခြင်းကြောင့် ပြည်တွင်း

၌ လယ်သမားများက ဓါတ်မြေဩဇာကို ဈေးကြီးပေးဝယ်ယူနေရသည်ဟုဆိုကာ လယ်သမား လော်ဘီ အဖွဲ့အစည်း များက နိုင်ငံပိုင် ဓါတ်မြေဩဇာကုမ္ပဏီ Anwil ကို ပိတ်ဆို့ဆန္ဒပြခဲ့ကြ ကြောင်းလည်း သိရသည်။

ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ တစ်နှစ်အတွင်း ဓါတ်မြေဩဇာဈေးနှုန်းသည် (၂) ဆနီးပါး မြင့်တက်လာသည်ဟု ဆိုသည်။ ယခုအခါ ဓါတ်ငွေ့ဈေးမြင့်တက်မှုကြောင့် အီးယူရှိ ဓါတ်မြေဩဇာနှင့် အမိုးနီးယားစက်ရုံများ၏ သုံးပုံတစ်ပုံသည် ထုတ်လုပ်မှုယာယီလျှော့ချခြင်း (သို့မဟုတ်) ပိတ်သိမ်းရခြင်းများရှိနိုင်ကြောင်း၊ Fertilizers Europe ၏ ညွှန်ကြားရေးမှူးချုပ် Jacob Hansen က ဆိုသည်။ လယ်သမားများသည် ဓါတ်မြေဩဇာကို ဆောင်းဦးရာသီထက် နွေဦးရာသီ၌ အသုံးပြုကြခြင်းဖြစ်ရာ ဈေးနှုန်းမြင့်တက်မှုသည် လယ်သမားများအပေါ် ချက်ချင်း သက်ရောက်မှု မရှိနိုင်သေးကြောင်း၊ သို့သော် စားသောက်ကုန်ဈေးနှုန်းများမှာ မြင့်တက်လာမည် ဖြစ်ကြောင်း၊ အမှန်ထုတ်လုပ်မှုအပေါ် သက်ရောက်မှုကိုမူ လာမည့်နှစ်အထိ တွေ့မြင်ရမည် မဟုတ်ကြောင်း ၎င်းက ပြောကြားထားပါသည်။

ပိုလန်နိုင်ငံ၏ ထောက်ပြမှုများကို အပြည့်အဝထောက်ခံကြောင်း၊ ဓါတ်မြေဩဇာဈေး တက် လာခြင်းနှင့် အီးယူ၏ Green Deal လုပ်ငန်းစဉ်အောက်တွင် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းနိုင်ရေး အတွက် စိုက်ပျိုးမြေများ၏ ထုတ်လုပ်မှုလျှော့ချရန် အစီအမံတို့ကြောင့် ဥရောပ၌သာမက ကမ္ဘာတစ်ဝန်း၌ စားရေရိက္ခာဖူလုံမှုအပေါ် ခြိမ်းခြောက်လာမည်ကို စိုးရိမ်သည်ဟု ပြင်သစ်နိုင်ငံ၏ စိုက်ပျိုး ရေးဝန်ကြီးဖြစ်သူ Julien Denormandie က ပြောကြား ခဲ့ကြောင်း သိရသည်။။ ဓါတ်မြေဩဇာ ဈေးနှုန်းဆက်လက်မြင့်တက်နေမည်ဆိုလျှင် ဥရောပ တစ်ဝန်းလုံး၌ စားသောက်ကုန်ဈေးနှုန်းအကျပ် အတည်းဖြစ်လာနိုင်ခြင်းမှတစ်ဆင့် လူမှုရေးနှင့် စီးပွားရေးအကျပ်အတည်းများကို ဖြစ်ပေါ်စေနိုင်သည်ဟု ပိုလန်နိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး Grzegorz Puda ကလည်း သတိပေးပြောကြားထားပါ သည်။

အီးယူ၏ ဝက်သားထုတ်ကုန်ကဏ္ဍ၌ ကုန်ကြမ်းပစ္စည်းနှင့် ဓါတ်မြေဩဇာဈေးနှုန်းများ မြင့်တက်မှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ပိုများလာသော်လည်း ဝက်သားဈေးနှုန်းမှာ များစွာ ကျဆင်းလျက်ရှိကြောင်း ဆလိုဗေးနီးယားနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီး Jože Podgoršek က ပြောကြားခဲ့သည်။ အီးယူ၏ ဝက်သားထုတ်လုပ်မှုကဏ္ဍ၌ အကျပ်အတည်းတစ်ရပ်ဖြစ်နေ ကြောင်း အီးယူ၏စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးတွင် ဘယ်လ်ဂျီယံနိုင်ငံက ဆွေးနွေး ခဲ့မှုအပေါ် အီးယူအဖွဲ့ဝင်နိုင်ငံများအနက် (၁၈) နိုင်ငံက ထောက်ခံခဲ့ကြကြောင်း၊ အာဖရိက ဝက်တုပ်ကွေးရောဂါ အပေါ်စိုးရိမ်သဖြင့် အီးယူမှ ဝက်သားအဓိက ထုတ်လုပ်တင်ပို့သည့် ဂျာမနီကဲ့သို့သော နိုင်ငံများမှ ဝက်သားတင်သွင်းမှုကို တရုတ်နိုင်ငံက ကန့်သတ်ထားခြင်းကြောင့်

အီးယူတစ်ဝန်း၌ ဝက်သားများ ပိုလျှံမှုဖြစ်ပေါ်ကာ ဝက်သားဈေးနှုန်းများကျဆင်းလျက်ရှိကြောင်း သိရပါသည်။

လက်ရှိဖြစ်ပေါ်နေသည့် ဓါတ်မြေဩဇာအပါအဝင် စွမ်းအင်ဈေးနှုန်းမြင့်တက်မှု အကျပ်အတည်းမှ ခုသာခံသာရှိစေရေး အီးယူအဖွဲ့ဝင်နိုင်ငံများကို အကူအညီပေးရန်အတွက် ဥရောပ ကော်မရှင်က မူဝါဒပိုင်းတုံ့ပြန်နိုင်မည့် "toolbox" တစ်ခုကို ဆောင်ရွက်နေကြောင်း၊ ကော်မရှင် အနေဖြင့် စွမ်းအင်ဈေးနှုန်းအခြေအနေကို မပြတ်လေ့လာဆန်းစစ်လျက်ရှိကြောင်း အီးယူ၏ စိုက်ပျိုးရေးကော်မရှင်နာ Janusz Wojciechowski က ပြောကြားခဲ့ပါသည်။ ဓါတုဓါတ်မြေဩဇာ ဈေးကြီးလာခြင်းသည် လယ်သမားများအား အီးယူ၏ ဓါတုဓါတ်မြေဩဇာအသုံးပြုမှုလျှော့ချရေး ရည်မှန်းချက်များနှင့်အညီ တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို ပိုမိုအသုံးပြုလာစေနိုင်သည့် အားသာ ချက်များလည်းရှိနိုင်ကြောင်း၊ သို့သော် ယင်းမှာအနာဂတ်ရည်မှန်းချက်ဖြစ်ပြီး၊ လက်ရှိအခြေအနေ များကိုလည်း တုံ့ပြန်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ရင်းမြစ် – https://www.politico.eu/

### (ဂ) Covid-19 ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်နာလန်ထူလာသော်လည်း စိန်ခေါ်မှုများကို ရင်ဆိုင်ရနိုင်သည့် ဥရောပ၏ အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းကဏ္ဍ

ဥရောပအထည်အလိပ်နှင့်အဝတ်အထည်အသင်းချုပ် (European Apparel and Textile Confederation–EURATEX) မှ ဖော်ပြသည့် အချက်အလက်များအရ ဥရောပ၏ အထည်အလိပ် နှင့် အဝတ်အထည်လုပ်ငန်းကဏ္ဍသည် ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်နာလန်ထူ လာကြောင်း၊ သို့ရာတွင် လက်ရှိကြုံတွေ့နေရသည့် ထုတ်လုပ်မှုထောက်ပံ့ရေးကွင်းဆက်နှင့် စွမ်းအင်ဈေးနှုန်း မြင့်တက်မှုပြဿနာများကြောင့် ထိုသို့ပြန်လည်နာလန်ထူလာမှုအပေါ် အဟန့် အတားဖြစ်နိုင် ကြောင်း သိရပါသည်။

ဥရောပ၏ အထည်အလိပ်ကဏ္ဍလုပ်ငန်းများသည် ၂၀၁၉ ခုနှစ်၊ စတုတ္ထသုံးလပတ်က ရှိခဲ့သည့်အဆင့်ထက် (၃.၆) ရာခိုင်နှုန်း ပိုမိုသာလွန်ခဲ့ကြောင်း၊ အဝတ်အထည်ကဏ္ဍတွင်မူ (၁၁.၅) ရာခိုင်နှုန်း ပိုမိုနိမ့်ကျနေဆဲဖြစ်သော်လည်း ဆက်လက်တိုးတက်လာမည်ဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်၏ သုံးလပတ်အလိုက်နှိုင်းယှဉ်ချက်တွင် ဥရောပ၏ အထည်အလိပ်နှင့် အဝတ်အထည် ကဏ္ဍ တစ်ရပ်လုံး ၌တိုးတက်မှုလက္ခဏာများရှိလာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ ပထမသုံးလပတ်တွင် အထည်အလိပ်ကဏ္ဍ ဝင်ငွေ အနည်းငယ်ကျဆင်းခဲ့သော်လည်း ဒုတိယသုံးလပတ်တွင် (၃.၃) ရာခိုင်နှုန်း ဝင်ငွေပိုမိုရရှိခဲ့ကြောင်း၊ အလားတူ အဝတ်အထည်ကဏ္ဍရှိ စီးပွားရေးလုပ်ငန်းများ သည်လည်း ၂၀၂၁ ခုနှစ် ပထမ သုံးလပတ်တွင် (၁) ရာခိုင်နှုန်းသာတိုးတက်ခဲ့ရာမှ ဒုတိယ သုံးလပတ်တွင် (၇) ရာခိုင်နှုန်း ပိုမိုချဲ့ထွင် လာနိုင်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် အီးယူ(၂၇) နိုင်ငံအနေဖြင့် အထည်အလိပ်နှင့်အဝတ်အထည်တင်သွင်းမှု လျော့ကျခဲ့ပြီး၊ တတိယနိုင်ငံဈေးကွက်များသို့ တင်ပို့မှုတိုးတက်ခဲ့သဖြင့် ကုန်သွယ်မှုမျှခြေမှာ တိုးတက်ခဲ့ကြောင်း၊ ယခင်နှစ် ဒုတိယသုံးလပတ်နှင့်နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၏ ဒုတိယသုံးလပတ်တွင် အီးယူပြင်ပသို့ အထည်အလိပ်နှင့်အဝတ်အထည်တင်ပို့မှု (Extra-EU Exports) မှာ (၄၉) ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း၊ အဓိကတင်သွင်းသည့်နိုင်ငံများမှ တင်သွင်းမှု လျော့ကျခဲ့သဖြင့် အီးယူပြင်ပမှ အထည်အလိပ်နှင့်အဝတ်အထည်တင်သွင်းမှု (Extra-EU Imports) မှာ (၂၆) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အီးယူမှ ဗြိတိန်ခွဲထွက်မှု (Brexit) ၏ သက်ရောက်မှုနှင့် ဥရောပ၌ အဝတ်အထည်ဝယ်လိုအား ကျဆင်းခဲ့မှုတို့ကြောင့် တရုတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ထံမှ တင်သွင်းမှုလျော့ကျခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

၂၀၂၂ ခုနှစ်၊ ဒုတိယသုံးလပတ်တွင် အထည်အလိပ်လုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင်ဖန်တီးနိုင်မှုသည် နှေးကွေးသည့်နှုန်းဖြင့် တည်ငြိမ်နေသော်လည်း အဝတ်အထည်လုပ်ငန်းကဏ္ဍတွင်မူ ပထမနှစ်ဝက်အတွင်း ထုတ်လုပ်မှုလုပ်ငန်းများ လျော့ကျခဲ့ခြင်းကြောင့် အလုပ်အကိုင်ဖန်တီးမှုအပေါ် သက်ရောက်နိုင်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ စတုတ္ထသုံးလပတ်နှင့်နှိုင်းယှဉ်လျှင် ၂၀၂၂ ခုနှစ်၊ ဒုတိယ သုံးလပတ်၌ အီးယူ၏ အထည်အလိပ်လုပ်ငန်းကဏ္ဍ အလုပ်အကိုင်ရရှိမှုသည် (၄.၄) ရာခိုင်နှုန်း၊ အဝတ်ထည်လုပ်ငန်းကဏ္ဍ၌ အလုပ်အကိုင်ရရှိမှု (၁၁.၈) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရပါသည်။

ဥရောပ၏ အထည်အလိပ်နှင့် အဝတ်အထည်လုပ်ငန်းကဏ္ဍအနေဖြင့် ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်နိုးထလာသော်လည်း သင်္ဘောတင်ပို့မှု ကုန်ကျစရိတ်များမြင့်တက်လာခြင်း၊ ကုန်ကြမ်းပစ္စည်းနှင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်လာခြင်းတို့ကြောင့် အဟန့်အတားဖြစ်စေနိုင်သည်ဟုဆိုသည်။ စွမ်းအင်ဈေးနှုန်း အထူးသဖြင့် ဓါတ်ငွေ့လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်း၊ အီးယူ၏ ကာဗွန်လျှော့ချရေးအစီအမံ ("Fit for 55" package) ကြေညာခဲ့ခြင်းကြောင့် အီးယူ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုအတွက် ဝယ်ယူပေးချေရသည့်ဈေးနှုန်း ($CO_2$ prices) မြင့်တက်လာခြင်းတို့ကြောင့် အီးယူ၏ အထည်အလိပ်နှင့်အဝတ်အထည်လုပ်ငန်းကဏ္ဍ ယှဉ်ပြိုင် နိုင်စွမ်းအပေါ် မလွဲမသွေသက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် အထည်အလိပ်နှင့် အဝတ်အထည်လုပ်ငန်းကဏ္ဍ၏ ပြန်လည်နာလန်ထူလာမှုအပေါ် လုပ်သားနှင့် ပစ္စည်းကိရိယာရှားပါးမှုကဲ့သို့သော ထုတ်လုပ်မှုပိုင်းဆိုင်ရာ အကန့်အသတ်များ၏ ခြိမ်းခြောက်မှုလည်း ရှိနေကြောင်း သိရပါသည်။

အထည်အလိပ်နှင့်အဝတ်အထည်ကုမ္ပဏီများသည် ကပ်ရောဂါအကျပ်အတည်းကာလအတွင်း ကြံ့ကြံ့ခံနိုင်စွမ်းကိုပြသခဲ့ကြပြီး၊ ၎င်းတို့၏ ပို့ကုန်အချက်အလက်များအရ ပြန်လည်နာလန်ထူလာသည့်လက္ခဏာများ ရှိလာကြောင်း၊ သို့သော် စွမ်းအင်ဈေးနှုန်းနှင့် ထုတ်လုပ်မှု

ထောက်ပံ့ရေး ကွင်းဆက်ဆိုင်ရာပြဿနာများကြောင့် ယင်းကိုအဟန့်အတားဖြစ်စေနိုင်ကြောင်း၊ ထို့အပြင် ကာဗွန် ယိုစိမ့်မှုကိုရှောင်ရှားလျက် မျှတသောယှဉ်ပြိုင်မှုဖြင့် ရေရှည်တည်တံ့သည့် ထုတ်လုပ်မှုနည်းလမ်းများ ဆီသို့ကူးပြောင်းရေး အီးယူ၏ အစီအမံသည် ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းဆောင်ရွက်နိုင်မှသာလျှင် အလုပ်ဖြစ်နိုင်ကြောင်းနှင့် ယင်းအချက်ကို အီးယူ၏ အထည်အလိပ်လုပ်ငန်းမဟာဗျူဟာတွင် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း EURATEX ၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်သူ Dirk Vantyghem က ပြောကြားခဲ့ကြောင်း သိရပါသည်။

ရင်းမြစ် – https://euratex.eu/news/euratex-releases-its-latest-economic-survey-european-textiles-and-clothing-industry-coming-out-of-the-covid19-crisis-but-facing-new-challenges-ahead/

## (ဃ) စွမ်းအင်ဈေးနှုန်းမြင့်တက်မှုကြောင့် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက အိမ်ထောင်စုများအတွက် ဘဏ္ဍာ ရေးထောက်ပံ့မှု ပေးသွားမည်

အီးယူတစ်ဝန်း၌ စွမ်းအင်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိသဖြင့် ယခုနှစ် ဆောင်းရာသီ၌ စွမ်းအင်သုံးစွဲခများပိုမိုကျသင့်မှုကို ရင်ဆိုင်ရမည့် အိမ်ထောင်စုများ၏ ကုန်ကျစရိတ်ကို ကာမိစေရန်အတွက် ဘယ်လ်ဂျီယံနိုင်ငံအစိုးရက ဘဏ္ဍာရေးအထောက်အကူပြု အစီအမံများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဘယ်လ်ဂျီယံအစိုးရသည် ဓါတ်ငွေ့နှင့် လျှပ်စစ်ဓါတ်အားခ ဈေးနှုန်းမြင့်တက်မှုကြောင့် အခက်ကြုံရနိုင်သည့် ဘယ်လ်ဂျီယံစားသုံးသူများကို အကူအညီပေးရန် ရည်ရွယ်ချက်ဖြင့် ယူရို (၇၆၀) သန်းကိုအသုံးပြုနိုင်ရန် လျာထားကြောင်း၊ ယင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဓါတ်ငွေ့နှင့် လျှပ်စစ်ဓါတ်အားခများကို Social Tariff ဖြင့် ပေးချေနိုင်သည့်အစီအစဉ်အား ၂၀၂၂ ခုနှစ်၊ မတ်လ ကုန်အထိ တိုးမြှင့်ပေးခြင်းလည်း ပါဝင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းအစီအစဉ်သည် ဘယ်လ်ဂျီယံ အိမ်ထောင်စုအားလုံးအတွက် အကျုံးဝင်မည်မဟုတ်ဘဲ ဘဏ္ဍာရေးလိုအပ်ချက် အများဆုံးရှိသည့် အိမ်ထောင်စုများအတွက်သာဖြစ်ကြောင်း သိရပါသည်။

ဓါတ်ငွေ့နှင့်လျှပ်စစ်ဓါတ်အားသုံးစွဲခများအား Social Tariff နှုန်းထားဖြင့် ပေးချေခွင့် အစီအမံအရ ဘယ်လ်ဂျီယံရှိ ဘဏ္ဍာရေးအခက်အခဲရှိသော အထူးသဖြင့် social housing များ၌ ငှါးရမ်း နေထိုင်ကြသည့် အိမ်ထောင်စု (၅) သိန်းကျော်ကို ထောက်ပံ့ထားပြီးဖြစ်ကြောင်း၊ ယင်းအစီအမံဖြင့် နောက်ထပ် အိမ်ထောင်စု (၄၄၀,၀၀၀) ခန့်ကို ထပ်မံကူညီပေးနိုင်မည်ဖြစ်ကြောင်း သိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံရှိ အိမ်ထောင်စုများအနေဖြင့် စွမ်းအင်သုံးစွဲခအတွက် နှုန်းသေဖြင့် ချုပ်ဆိုထားသည့် လက်ရှိစာချုပ်များ (fixed-rate energy contracts) အား လာမည့်နှစ်တွင် အသစ်ပြန်လည် ချုပ်ဆိုချိန်၌ သုံးစွဲခများအဆမတန်မြင့်တက်မှု (bill shock) ကို

ရှောင်ရှားနိုင်ရေးအတွက် ဘယ်လ်ဂျီယံအစိုးရ၏ ဘဏ္ဍာရေးအထောက်အကူအစီအမံက ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရပါသည်။

ရင်းမြစ် – https://www.brusselstimes.com/

ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး

ဘရပ်ဆဲလ်

................................................................................................................................................................

## လာမည့်နှစ်တွင်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်စေ့စပ်ညှိနှိုင်းဖွယ်ရှိခြင်း

ထိုင်းနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လွပ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်(FTA)ဆိုင်ရာစေ့စပ်ညှိနှိုင်းမှု စတင်နိုင်ရန် မျှော်လင့်လျှက်ရှိကြောင်း သိရှိရပါသည်။ ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းမှုဌာန ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum က အဆိုပါစေ့စပ်ညှိနိုင်းမှုအားလာမည့်နှစ် ဒါကာတွင်ကျင်းပမည့် ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အကြားပူးတွဲကုန်သွယ်ရေးကော်မရှင် (JTC) အစည်းအဝေးတွင်ဆွေးနွေးဖွယ်ရှိကြောင်း ပြောကြားလိုက်ပါသည်။

မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် FTA အတွက်လေ့လာမှုကို အရှိန်မြှင့်တင်ဆောင်ရွက်လျှက်ရှိသည်ကို မိမိတို့အား အသိပေးလာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအားၤင်း၏လေ့လာမှုကိုယခုနှစ်တွင်ပြီးစီးအောင်ဆောင်ရွက်ရန်နှင့်နောက်နှစ် ဆဋ္ဌမအကြိမ် JTC အစည်းအဝေးတွင် FTA ဆွေးနွေးမှုများဆောင်ရွက်နိုင်ရန် ပန်ကြားခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

JTC အစည်းအဝေးရက်ကို မသတ်မှတ်ရသေးကြောင်း၊ Mrs. Auramon ၏ အဆိုအရ ထိုင်းနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွက်အာဆီယံသို့ချိတ်ဆက်ရန် ပထဝီအနေအထား အရကောင်းမွန်သောနေရာတွင်ရှိကြောင်း၊ အခြားသောအာဆီယံနိုင်ငံများသို့ကုန်းလမ်းခရီးနှင့် ရေလမ်းပါ ဆက်သွယ်ပေးနိုင်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိန္ဒိယသမုဒ္ဒရာတစ်လျှောက် မဟာဗျူဟာကျစွာတည်ရှိပြီး တရုတ်နိုင်ငံနှင့် Belt and Road Initiative ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ကြောင်း၊ ထိုင်းပြည် အနေဖြင့် တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကတို့အတွက် ကုန်သွယ်ရေးအချက်အခြာ တစ်ခုဖြစ်လာနိုင်ဖွယ်ရှိကြောင်း သူမကဆိုပါသည်။

Mrs. Auramon က ထိုင်းနိုင်ငံသည် အနာဂတ်တွင် အရေးပါသော သယ်ယူပို့ဆောင်ရေး လမ်းကြောင်းတစ်ခုအဖြစ် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ရနောင်းဆိပ်ကမ်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းတို့အကြားဆက်သွယ်မှုကိုမြှင့်တင်နိုင်ရန်လည်းအဆိုပြုခဲ့ကြောင်း သိရှိရ

ပါသည်။၂၀၂၀ခုနှစ်ဇန်နဝါရီလတွင်ထိုင်းနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားFTAထူထောင်ရန်မှုအားဖြင့်သဘောတူညီခဲ့ကြကြောင်း၊ ၂၀၂၁ခုနှစ်တွင်နှစ်နိုင်ငံကုန်သွယ်မှုကိုအမေရိကန်ဒေါ်လာ(၂)ဘီလီယံအထိနှစ်ဆတိုးမြှင့်ကြရန်မူအရသဘောတူညီခဲ့ကြကြောင်း၊သို့ရာတွင်ထိုစဉ်ကတည်းကစ၍ Covid-19ကပ်ရောဂါကူးစက်မှုကြောင့်ကန့်သတ်မှုများဖြစ်ခဲ့ရကြောင်းသိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှတွင် အိန္ဒိယနှင့်ပါကစ္စတန်တို့ပြီးပါက ထိုင်းနိုင်ငံ၏ တတိယမြောက်အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်းသိရှိရပါသည်။၂၀၂၁ခုနှစ် ပထမ(၈)လတွင်ထိုင်းနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ(၇၈၅)သန်းရှိခဲ့ကြောင်း၊ယမန်နှစ်ကာလတူထက်(၃၀.၄%)တိုးတက်ခဲ့ကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၇၄၇)သန်း ရှိခဲ့ပြီး ၎င်းမှာနှစ်အလိုက်တွင်(၃၁.၁%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ သွင်းကုန်တင်သွင်းမှုမှာအမေရိကန်ဒေါ်လာ(၃၇.၂)သန်းရှိပြီး၎င်းမှာနှစ်အလိုက်တွင်(၁၇.၂%)တိုးတက်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ အရေးကြီးသောပို့ကုန်များတွင် ပလပ်စတစ်ခုံများ၊ သန့်စင်ထားသောစက်သုံးဆီ၊ ဘိလပ်မြေ၊ အထည်များနှင့် ဓါတုဗေဒပစ္စည်းများပါဝင်ကြောင်း သိရှိရပါသည်။

သူမက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှဒေသတွင် လူဦးရေ(၁၆၆)သန်းရှိပြီး လွန်ခဲ့သောဆယ်စုနှစ်အတွင်း တစ်နှစ်လျှင်ပျမ်းမျှ(၆%)မြင့်မားသော GDPတိုးတက်မှုနှုန်း ရရှိထားသည့် ရင်းနှီးမြှုပ်နှံမှုအတွက် ရည်မှန်းချက်(Target)ထားရှိသော နိုင်ငံတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၀၆ခုနှစ်မှ ၂၀၁၉ခုနှစ်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းအမေရိကန်ဒေါ်လာ(၁.၅)ဘီလီယံရှိခဲ့ကြောင်း၊ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပြုပြင်ထုတ်လုပ်ထားသော လယ်ယာစိုက်ပျိုးရေးထုတ်ကုန် လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်း များနှင့်ဆက်စပ်သော ဝန်ဆောင် မှုလုပ်ငန်း များဖြစ်ကြပါသည်။ အဆိုပါကာလအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထိုင်းနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုမှာအမေရိကန်ဒေါ်လာ(၁.၁၂)သန်းရှိခဲ့ကြောင်း၊ ကြီးမားသော ထိုင်းကုမ္ပဏီများဖြစ် သည့် Italian Thai Development နှင့်Charoen Pokphand Group တို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်ရင်းနှီးမြှုပ်နှံထားကြောင်းသိရှိရပါသည်။

Bangkok post

လွင်မျိုးဇော်၊ စီးပွားရေးသံမှူး

ဗန်ကောက်

…………………………………………………………………………………………

## Thuringia Follow Up ဆွေးနွေးပွဲတက်ရောက်ခြင်း

ဂျာမန်အာရှနှင့်ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း (German Asia-Pacific Business Association-OAV)က ကြီးမှူးကမကထပြုသော အာရှနှင့်ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ် (Ambassadors in Dialogue) အရ ၂၀၂၁ခုနှစ် ဇူလိုင်လအတွင်း ဂျာမနီနိုင်ငံအလယ်ပိုင်းရှိ Thuringia ပြည်နယ်၊ Erfurt မြို့ သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။ အဆိုပါခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများအတွက် ရှေ့ဆက်၍ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန် Follow Up အစည်းအဝေးကို ဘာလင်မြို့ရှိ Thuringian Representation ရုံးခန်းတွင် ၂၁.၁၀.၂၀၂၁ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပြီး စီးပွားရေးသံမှူး တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် Thuringian Representation in Berlin ၏ Director ဖြစ်သူ Mr.Raimund Grafe နှင့် အာရှ-ပစိဖိတ်နိုင်ငံ သံအမတ်ကြီးများဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Arif Havas Oegroseno တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပါသည်။

ဆက်လက်၍ Mr.Raimund Grafe နှင့် Thuringia International(South Asia) ၏ Director ဖြစ်သူ Ms.Franziska Kindervater တို့က Thuringia ပြည်နယ်တွင် လူဦးရေ ၂.၂ သန်းရှိပြီး ပြည်နယ်အတွင်းရှိ Automotive၊ Optics၊ ICT၊ Mechanical Engineering ၊ Logistics၊ Rubber and Plastic၊ Food Industry စသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးမိတ်ဘက်များနှင့် ကောင်းစွာ ချိတ်ဆက်ထားမှု၊ နိုင်ငံခြားကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကုန်သွယ်ရေးနှင့်စီးပွားရေးမစ်ရှင်များစေလွှတ်ခြင်း၊ Export Summit များကျင်းပပြုလုပ်ခြင်းတို့ဆောင်ရွက် ထားရှိမှု၊ Thuringia ပြည်နယ်သည် နိုင်ငံအတွင်း အခြားနေရာဒေသများနှင့်လွယ်ကူစွာ ချိတ်ဆက် သွားလာနိုင်ပြီးအချက်အခြာကျမှု၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံအဆောက်အအုံများ တိုးတက်မှု၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ တိုးတက်ဆောင်ရွက်နေမှု၊ ဂျာမနီနိုင်ငံ စုစုပေါင်း ပို့ကုန်၏ ၁၄ ရာခိုင်နှုန်း (၂.၀၂ ဘီလီယံ) ကို Thuringia ပြည်နယ်မှ တင်ပို့နေမှုတို့ကို ရှင်းလင်း ဆွေးနွေးကြပါသည်။

ထို့နောက် Thuringia ပြည်နယ် Head of Start Up Team (STIFT) ဖြစ်သူ Ms.Christiane Kilian က ရှင်းလင်းဆွေးနွေးရာတွင် STIFT အနေဖြင့် သုတေသနနှင့် တီထွင ်ဆန်းသစ်မှုလုပ်ငန်းများကို အဓိကတွန်းအားပေးဆောင်ရွက်လျှက်ရှိပြီး တက္ကသိုလ်များ၊ Business Incubators များနှင့် ပူးပေါင်း ဆောင်ရွက်လျှက်ရှိကြောင်း၊ Business matching များ

Investor days များ ကျင်းပ၍ Start Up လုပ်ငန်းများအနေဖြင့် Investors များနှင့် တွေ့ဆုံချိတ်ဆက်မှုရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရှင်းလင်းဆွေးနွေးပါသည်။

Thuringer Tourism GmbH မှ Marketing Manager ဖြစ်သူ Ms.Claudia Rathay က ပြည်နယ်အတွင်းရှိ ခရီးသွားအချက်အခြာဒေသများ၊ သဘာဝရှုခင်းများသာယာလှပမှု၊ အစားအသောက်များထူးခြား ကောင်းမွန်မှု၊ သမိုင်းဝင်အမွေအနှစ်အနုလက်ရာများတည်ရှိနေမှု၊ လမ်းပန်း ဆက်သွယ်ရေး လွယ်ကူချောမွေ့မှု စသည်တို့ဖြင့် ခရီးသွားလည်ပတ်ရန် ဆွဲဆောင်မှုရှိသည့်ဒေသတစ်ခုဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပါသည်။

ဆွေးနွေးပွဲမှ အာရှ-ပစိဖိတ်နိုင်ငံများအကြားနှင့် Thuringia ပြည်နယ်မှ စီးပွားရေးလုပ်ငန်းများ အတွက် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်မည့်သူများနှင့် ပိုမိုရရှိစေပြီး ဖက်ဒရယ်ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Representative office များကို အဓိကကျသောမြို့များနှင့် အခြားနိုင်ငံများတွင် ဖွင့်လှစ်၍ ပံ့ပိုးဆောင်ရွက်ပေးနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

…………………………………………………………………………………………………

**အာရှနှင့်ပစိဖိတ်နိုင်ငံသံအမတ်ကြီးများ ဆွေးနွေးမှုအစီအစဉ် (Ambassadors in Dialogue) တွင် လိုက်ပါခဲ့ခြင်းနှင့်ပတ်သက်၍ အစီရင်ခံ တင်ပြခြင်း**

ဂျာမန်အာရှနှင့်ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်း (German Asia-Pacific Business Association-OAV)က ကြီးမှူးကမကထပြုသော အာရှနှင့်ပစိဖိတ်နိုင်ငံသံအမတ်ကြီးများ ဆွေးနွေးမှု အစီအစဉ် (Ambassadors in Dialogue) တွင် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ဟမ်းဘတ်မြို့သို့ ၂၀၂၁ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ သွားရောက်ခဲ့ပြီး ခရီးစဉ်အတွင်း Intelligent Transport System(ITS) World Congress ဖွင့်ပွဲနှင့်ပြပွဲ လေ့လာမှုများ၊ ဟမ်းဘတ် မြို့တော်ဝန် ကြိုဆိုညှိခံပွဲတက်ရောက်ခြင်း၊ ဟမ်းဘတ်ဆိပ်ကမ်း လေ့လာမှုများ၊ အာရှ-ပစိဖိတ် နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်လိုသည့် ကုမ္ပဏီများသို့ သွားရောက်လေ့လာခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ Ambassadors in Dialogue အစီအစဉ်တွင် မြန်မာ အပါအဝင် အင်ဒိုနီးရှား၊ စင်္ကာပူ၊ဂျပန်၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ နီပေါ နိုင်ငံ သံအမတ်ကြီးများ၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံ သံရုံးယာယီတာဝန်ခံများ၊ စင်္ကာပူနှင့် မော်လဒိုက်နိုင်ငံ သံရုံးဒုတိယ

အကြီးအကဲ၊ ထိုင်းပထမအတွင်းဝန်တို့ လိုက်ပါလေ့လာခဲ့ပါသည်။ စီးပွားရေးသံမှူးက မြန်မာသံအမတ်ကြီးနှင့်အတူ လိုက်ပါလေ့လာခဲ့ပါသည်။ ခရီးစဉ်အတွင်း OAV ဥက္ကဋ္ဌ ဖြစ်သူ Prof.Dr.Ing Axel Stepken နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါခဲ့ပါသည်။

(က) **ITS World Congress ဖွင့်ပွဲကျင်းပခြင်း**

ဖွင့်ပွဲကို ၁၁.၁၀.၂၀၂၁ ရက်နေ့တွင် ကျင်းပခဲ့ရာ ဝန်ကြီးချုပ်အိန်ဂျလာမာကယ်မှ Video Message ပေးပို့ပေးခဲ့ပြီး Federal Ministry of Transport and Digital Infrastructure မှ Director တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။

(ခ) **Montblanc ကုမ္ပဏီသို့ သွားရောက်လေ့လာခြင်း**

၁၂.၁၀.၂၀၂၁ရက်နေ့တွင် Montblanc ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့ရာ Montblanc စတင်တည်ထောင်မှုနှင့် တိုးချဲ့ထုတ်လုပ်ဆောင်ရွက်မှုများ၊ ရုံးခွဲဖွင့်လှစ်ဆောင်ရွက်မှုများ၊ Montblanc မှ ထုတ်လုပ်သည့် ဖောင်တိန်ဒီဇိုင်းအမျိုးမျိုးထုတ်လုပ်မှု၊ ဖောင်တိန်ထိပ်ပိုင်းရှိ pen nib မှစ၍ ပါဝင်သည့် ပစ္စည်းများ အသေးစိတ် ထုတ်လုပ်မှုအဆင့်များ၊ ထုတ်လုပ်ရာတွင် အသုံးပြုသည့် စက်ပစ္စည်းကိရိယာများတို့ကို လေ့လာရပါသည်။ Montblanc ကို ၁၉၀၆ခုနှစ်တွင် Luxury goods များထုတ်လုပ်သည့်ကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ပြီး အရှေ့အာရှတွင် ဂျပန်နှင့် စင်္ကာပူနိုင်ငံ တို့တွင် ရုံးခွဲများဖွင့်လှစ်ထားပြီး ထိုင်း၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ မော်လဒိုက်၊ ဖိလစ်ပိုင်၊ နီပေါ၊ ကမ္ဘောဒီးယားတို့တွင် ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ထားရှိပါသည်။ Montblanc မှ စာရေး ကိရိယာပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်သည့် နာရီ၊ သားရေအိတ်၊ သားရေထည် များစသည်တို့ကိုလည်း ထုတ်လုပ်ပါသည်။ Montblanc ကုမ္ပဏီရုံးချုပ်မှာ ဟမ်းဘတ်မြို့တွင်လည်းကောင်း၊ သားရေထည်နှင့် အိတ်များ ထုတ်လုပ်မှုကို အီတလီနိုင်ငံ Florence မြို့တွင်လည်းကောင်း၊ နာရီထုတ်လုပ်ခြင်းကို ဆွဒ်ဇာလန်နိုင်ငံ Villeret နှင့် Le locle မြို့များတွင်လည်းကောင်း၊ ဆောင်ရွက်ကြောင်း လေ့လာသိရှိရပါသည်။ ကုန်ပစ္စည်းများကို ဝယ်ယူသူများ ၁၀၀ရာခိုင်နှုန်းပြည့် စိတ်ကျေနပ် မှုရရှိစေရန် အချိန်ယူဖန်တီးတည်ဆောက်ကြောင်း၊ အလေးအမြတ်ထားသူများကို အဘိုးတန် ပစ္စည်း တစ်ခုအနေဖြင့် ပေးအပ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ကြောင်း သိရှိရပါသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှုမြင့်မားနေသည့်ကာလအတွင်း work from home စနစ်နှင့် အလှည့်ကျ အလုပ်တက်ရောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများပုံမှန် လည်ပတ်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

## (ဂ) ITS World Congress တွင် လေ့လာကြည့်ရှုခြင်း

၂၇ကြိမ်မြောက် ITS World Congress ကို Ertico-ITS Europe က ကြီးမှူးကျင်းပ၍ European Commission က ပူးတွဲစီစဉ်သူအဖြစ်ဆောင်ရွက်ပြီး Federal Ministry of Transport and Digital Infrastructure က ပံ့ပိုးကူညီပါသည်။ ပြပွဲတွင် Mobility ဆိုင်ရာခေတ်မီတီထွင်ဆန်းသစ်မှု များ၊ ဒစ်ဂျစ်တယ်နည်းစနစ်သုံး သတင်းအချက်အလက်များရယူခြင်းနှင့် ထိန်းချုပ်ဆောင်ရွက်မှုများ၊ ရထား လမ်းပိုင်းများတွင် အချက်ပြစနစ်သုံးဆောင်ရွက်မှုအစီအမံများ၊ ဒရုန်းယာဉ်များအသုံးပြု၍ ဆက်သွယ်သွားလာမှုစနစ်များ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေး သရုပ်ပြသမှုများ၊ self driving ယာဉ် မောင်းနှင် နိုင်ရေးအတွက် ဆောင်ရွက်ထားမှုအစီအစဉ်များကို လေ့လာမှတ်သားရပါသည်။ ပြပွဲတွင် ထောက်ပံ့ပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာ၊ မော်တော်ကားနှင့် လေကြောင်းလိုင်း ဆိုင်ရာ ကုမ္ပဏီများအပါအဝင် ကုမ္ပဏီပေါင်း(၁၆၄) ခုတို့ကပါဝင်ပြသခဲ့ပြီး သီးခြားခေါင်းစဉ်များအလိုက် ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ Technical Visit များကိုလည်း စီစဉ် ဆောင်ရွက်ပေးပါသည်။ လာမည့်အနာဂတ်တွင် Intelligent Transport Systems များဖော်ထုတ်အသုံးပြုနိုင်ရေး ပြသထားပြီး ဟမ်းဘတ်မြို့ကို အသိဉာဏ်ရှိရှိလွယ်ကူသည့် ခရီးသွားစနစ်များဖော်ထုတ် ဆောင်ရွက်ထားမှုများတွင် မောင်းသူမဲ့ယာဉ်များ၊ အချက်ပြမီးစနစ်များ၊ Parking နည်းစနစ်များ၊ ကုန်တင်ကုန်ချ စနစ်များ၊ ဒရုန်းများ၊ မီးခိုးမဲ့ စက်ဘီးစီးစနစ်များပါဝင်ပါသည်။

## (ဃ) မြို့တော်ဝန်၏ ကြိုဆိုညှော်ခံပွဲတက်ရောက်ခြင်း

ဆက်လက်၍ ဟမ်းဘတ်မြို့၊ မြို့တော်ခန်းမတွင်ကျင်းပသော မြို့တော်ဝန် Dr.Peter Tschentscher နှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ရာ မြို့တော်ဝန်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြော ကြား၍ OAV ဥက္ကဋ္ဌ နှင့် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြား ကြပြီးအာရှ-ပစိဖိတ်သံအမတ်ကြီးများနှင့်အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပါသည်။ ညှော်ခံပွဲတွင် မြို့တော်ဝန်က သံအမတ်ကြီးများအား တစ်ယောက်ချင်းနှုတ်ဆက်စကားပြောကြားပါသည်။

## (င) ဟမ်းဘတ်ဆိပ်ကမ်းတစ်လျှောက်လေ့လာခြင်း

၁၃.၁၀.၂၀၂၁ရက်နေ့တွင် ဥရောပတွင် တတိယအကြီးဆုံး ကုန်တင်ကုန်ချ ဆိပ်ကမ်းဖြစ်သည့် ဟမ်းဘတ်ဆိပ်ကမ်းတစ်လျှောက် မော်တော်ဘုတ်ခရီးဖြင့် လေ့လာမှုပြုခဲ့ရာ ဟမ်းဘတ် ဆိပ်ကမ်းသည် အကျယ်အဝန်းအားဖြင့် ၇၀၀၀ ဟက်တာရှိပြီး ဟမ်းဘတ် မြို့၏ ၁၀ ပုံ ၁ပုံ ရှိကြောင်း၊ အလျား ၆၀၀ မီတာနှင့် အနံ ၄၀၀ မီတာ ရှိသော Container Ship များ (၂၀၀)ခန့် သွားလာနိုင် ကြောင်း၊ အဓိက Container Terminal (၄) ခုရှိကာ Burchardkai

Terminal သည် အကြီးဆုံး ဖြစ်ကြောင်း၊ Terminal (၂)ခုမှာ လုံးဝ digitalized ပြုလုပ်ထားပြီး ကွန်တိန်နာများ အတင် အချများ တွင် စက်များဖြင့်သာဆောင်ရွက်ကြောင်း၊ Terminal များအလိုက် ကုန်တင်ကုန်ချများပြားစွာ ဆောင်ရွက်နေမှုတို့ကို လေ့လာတွေ့ရှိရပါသည်။

**(စ) Airbus ကုမ္ပဏီတွင် လေ့လာခြင်း**

Airbus ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့ရာတွင် လေယာဉ်များပျံသန်းရာတွင် ဟိုက်ဒြိုဂျင် ဓါတ်ငွေ့သည် အရေးပါသည့်အရာတစ်ခုဖြစ်မှုနှင့် သိုလှောင်ထားနိုင်မှုနှင့် အသုံးချစွမ်းဆောင်နိုင်မှုတို့ကို ကုမ္ပဏီဝင်းအတွင်းရှိ ထုတ်လုပ်မှုဧရိယာတစ်ခုလုံးကို လှည့်လည်ပြသ၍ ရှင်းလင်းဆွေးနွေးပါသည်။ ဟိုက်ဒြိုဂျင်ဓါတ်ငွေ့ဆိုင်ရာ ပညာပေးအစီအစဉ်များကို နည်းပညာတက္ကသိုလ်များမှ ကျောင်းသားများကို ပို့ချပေးလျှက်ရှိကြောင်းသိရှိရပါသည်။ ဟိုက်ဒြိုဂျင်ဓါတ်ငွေ့ဖြင့် မောင်းနှင်မည့် အနာဂတ်လေယာဉ်များ တည်ဆောက်အသုံးချနိုင်ရေးအတွက် အစိုးရသိပ္ပံနည်းပညာအဖွဲ့အစည်းများ၊ ကုမ္ပဏီများအချိုးကျ တာဝန်ခွဲဝေဆောင်ရွက် နေမှုများကို လေ့လာရပါသည်။

**(ဆ) ကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးခြင်း**

နေ့လည်ပိုင်းတွင်ဟမ်းဘတ်မြို့ဒေသခံကုမ္ပဏီများနှင့် နိုင်ငံများအလိုက် Networking Lunch အစီအစဉ်ဖြင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ကြပါသည်။ မြန်မာ နှင့် ဗီယက်နမ်သံအမတ်ကြီးများ စားပွဲတွင် တွေ့ဆုံဆွေးနွေးရာတွင် စားသောက်ကုန် တင်သွင်းထုတ်လုပ်ဖြန့်ဖြူးနေသည့် ဂျာမန် ကုမ္ပဏီများနှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံမှ သရက် Puree၊ မြေပဲ၊ မက်ကဒေးမီးယား၊ အုန်းသီး Chip၊ အုန်းသီးဆံခြောက်နှင့်အုန်းဆီအနှစ်၊ သီဟိုစေ့၊ Canned Seafood များ၊ Frozen စားသောက်ကုန်များ၊ ပျားရည်စသည်တို့ကို ဝယ်ယူနိုင်ကြောင်း ဆွေးနွေးသိရှိရပါသည်။ ကုမ္ပဏီတစ်ခုမှာ ဗီယက်နမ်နိုင်ငံတွင် ရုံးစိုက်ဆောင်ရွက်နေပြီး Market diversification ပြုလုပ်၍ မြန်မာနိုင်ငံနှင့်လည်း ဈေးကွက်ရရှိဆောင်ရွက်လိုကြောင်း သိရှိရပါသည်။

(ဇ) **Dermalog ကုမ္ပဏီတွင် လေ့လာခြင်း**

Dermalog GmbH (Automatic Biometric Identification System) ကုမ္ပဏီသည် လူသားတို့၏ လက်ဗွေရာ၊ မျက်လုံးအတွင်းအနက်ဆန်ပိုင်း(Iris)၊ မျက်နှာ၊ လက်ဖဝါး စသည့် အမှတ်အသားများအတွက် ဒစ်ဂျစ်တယ်နည်းပညာဖြင့် စက်ကိရိယာများအသုံးပြု၍ ရှာဖွေစစ်ဆေးခြင်း၊ အတည်ပြုပေးခြင်းတို့ကို ဝန်ဆောင်မှုပေးနေသော ကုမ္ပဏီဖြစ်ပြီး နိုင်ငံကူးလက်မှတ်စာအုပ်များ၊ နိုင်ငံသားမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ရာဇဝင်နောက်ကြောင်းစိစစ်ခြင်းကိစ္စရပ်များတွင် များစွာအသုံးဝင်ကြောင်း၊ Dermalog ကုမ္ပဏီအနေဖြင့် ဂျာမနီနိုင်ငံရှိ တီထွင်ဆန်း

သစ်မှုအများဆုံးပြုလုပ်နိုင်သည့် ကုမ္ပဏီ(၂၀)ခုတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများအနက် စင်ကာပူ၊ ထိုင်း၊မလေးရှား၊ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ဘရူနိုင်း၊အင်ဒိုနီးရှားနိုင်ငံတို့တွင် Dermalog ၏ နည်းပညာသုံး စက်ကိရိယာများကို အသုံးပြု၍ E-Passport လုပ်ငန်းများ၊ နယ်စပ်ဝင်ရောက်မှု ထိန်းချုပ်မှုအစီအစဉ်များ၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းရပ်များ၊ ရွေးကောက် ပွဲမဲရလဒ်စိစစ်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ကြကြောင်း၊ လက်ရှိတွင် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်နိုင်ငံတို့တွင် Dermalog ကုမ္ပဏီရုံးခွဲများဖွင့်လှစ်ထားရှိကြောင်း လေ့လာသိရှိရပါသည်။

## ❖ လေ့လာတင်ပြချက်

အာရှ-ပစိဖိတ်နိုင်ငံဆိုင်ရာသံအမတ်ကြီးများ၏ ခရီးစဉ် (Ambassadors in Dialogue) ကို ဟမ်းဘတ်မြို့ အခြေစိုက် ဂျာမန်အာရှ-ပစိဖိတ်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (OAV) က တတိယအကြိမ်မြောက်စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှု လျော့ကျလာမှုနှင့် သက်ဆိုင်ရာပြည်နယ်များအတွင်း ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှုများကလည်း ခရီးစဉ်ဖြစ်မြောက်စေရန် ပံ့ပိုးပေးခဲ့ပါသည်။ ခရီးစဉ်အတွင်း Intelligent Transport System (ITS) World Congress ကျင်းပနေချိန်နှင့်ကိုက်ညီလျှက် အခြားတွေ့ဆုံမှုများသို့ သွားရောက်လေ့လာရာတွင် 3G Certificate (vaccinated or recovery or negative test result) ဟုခေါ်ဆိုသော ကာကွယ်ဆေးထိုးနှံပြီးခြင်း၊ ရောဂါသက်သာပျောက်ကင်းပြီးဖြစ်ခြင်း၊ Negative test result ယူဆောင်လာခြင်းတို့အနက် အချက်တစ်ခုခုနှင့် ကိုက်ညီမှုအားစစ်ဆေးပြီးမှ ဝင်ရောက်ခွင့်ပြုခြင်းကို ဆောင်ရွက်ပါသည်။ ခရီးစဉ်တွင် လိုက်ပါသူအများစုမှာ ကာကွယ်ဆေး ထိုးနှံပြီးခြင်း (vaccinated) အတွက် မိမိတို့မိုဘိုင်းဖုန်းများတွင် Corona Warn application ဖြင့် ထည့်သွင်းထားသည့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း Certificate QR code ကို ပြသအစစ် ဆေးခံယူကြပါသည်။ ခရီးစဉ် ပြီးဆုံးသည်အထိ အဖွဲ့ဝင်များ ရောဂါကူးစက်မှုမရှိခဲ့ပါ။

ယခုအစီအစဉ်မှာ ဂျာမန်အာရှနှင့် ပစိဖိတ်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များအသင်းက စီစဉ်ရာတွင် ဟမ်းဘတ်ပြည်နယ်အတွင်း အာရှ-ပစိဖိတ်နိုင်ငံများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင် လိုသည့်ကုမ္ပဏီများနှင့်တွေ့ဆုံနိုင်ရန်နှင့် တာဝန်ရှိအဆင့်မြင့်ပုဂ္ဂိုလ်များနှင့် ထိတွေ့ရန်စီစဉ်ထားရှိခြင်း၊ ဟမ်းဘတ်ဆိပ်ကမ်းလေ့လာရေးအစီအစဉ်ဖြင့် ဆိပ်ကမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု၊ စက်ကိရိယာများအသုံးပြု၍စနစ်တကျဆောင်ရွက်နေမှုများကို လေ့လာရ၍ များစွာအကျိုးရှိပါသည်။ မိမိတို့နိုင်ငံကို စိတ်ဝင်စားမှုအပေါ်မူတည်လျှက် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အခွင့်အရေးရရှိပါသည်။ ယခုခရီးစဉ်တွင်လည်း မြန်မာနိုင်ငံရှိ စားသောက် ကုန်ဈေးကွက်ကို စိတ်ဝင်စားမှုရှိသော ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပါသည်။

စီးပွားရေးသံမှူးအနေဖြင့် စားသောက်ကုန်တင်သွင်းထုတ်လုပ်ဖြန့်ဖြူးနေသည့် ဂျာမန်ကုမ္ပဏီ များနှင့် တွေ့ဆုံထိတွေ့ဆောင်ရွက်နိုင်သော အခွင့်အရေးများ ရရှိခဲ့ခြင်းကြောင့် ခရီးစဉ်ပြီးဆုံးပြီးသည့် နောက် မိတ်ဆက်တွေ့ဆုံခဲ့သော I.Schroeder KG. (GmbH&Co) နှင့် ဆက်လက်ချိတ်ဆက်၍ မြန်မာနိုင်ငံမှ အေးခဲသစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ရေထွက်ကုန်များ၊ စည်သွပ်ဘူးများတင်သွင်းလိုခြင်းအတွက် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာကုမ္ပဏီများသို့ ဆက်သွယ်ဆောင်ရွက်ထားပါကြောင်း၊ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပါဝင်ခဲ့သော Mango Puree အတွက် ဟမ်းဘတ်ရှိ I.Schroeder KG. (GmbH&Co) ကုမ္ပဏီရုံးချုပ်သို့ နမူနာပေးပို့ထားပါကြောင်း၊ ဆက်လက်၍ ချိတ်ဆက်ဆောင်ရွက်ရရှိမှုများကို တင်ပြသွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

သီတာဝင်းငွေ၊စီးပွားရေးသံမှူး

ဘာလင်

………………………………………………………………………………………………